# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့၊ (4-8-2015) (၈၂၈၂)


**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# ပြည်သူများ၏လူနေမှုဘဝများ အချိန်တိုအတွင်း မူလအခြေအနေသို့ပြန်လည်ရောက်ရှိနိုင်အောင် အမြန်ဆုံးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃

**မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံဖြစ်ပေါ်နေသည့်ဒေသများအား ကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။**(အောက်ပုံ)

ရှေးဦးစွာ နိုင်ငံတော်သမ္မတက ပုံမှန်မဟုတ်သောမိုးရွာသွန်းမှုနှင့် မုန်တိုင်းဝင်ရောက်ကာ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင် ရေကြီးရေလျှံမှု အများဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း။

သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ပြည်သူများ၏ အသက်အန္တရာယ်ကင်းရှင်းရေးကို ဦးစွာဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်သွားရမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် ပြည်သူများအတွက် ဆေးဝါး၊ အစားအစာ၊ **စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**



- ✳ ပြည်သူများ ကယ်ဆယ်ရေးစခန်းများမှ မိမိတို့နေအိမ်များသို့ ပြန်လည်ရောက်ရှိသည့်အခါတွင်လည်း စိုက်ပျိုးရန်၊ စားသောက်ရန်၊ နေထိုင်ရန်အတွက် ပြန်လည်ဆောင်ရွက်ရမည့် လိုအပ်ချက်များစွာရှိနေ။
- ✳ မိမိတို့အနေဖြင့် လူသားချင်းစာနာထောက်ထားသည့် စိတ်ဓာတ်၊ မိမိနိုင်ငံသားချင်း ရိုင်းပင်းကူညီသည့် မျိုးချစ်စိတ်ဓာတ်၊ တာဝန်သိသည့်စိတ်ဓာတ်တို့ဖြင့် စီမံဆောင်ရွက်ပေးရမည်ဖြစ်။

## ကလေးဒေသ ရေနစ်မြုပ်လယ်များအတွက် မျိုးစပါးများဖြန့်ဝေရန် စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း လတ်တလောဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးထားသည့်လယ်မြေများ ရေနစ်မြုပ်ပျက်စီးခဲ့ရသည်။ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုအရ ယင်းလယ်မြေများ ရေပြန်ကျသွားချိန်တွင် စပါးစိုက်ပျိုးမှုများ ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်ရိက္ခာစပါးများမှ မျိုးစပါးများဖြန့်ဝေပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ရေဘေးသင့်ပြည်သူများ လတ်တလောစားသုံးနိုင်ရန်အတွက် ကလေးဒေသသို့ သင်္ဘော၊ စက်လှေ၊ လေယာဉ်များဖြင့် ဆန်များတင်ပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**


SMART စမတ် ရိုလာ ခြင်ဇကာ

ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်။

သံချေးတက်ခြင်း၊ ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလတ်(စ်) ခြင်ဇကာသား

အလူမီနီယံနှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ခြင်

ရန်ကုန် - 01 450 962, 09 431 44178, 09 79222 8860

မန္တလေး - 09 2506 38611

ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့ မှန်ဒေါက်တာ

ရန်ကုန် 09 4211 51119, 09 4500 54449

မန္တလေး 09 2506 38611, 09 7987 97917

မျက်နှာကျက်

၁၀ ပေပတ်လည် (တစ်ကျင်း) အပြီးအစီး ၇၅၀၀၀ ကျပ် (ပစ္စည်းဖိုး၊ တပ်ဆင်ခ၊ သယ်ယူစရိတ် အားလုံးပါဝင်ပြီး)

အရည်အသွေးကောင်း မျက်နှာကျက်ပြား (2' x 2') T-Bar, L-Bar များကိုသာ သုံး၍တပ်ဆင်ပေးသည်။

Ph: 09 730 20031, 09 730 20032

အတွေးအမြင်

ကြေးမုံစာတည်းရှုထောင့် — ၄-၈-၂၀၁၅၊ အင်္ဂါနေ့

# မှန်မြတ်သောစေတနာဖြင့် ကူညီ

ဘေးဒုက္ခများ ကျယ်ပြန့်စွာကြုံတွေ့ရသောအခါ အားလုံးအတွက် ကူညီကယ်ဆယ်မှုများ ချက်ချင်းရရှိနိုင်ရန်မှာ လွယ်ကူသည့်အလုပ်မဟုတ်ချေ။ သတ်မှတ်ထားသော ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိမှသာလျှင် ဖေးမကူညီစောင့်ရှောက်မှုများ အတိုင်းအတာအနည်းအများအလိုက် လွှမ်းခြုံရရှိနိုင်မည်ဖြစ်သည်။

ဘေးဒုက္ခရောက်နေသူများအဖို့ လက်ငင်းကြုံတွေ့နေရချိန်မှာ အလွန်အရေးကြီးသည့်ကာလဖြစ်သည်။ ထိုအချိန်ကာလများတွင် အတွေ့အကြုံများအရ မိမိအသက်ရှင်ရပ်တည်နိုင်ရေးအတွက် မိမိကိုယ်တိုင် ရုန်းကန်လှုပ်ရှားရသလို ကံကောင်းထောက်မလျှင်လည်း ဒုက္ခကြုံနေသူအချင်းချင်း အခြေအနေပိုမိုကောင်းသော အခြားဒုက္ခရောက်သူက စေတနာ၊ မေတ္တာထား၍ မိမိအသက်ကို ပဓာနမထားဘဲ ရိုင်းပင်းကူညီ ကယ်ဆယ်စောင့်ရှောက်ကြသည်ကို တွေ့ရတတ်ပါသည်။

ဤသည်တို့မှာ မြန်မာတို့၏ ရိုင်းပင်းကူညီတတ်သော၊ စာနာထောက်ထားတတ်သော မေတ္တာ၊ စေတနာများပင် ဖြစ်ပါသည်။ မိမိအကျိုးကို မငဲ့ကွက်ဘဲ တစ်ပါးသူတစ်ယောက် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ကူညီကယ်ဆယ်ခြင်းသည် မှန်မြတ်ခြင်းဟုဆိုနိုင်သလို စွန့်လွှတ်စွန့်စားနိုင်သူဟုလည်း ဆိုရမည်ဖြစ်သည်။ ဤဖြစ်စဉ်မျိုးကို ယခုကဲ့သို့ ဘေးဒုက္ခကြုံတွေ့နေချိန်တွင် မြင်တွေ့နိုင်ပါသည်။

မှတ်တမ်းမဝင်သော လူမသိသူမသိရှားပါးလှသည့် သူတစ်ပါးအသက်ကို ကယ်ဆယ်လိုက်ကြသော မွန်မြတ်သည့် သားကောင်းရတနာများမှာ ယခုကာလတွင် နေရာဒေသအလိုက် အမြောက်အမြားရှိမည်ဖြစ်သည်။ ထိုသူတို့အား သိရှိသမျှမှန်းဆ၍ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ လောကသဘာဝအရ အများသူငါဒုက္ခရောက်နေချိန်တွင် မလျော်ကန်သောသူများလည်း ရှိပေလိမ့်မည်။

ဘေးဒုက္ခရောက်စဉ် ကိုယ်လွတ်ရုန်းနေရသောအချိန်တွင် ရိုင်းပင်းကူညီရမည့်အစား မိမိကိုယ်ကျိုးကိုသာ ကြည့်တတ်သူများ၊ မတော်လောဘစိတ်ထားသူများ အနည်းအပါးရှိနိုင်ပါသည်။ ပြည်သူပြည်သားအများစုမှာ သန်းပေါင်းများစွာရှိပြီး ဒုက္ခရောက်သူလူနည်းစုကို ဖေးမကူညီစောင့်ရှောက်လိုကြသူများ ဖြစ်ပါသည်။ လက်တွေ့တွင်လည်း ဒုက္ခရောက်သူများအား နိုင်ငံတစ်ဝန်းလုံး ဝိုင်းဝန်းကူညီဖေးမပေးနေကြပါသည်။

ဤသည်မှာ ဘေးအန္တရာယ်ကြုံတွေ့ပြီးနောက် မေတ္တာရှေ့ထားဆောင်ရွက်ပေးနေသော ကိစ္စရပ်များ ဖြစ်ပါသည်။ အရေးကြီးသည်မှာ ဘေးဒုက္ခကြုံတွေ့နေသော အချိန်ဖြစ်ပါသည်။ ဖြစ်ပွားလျှင် ဖြစ်ပွားချင်း အချို့က အလျင်အမြန်သွားရောက်ကယ်ဆယ်ခဲ့ကြသလို အချို့အနေဖြင့်လည်း မသိလိုက်မသိဘာသာနေကြသူများ၊ နှောင့်နှေးကြန့်ကြာနှေးကွေးနေသူများ၊ မလျော်မကန် ဆောင်ရွက်သူများလည်း ရှိပေလိမ့်မည်။ ယင်းမှာ အားနည်းချက်၊ မှားယွင်းချက်ဖြစ်သည်။ သတိမူရမည့်အချက်များလည်း ဖြစ်သည်။

မိမိတို့နိုင်ငံသည် ချမ်းသာသောနိုင်ငံမဟုတ်၍ ဘေးဒုက္ခကြုံတွေ့နေရချိန်တွင် အရေးပေါ်ကယ်ဆယ်မှုများ လိုအပ်နေဆဲဖြစ်သည်။ အစိုးရ၏ အဓိကကျသော အဖွဲ့အစည်းများမှသာ အရေးပေါ်ကယ်ဆယ်မှု ပြုနိုင်ပေသည်။ လက်ရှိတွင် တပ်မတော်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ စသည့်အစိုးရအဖွဲ့အစည်းများက ဖြစ်ပွားလျှင်ဖြစ်ပွားချင်း ကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ပေးနေသည်ကို တွေ့ရပါသည်။

သို့သော် ကျယ်ပြန့်လှသည့် ဘေးအန္တရာယ်များအတွက် အားလုံးကို လွှမ်းခြုံကယ်ဆယ်ပေးနိုင်ရန်မှာ လွယ်ကူသောအလုပ်မဟုတ်ပါ။ ထိုအခါတွင် ဘေးဒုက္ခရောက်သူအချင်းချင်း ဖေးမကယ်တင်စောင့်ရှောက်ပေးလေ့ရှိပါသည်။ ယခုရေဘေးကြုံတွေ့နေရစဉ်တွင် ချက်ချင်းလိုအပ်နေသောအရာမှာ အသက်ကယ်ပစ္စည်းနှင့် လှေများဖြစ်သည်။ ထိုလိုအပ်ချက်များကို ရေဘေးကြုံတွေ့သူပြည်သူများက သူ့နည်းသူ့ဟန်ဖြင့် အရေးပေါ်လှေများ ဖန်တီး၍ အသက်ဘေးမှလွတ်မြောက်အောင် ဆောင်ရွက်ခဲ့ကြသည်မှာ ချီးကျူးဖွယ်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်များ ကျရောက်သောအခါ ဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီးချိန်တွင် အသက်ရှင်သန်ရပ်တည်နိုင်ရေးမှာ အရေးကြီးပါသည်။ ယင်းအနက် ဖြစ်ပွားချိန်သည် အထူးအရေးကြီးပါသည်။ ထို့ကြောင့် ဖြစ်ပွားနေသောအချိန်ကာလတွင် ရေဘေးသင့်ပြည်သူများအား မွန်မြတ်သောစေတနာဖြင့် အလျင်အမြန် ကယ်တင်စောင့်ရှောက်ခြင်းဖြင့် ကောင်းသောအမှုကို ပွားတိုးရွက်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## မန္တလေးပန်းချီဆရာများ ပန်းချီရေးဆွဲရောင်းချကာ ရေဘေးသင့်ပြည်သူများအား လှူဒါန်းမည်

မန္တလေး သြဂုတ် ၃

ရေကြီးရေလျှံသည့် ဒေသများသို့ အကူအညီပေးရန်အတွက် မန္တလေးပန်းချီဆရာများက ကုသိုလ်ပြုပန်းချီလက်တွေ့ ရေးဆွဲရောင်းချပွဲကို ယနေ့ နံနက် ၉ နာရီမှ စတင်ကာ မန္တလေးမြို့ (၂၆)လမ်း၊ (၆၆)လမ်းနှင့် (၆၈)လမ်းကြား ကျုံးဘေးလမ်းမတစ်လျှောက်တွင် ပြုလုပ်သည်။

လက်တွေ့ပန်းချီရေးဆွဲ ကုသိုလ်ပြုပွဲကို သြဂုတ် ၅ ရက် ညနေပိုင်းအထိ သုံးရက်တိုင်တိုင် ရေးဆွဲကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ ရေဆေးပန်းချီအသင်းကဦးဆောင်ကာ မန္တလေး၊ ပြင်ဦးလွင်၊ ရန်ကုန်၊ ပုဂံတို့မှ ပန်းချီဆရာများစုပေါင်းရေးဆွဲ ကုသိုလ်ပြုနေကြခြင်း ဖြစ်သည်။



"ကျွန်တော်တို့ ပန်းချီပညာရှင်တွေလည်း တတ်အားသမျှပညာနဲ့ ရေဘေးအတွက် ရန်ပုံငွေရှာနေပါတယ်။ ကျုံးထောင့်မှာထိုင်ရေးပြီး တစ်ချပ် ငွေကျပ် ၅၀၀၀ နဲ့ ရောင်းပေးနေပါတယ်။ ရောင်းချရသမျှငွေအားလုံးကို ရေဘေးသင့်ပြည်သူတွေအတွက် လှူပါမယ်"ဟု ပန်းချီဆရာကြီး ဦးမာလာက ပြောသည်။

ပန်းချီဆရာများသည် ပန်းချီပညာဖြင့် ရေဘေးသင့်ပြည်သူများအား ကူညီရန်အတွက်ရည်ရွယ်ကာ မိမိဆေး၊ မိမိစက္ကူဖြင့် ရေးဆွဲကြခြင်းဖြစ်ပြီး တစ်ချပ်လျှင် ငွေကျပ် ၅၀၀၀ သတ်မှတ်ထားသော်လည်း အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် သီးသန့်အလှူငွေများကိုလည်း ထည့်ဝင်ကုသိုလ်ပြုကြကြောင်း သိရသည်။

"တကယ်တော့ ပန်းချီကားရေးဆွဲရောင်းချတာမဟုတ်ပါဘူး။ ကျွန်တော်တို့နဲ့အတူ ရေဘေးအတွက် လှူဒါန်းတဲ့သူတွေကို ကျေးဇူးတင်တဲ့အနေနဲ့ ပန်းချီကားရေးပြီး လက်ဆောင်ပေးတာဖြစ်ပါတယ်"ဟု ပန်းချီဆရာကြီး ဦးခင်မောင်စန်းက ပြောသည်။

အဆိုပါ ပန်းချီလက်တွေ့ရေးဆွဲရောင်းချပွဲကို မန္တလေးကျုံးဘေးတွင် သုံးရက်တာ ပြုလုပ်ပြီးနောက် ဈေးချိုဘူတာကြီး၊ ဒိုင်းမွန်းပလာဇာ၊ မင်္ဂလာမန္တလေးနှင့် မန္တလေးမြို့ရှိ လူစည်ကားရာ နေရာများတွင် ဆက်လက်ရေးဆွဲ ကုသိုလ်ပြုကြဦးမည်ဟု သိရသည်။ (၀၀၂)




# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း
သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု
ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ
အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင်
ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင်
အတိအလင်းပြဋ္ဌာန်းထားပါသည်။


## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် သြဂုတ် ၃

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၂၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၂၇-၇-၂၀၁၅ ရက်နေ့မှ ၃၀-၇-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၆၅ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၆၆ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၂၀၀၀၀ | - | ၇၂၀၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၂၀၀၀၀ | - | ၇၂၀၀၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၃၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၅၅. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၈. ၈၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၂၀၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၂၂. ၉၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၂၉၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၉၅. ၂၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၅. ၇၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၀၁. ၇၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၉၉. ၀၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း


ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၄)ဖွဲ့မှ ခေါင်းဆောင်များအား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ တောင်သူပညာပေး ဧက(၅၀၀) စံပြစိုက်ခင်းအတွင်းရှိ အဆင့်မြင့် သစ်သီးဝလံအအေးခန်းနှင့် ထုပ်ပိုးစက်ရုံ၌ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၄)ဖွဲ့မှ တိုင်းရင်းသားခေါင်းဆောင်များအား တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဦးအုန်းမြင့်၊ ဦးရဲထွန်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးနှင့်အဖွဲ့ဝင်များ၊ KNU/KNLA (ငြိမ်းချမ်းရေးကောင်စီ)မှ စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်စောရင်နုနှင့် အဖွဲ့ဝင်များ၊ DKBA မှ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်စောမိုးရှေးနှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)မှ ဗိုလ်မှူးကြီးစိုင်းလနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ရွေးကောက်ပွဲမတိုင်မီ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA)လက်မှတ်ရေးထိုးပွဲ ကျင်းပနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရေဘေးသင့်မိသားစုများအား တွေ့ဆုံအားပေး

**နေပြည်တော် ဩဂုတ် ၃**

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဩဂုတ် ၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် ချင်းပြည်နယ် ဟားခါးမြို့ရှိ သဘာဝဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးပြီး ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မင်းနောင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက ရဟတ်ယာဉ်ဖြင့် ကျီကုန်းတပ်နယ်သို့ ရောက်ရှိပြီး နယ်မြေခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ ကျီကုန်းတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊မိသားစုဝင်များအား တွေ့ဆုံသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကျီကုန်းတပ်နယ်အတွင်းရှိ ရေနစ်မြုပ်နေသည့် တပ်ရင်း၊ တပ်ဖွဲ့များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်မိသားစုများနှင့် တွေ့ဆုံအားပေးစကားပြောကြား၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။ **(မြဝတီ)**





# လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၂ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၃၁ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀၈ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း၄ဦးတို့ တင်သွင်းခဲ့ပါသည်။ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၀၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၅ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ၅၆၄ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်း ၄၀ စုစုပေါင်း ၁၀၆၇ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၃၉ ပါတီနှင့် တစ်သီးပုဂ္ဂလ ၄၄ ဦးတို့မှ အမည်စာရင်း တင်သွင်းခဲ့ကြကြောင်းသိရှိရသည်။ အမည်စာရင်းတင်သွင်းမှုအသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **ရှေ့ဖုံးမှ**

အဝတ်အထည်၊ စောင် စသည့်အခြေခံအသုံးအဆောင်ပစ္စည်းများအထိ ကူညီထောက်ပံ့ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူများတွင် လိုအပ်ချက်များစွာရှိနေနိုင်ပြီး ထိုလိုအပ်ချက်များကို အမြန်ဆုံး ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း။

ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသည့် စာသင်ကျောင်း၊ အဆောက်အအုံများ၊ ကျောင်းသားကျောင်းသူများအတွက် ပြဋ္ဌာန်းစာအုပ်များ ပြန်လည်ကာ ပြင်ဆင်ဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးနှင့်ပတ်သက်၍လည်း လိုအပ်သောစောင့်ရှောက်မှုများကို လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူများ၏ ဆုံးရှုံးသွားသော မိုးစပါးများ၊ ကျွဲနွားများ စသည့် ပျက်စီးဆုံးရှုံးမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာရင်းရယူပြီး အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ထို့ပြင် ပြည်သူများသည် ကယ်ဆယ်ရေးစခန်းများမှ မိမိတို့ နေအိမ်များသို့ ပြန်လည်ရောက်ရှိသည့်အခါတွင်လည်း စိုက်ပျိုးရန်၊ စားသောက်ရန်၊ နေထိုင်ရန်အတွက် ပြန်လည်ဆောင်ရွက်ရမည့် လိုအပ်ချက်များစွာရှိနေပါကြောင်း၊ မိမိတို့အနေဖြင့် လူသားချင်းစာနာထောက်ထားသည့် စိတ်ဓာတ်၊ မိမိနိုင်ငံသားချင်းရိုင်းပင်းကူညီသည့် မျိုးချစ်စိတ်ဓာတ်၊ တာဝန်သိသည့် စိတ်ဓာတ်တို့ဖြင့် စီမံဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝများကို အချိန်တိုအတွင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်အောင် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးညဏ်ထွန်းက အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအောက်ရှိ ဆပ်ကော်မတီများက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပေါင်းစပ်ကာ ရေဘေးသင့်ဒေသများ မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ကူညီကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ထပ်မံဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်စောင့်ရှောက်ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များနှင့် စီမံဆောင်ရွက်မည့် ကိစ္စရပ်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံအတွင်း ရေကြီး၊ ရေလျှံဖြစ်ပေါ်နေသည့် ဒေသများအား ကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှာကြားသည်။

**(သတင်းစဉ်)**



## ကတ်ရှ်မီးယားဒေသတွင် အိန္ဒိယနှင့် ပါကစ္စတန်တို့ အပြန်အလှန်ပစ်ခတ်

**ကတ်ရှ်မီးယား ဩဂုတ် ၃**

အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့သည် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ထပ်မံချိုးဖောက်ကာ ကတ်ရှ်မီးယားဒေသနယ်ခြားမျဉ်းတွင် အပြန်အလှန်ပစ်ခတ်မှုများ ယနေ့ဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများကဆိုသည်။

အိန္ဒိယထိန်းချုပ်ထားသည့် ကတ်ရှ်မီးယားဒေသရှိ ဆရီနာဂါမြို့တောင်ဘက် ဂျမူး၊ ရာဂျိုရီနှင့် ပိုးနစ်ချ်ခရိုင်များတွင် နှစ်နိုင်ငံအပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့သည်။

အိန္ဒိယတပ်ဖွဲ့အနေဖြင့် ပါကစ္စတန်ဘက်မှ ပစ်ခတ်မှုများကို ပြန်လည်လက်တုံ့ပြန်ခဲ့ကြောင်းနှင့် နှစ်နိုင်ငံတပ်ဖွဲ့များ ညသန်းခေါင်အချိန်ထိ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်ခဲ့ကြသည်ဟု အောအိန္ဒိယရေဒီယိုက ထုတ်လွှင့်ခဲ့သည်။ အဆိုပါပစ်ခတ်မှုကြောင့် အိန္ဒိယတပ်ဖွဲ့မှ ထိခိုက်ဒဏ်ရာရရှိသူ ယခုအချိန်ထိ မရှိသေးကြောင်း ဆက်လက်ပြောကြားသည်။

အလားတူ ဩဂုတ် ၁ ရက်တွင် အိန္ဒိယနိုင်ငံ ဂျမူးခရိုင် အန်ကာနိုဒေသ၏ နိုင်ငံတကာ နယ်စပ်မျဉ်းပေါ်တွင် နှစ်နိုင်ငံတပ်ဖွဲ့များ ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ အိန္ဒိယနှင့် ပါကစ္စတန်တို့သည် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ချိုးဖောက်ပြီး ရန်စပစ်ခတ်ခဲ့သည်ဟု တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် စွပ်စွဲပြစ်တင်နေကြသည်။ ဇူလိုင်လအတွင်း နှစ်နိုင်ငံ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ၁၈ ကြိမ် ချိုးဖောက်ခဲ့ပြီး လူ ၁၄ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ **ဆင်ဟွာ။**

## အာရှတိုက်၏ အကြီးဆုံးသော ကြိုးတံတား တရုတ်နိုင်ငံ ယူနန်ပြည်နယ်၌ တည်ဆောက်

**ပေကျင်း ဩဂုတ် ၃**

အာရှတိုက်၏ အကြီးဆုံးသော ကြိုးတံတားတစ်စင်းကို တရုတ်နိုင်ငံ အနောက်တောင်ဘက်၌ စတင်တည်ဆောက်လျက်ရှိကြောင်း နိုင်ငံပိုင်ပြည်သူ့နေ့စဉ် သတင်းစာကို ကိုးကားလျက် ပီတီအိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ လျောင်ကျန်းမြစ်ကို ဖြတ်သန်းသည့် အဆိုပါကြိုးတံတားသည် မီတာ ၂၄၇၀ အရှည်ရှိမည်ဖြစ်ပြီး အာရှဒေသ၌ အကြီးဆုံးသော ကြိုးတံတားတစ်စင်းအဖြစ် ပေါ်ထွက်လာမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

လာမည့်နှစ်ဇွန်လတွင် ယင်းကြိုးတံတားကို ဖွင့်လှစ်ရန် မျှော်မှန်းသည်။

တောင်နှစ်လုံးအကြား တံတားကို တည်ဆောက်လျက်ရှိပြီး အသစ်ပေါ်ထွန်းလာမည့်တံတားသည် ဘောင်ရှန်းနှင့် ထန်ချွန်းအမည်ရှိ မြို့ကြီးနှစ်မြို့ကို ဆက်သွယ်ပေးနိုင်မည်ဖြစ်သည်။ တံတားတည်ဆောက်ရေးစီမံကိန်းအတွက် ယွမ်ငွေ ၁ ဒသမ ၄၇ ဘီလီယံ ကျခံသုံးစွဲရမည်ဟု ခန့်မှန်းထားသည်။ **ပီတီအိုင်။**



## စစ်သွေးကြွများ သိမ်းယူထားသောမြို့မှ ဈေးတစ်ဈေးပေါ်သို့ ဆီးရီးယားဂျက်တိုက်လေယာဉ်ပျက်ကျ

**ဒမတ်စကတ် ဩဂုတ် ၃**

ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းရှိ စစ်သွေးကြွများလက်တွင်း ကျရောက်နေသည့် အာရီဟာမြို့တွင် ဩဂုတ် ၃ ရက်က လူစည်ကားသည့် ဈေးတစ်ဈေးပေါ်သို့ ကြည်းတပ်မှ ဂျက်တိုက်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လူ ၂၇ ဦးထက်မနည်းသေဆုံးပြီး ဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဒေသခံများနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သေဆုံးသူအများစုမှာ မြေပြင်ပေါ်ရှိအရပ်သူအရပ်သားများ ဖြစ်ကြသည်။ အာရီဟာမြို့မှာ အိဒ်လစ်ဘ်ပြည်နယ်တွင်းရှိ မြို့ငယ်တစ်မြို့ဖြစ်ပြီး စစ်သွေးကြွအုပ်စုများပါဝင်သော ညွန့်ပေါင်းအဖွဲ့က ယခုနှစ်မေလအတွင်း ယင်းမြို့ကို သိမ်းပိုက်ခဲ့ကြောင်း လန်ဒန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ပြောကြားသည်။

စောင့်ကြည့်လေ့လာသူများနှင့် မျက်မြင်တွေ့ရှိသူများက ထိခိုက်ဒဏ်ရာရသူ အများအပြားရှိသည်ဟု ဆိုသော်လည်း ဆီးရီးယားစစ်ဘက်ကမူ အတိအကျပြောကြားခြင်း မရှိပေ။

ဆီးရီးယားစစ်လေယာဉ်သည် ယနေ့နံနက် အစောပိုင်းတွင် အဆိုပါမြို့၏ အချက်အချာကျသည့် စီးပွားရေးရပ်ကွက်လမ်းမပေါ်သို့ ဗုံးတစ်လုံး ကြဲချခဲ့ကြောင်း၊ ထိုအချိန်တွင် ဆိုင်ပိုင်ရှင်များက ဆိုင်များကိုဖွင့်လှစ်နေချိန်ဖြစ်ပြီး ဈေး၏အလယ်အပေါ်သို့ အဆိုပါလေယာဉ် ပျက်ကျခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်သည့်အဖွဲ့ကမူ အဆိုပါဂျက်လေယာဉ် ပစ်ချခံရ၍ ပျက်ကျရခြင်းမဟုတ်ဟု ပြောကြားသည်။ **ရိုက်တာ။**

## ကာမရာဂလှုံ့ဆော်စေနိုင်သော ဝက်ဘ်ဆိုက်များ ပိတ်သိမ်းရန် အိန္ဒိယအစိုးရအဖွဲ့ ညွှန်ကြား

**နယူးဒေလီ ဩဂုတ် ၃**

အိန္ဒိယအစိုးရအဖွဲ့သည် ပြည်သူများအတွင်းလူမှုရေးပြဿနာတစ်ရပ်ဖြစ်ပွားလာခြင်းမှ တားဆီးကာကွယ်နိုင်ရန် ရည်ရွယ်လျက် အင်တာနက်ရှိ ကာမရာဂစိတ် ဖြစ်စေနိုင်သော ဝက်ဘ်ဆိုက်များကို ပိတ်ပင်လိုက်ကြောင်း တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၃ ရက်တွင် ပြောကြားသည်။

အင်တာနက်ရှိ ညစ်ညမ်းဝက်ဘ်ဆိုက် ၈၅၇ ခုကို ပိတ်ရန် အစိုးရအဖွဲ့က အင်တာနက်ဝန်ဆောင်လုပ်ငန်းကုမ္ပဏီများကို ညွှန်ကြားလိုက်ကြောင်း ဆက်သွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အင်တာနက်၌ ကာမရာဂနှိုးဆွစေနိုင်သော ဗီဒီယို၊ ရုပ်ပုံ၊ စာသားဖော်ပြချက်စသည်တို့ကို တင်ခြင်းသည် ပြည်သူများအတွက် လူမှုရေးအဆိပ်အတောက်သဖွယ် ဖြစ်လာနိုင်ခြင်းကြောင့် ယင်းဝက်ဘ်ဆိုက်များကို ပိတ်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ညစ်ညမ်း ဝက်ဘ်ဆိုက်များကို ဖြိုခွင်းရန် အစိုးရ၏ ညွှန်ကြားလွှာမှာ ဇူလိုင် ၃၁ ရက်တွင် ပေါ်ထွက်လာခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ယင်းသို့ ညွှန်ကြားခဲ့သည်ကို လူ့အခွင့်အရေးလှုပ်ရှားသူများက သိရှိခဲ့ရပြီးနောက် အစိုးရအား ဝေဖန်မှုများ ပေါ်ထွက်လာသည်။ ကမ္ဘာပေါ်ရှိ ဒီမိုကရေစီကျင့်သုံးသော နိုင်ငံများအနက် လူဦးရေ အများဆုံး နေထိုင်ရာ အိန္ဒိယနိုင်ငံ၌ အစိုးရက ဆင်ဆာပြုလုပ်စေခြင်းသည် လွတ်လပ်စွာပြောဆိုခွင့်ကို ထိခိုက်စေကြောင်း လူ့အခွင့်အရေးလှုပ်ရှားသူများက ပြောကြားကြသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံပြီးလျှင် အင်တာနက် အသုံးပြုသူဦးရေ အများဆုံးနိုင်ငံဖြစ်ပြီး ဆိုရှယ်မီဒီယာနှင့်စမတ်ဖုန်းများ သုံးစွဲမှုတိုးပွားလာခဲ့သည်။ **ရိုက်တာ။**



## ဘိုကိုဟာရမ်စခန်းမှ ဓားစာခံ ၁၇၈ ဦးကို နိုင်ဂျီးရီးယားစစ်ဘက်က ကယ်တင်

**အဘူဂျာ ဩဂုတ် ၃**

နိုင်ဂျီးရီးယားတပ်ဖွဲ့၏ နိုင်ငံအနောက်မြောက်ပိုင်း ဘော်နိုပြည်နယ် စစ်ဆင်ရေးတွင် ဘိုကိုဟာရမ်စစ်သွေးကြွများ ဖမ်းဆီးထိန်းသိမ်းထားသည့် ဓားစာခံ ၁၇၈ ဦးကို လွတ်မြောက်အောင် ကယ်တင်နိုင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၃ ရက်တွင် ပြောကြားသည်။

အဆိုပါစစ်ဆင်ရေးတွင် ကလေးငယ် စုစုပေါင်း ၁၀၁ ဦး၊ အမျိုးသမီး ၆၇ ဦးနှင့် အမျိုးသား ၁၀ ဦးကို နိုင်ဂျီးရီးယားတပ်ဖွဲ့က ကယ်တင်နိုင်ခဲ့ကြောင်းနှင့် ယင်းဒေသရှိ ဘိုကိုဟာရမ်အခြေစိုက်စခန်းများကို အရှိန်မြှင့်တိုက်ခိုက်လျက်ရှိကြောင်း နိုင်ဂျီးရီးယားတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး တူကာ ဂူဆာယူက ပြောကြားသည်။

ဘိုကိုဟာရမ်စခန်းသုံးခုကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည့် စစ်ဆင်ရေးများတွင် ဓားစာခံများ လွတ်မြောက်ပြီး မော်တော်ဆိုင်ကယ်ငါးစီးကို တပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသော်လည်း စစ်ဆင်ရေးပြုလုပ်သည့်အချိန်ကို ဖော်ပြထားခြင်းမရှိပေ။

နိုင်ဂျီးရီးယားနိုင်ငံသည် မေလကတည်းက ဘိုကိုဟာရမ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။ **ဆင်ဟွာ။**

❐ ကျောဖုံးမှ

အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲများ၌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် အမှတ်(၈)နှင့် အမှတ်(၉) အခြေခံပညာအလယ်တန်းကျောင်းများသည် အခြေခံပညာအလယ်တန်းအဆင့်မှ တိုးမြှင့်ထားသည့် ကျောင်းသစ်များဖြစ်၍ လိုအပ်ချက်များ ရှိမည်ဖြစ်ရာ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့များက အတတ်နိုင်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ပညာရေးအဆင့်အတန်းမြင့်မားပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ပညာအရည်အသွေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများကိုယ်တိုင် ပညာအရည်အသွေးမြင့်မားအောင် အမြဲမပြတ်ဖြည့်ဆည်းလျက် ကျောင်းသား ကျောင်းသူများကို ပညာအရည်အသွေး ပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် လူတော်လူကောင်းများဖြစ်အောင် စေတနာအပြည့်ဖြင့် လေ့ကျင့်သင်ကြားပေးရန် အထူးလိုအပ်ပါကြောင်း။

မိမိတို့ကျောင်းများ၏ရရှိပြီးသော အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းပြီး အနာဂတ်တွင် အရေအတွက်နှင့် အရည်အသွေးပိုင်းတွင် ပိုမိုတိုးတက်အောင် တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတက ကျောင်းနှင့်ပညာရေးဖွံ့ဖြိုးတိုးတက်ရေး အတွက်အသုံးပြုရန် တစ်ကျောင်းလျှင် အလှူငွေကျပ်သိန်း ၅၀ စီကို သက်ဆိုင်ရာ ကျောင်းအကျိုးတော်ဆောင်များထံ ပေးအပ်လှူဒါန်းသည်။**(ယာပုံ)**

တွေ့ဆုံပွဲများအပြီးတွင် ဒုတိယသမ္မတသည် မိဘဆရာအသင်းအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ၎င်းတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့သည်။

**(သတင်းစဉ်)**



# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆည်နှင့်ကန်များ စိုးရိမ်ဖွယ်ရာမရှိကြောင်း သက်ဆိုင်ရာက ယနေ့ရှင်းလင်း

သတင်း - ဥမ္မာသန့်
ဓာတ်ပုံ - ဇော်မင်းလတ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုးရိမ်ရေမှတ်ကျော်သည့် ဆည်များ မရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်းက ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး အတွင်းရှိ ဆည်များ၏ လက်ရှိအနေအထားနှင့် စပ်လျဉ်း၍ မီဒီယာအဖွဲ့များအား တွေ့ဆုံ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"ပြည်သူတွေ စိတ်အေးချမ်းသာဖြစ်စေချင်တယ်။ ဘာမှစိုးရိမ်စရာ မရှိပါဘူး။ အခုဟာက ထူးကဲဒီရေကြောင့် ရေကြီးတဲ့အခြေအနေပါ။ ဒါကလည်း လှည်းကူး၊ မှော်ဘီဘက်တို့ဆိုရင်လည်း ပုံမှန်ရေကြီးတဲ့ အခြေအနေဖြစ်ပါတယ်။ ပြည်သူတွေ အသက်အိုးအိမ် စိုးရိမ်စရာမရှိပါဘူး"ဟု ၎င်းက ဆိုသည်။

"တိုင်းဒေသကြီးမှာ စိုးရိမ်ရတဲ့ အခြေအနေကတော့ တိုက်ကြီးမြို့နယ် အဖျောက်မြို့ကတော့ စိုးရိမ်ရပါတယ်။ မူလ တာပေါင်းနဲ့ တာသစ်ကြားထဲမှာ အိမ်ထောင်စုပေါင်း ၁၅၀၀၊ လူဦးရေ ၁၀၀၀၀ လောက်ရှိတယ်။ မူလတာပေါင်းနဲ့ တာသစ်ကြားကို ရွှေ့စေချင်တယ်။ သူတို့ရဲ့အသက်အိုးအိမ်စည်းစိမ်အတွက်ပါ။ သူတို့ကလည်း မရွှေ့ချင်ကြဘူး။ အဆောက်အအုံတွေကလည်း အခိုင်အမာဖြစ်တော့ နှမြောတာပါ။ မရွှေ့ချင်ကြတော့ မူလတာပေါင်းကို ဘယ်လိုကာကွယ်မလဲ၊ အဲဒါကို တပ်မတော်စစ်သည်အင်အား ၄၀၀ ဇူလိုင် ၂၉ ရက် ကတည်းက ရောက်နေပါပြီ။ အခြေအနေကို သတိထားပြီး ထိန်းနေပါတယ်။ အခုတော့ ထိန်းနိုင်တဲ့အခြေအနေရှိတယ်။ နောက်ပြီး စနေနေ့ကလည်း ဆည်မြောင်းကနေ သဲအိတ် ၁၀၀၀၀ ကို တပ်မတော်စစ်သည်အင်အား ၄၀၀၊ ပြည်သူ့အင်အား ၆၀၀ နဲ့ချထားတဲ့အတွက် တာကြီးကို ထိန်းနိုင်ခဲ့တယ်။ အခု သဲအိတ် ၃၀၀၀၀ အဖျောက်ကို ထပ်ပို့နေပါတယ်။ မစိုးရိမ်ရဘူး။ အခုအခြေအနေအထိ အဆင်ပြေပါတယ်။ အားလုံး အသင့်အနေအထား ထားပါတယ်။ တပ်ကော၊ လူအင်အားရော ဆောင်ရွက်လျက်ရှိပါတယ်။ ထိန်းနိုင်ခဲ့ပါတယ်။ လှည်းကူးတို့၊ မှော်ဘီတို့က ပုံမှန်ရေကြီးမှုပါ။ ဆည်တွေကန်တွေကြောင့် စိုးရိမ်စရာမရှိဘူး။ ထူးကဲဒီရေကြောင့်သာ တိုင်းဒေသကြီးမှာ စိုးရိမ်ရတာ ဖြစ်တာပါ"ဟု ၎င်းက ပြောသည်။

ဆည်မြောင်းဦးစီးဌာန လ/ထ ညွှန်ကြားရေးမှူး ဦးကံချွန်က "တိုင်းဒေသကြီးအတွင်းမှာ ငမိုးရိပ်ဆည် ပါပါတယ်။ငမိုးရိပ်ဆည်ရဲ့ အထက်မှာ မဟူရာဆည်ပါပါတယ်။ ပေါင်းလင်းဆည် နှစ်ခုရှိပါတယ်။ ဆည်သုံးတွဲပေါင်းထားတဲ့အတွဲတစ်တွဲပါ။ ညောင်နှစ်ပင်ရဲ့အထက်မှာ ကလီထောဆည်ရှိပါတယ်။ ညောင်နှစ်ပင်ဆည်က နွေရာသီမှာ ရေပေးတဲ့ဆည်ဖြစ်ပါတယ်။ လှည်းကူးတစ်ဖက် ပဲခူးမြစ်ဘက်မှာ ပဲခူးတိုင်းဒေသကြီးနဲ့နီးတဲ့နေရာမှာ လကွန်းပြင်ဆည်ဆိုပြီး ဆည်စုစုပေါင်း ငါးခု ရှိပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

"အခု ငမိုးရိပ်ဆည်မှာ ရေလွှတ်ချလို့ ရန်ကုန် ဧရိယာထဲမှာ ရေကြီးမယ်ဆိုပြီး ပြည်သူတွေစိုးရိမ်ပူပန်မှုတွေရှိလာတယ်။ တကယ်ကျတော့ ငမိုးရိပ်ဆည်က ရေသိုလှောင်မှု ပမာဏကို ပြည့်မီခြင်းမရှိသေးပါဘူး။ အခုထိလည်း ဆည်ကနေပြီး အောက်ကိုဆင်းလာတာ မရှိပါဘူး။ ဆည်က ဒီနေ့အထိ ရေလှောင်ပမာဏက ၁၇၇၀၀၀ ရှိပါတယ်။ ရေအမှတ်အနေနဲ့ဆိုရင် ၁၀၆ ဒသမ ၇ ရှိပါတယ်။ ဒီနေ့မွန်းတည့် ၁၂ နာရီအထိပါ။ ရန်ကုန်မြို့နဲ့ ငမိုးရိပ်ဆည်က စုစုပေါင်း မိုင် ၄၀ ကျော် ရှိပါတယ်။မိုင် ၄၀ လောက်ကြားထဲမှာ ပြီးခဲ့တဲ့ ၂၅ ရက်ကနေ ၃၁ ရက်အတွင်း မိုးရေချိန်က ၁၈ ဒသမ ၆ လက်မ ရွာသွန်းသွားပါတယ်။ အဲဒီ အချိန်ကလည်း ဝါဆိုလပြည့် ထူးကဲ ဒီရေနဲ့သွားပြီး ဆုံတဲ့အချိန် ဖြစ်ပါတယ်။ ထူးကဲ ဒီရေဖြစ်လို့ ရေတက်လာတဲ့အခါ အပေါ်က ဆင်းမယ့်ရေကိုတွန်းထားသလိုဖြစ်တယ်။ ဒါပေမယ့် မစီးဘူးလားဆိုတော့ စီးတယ်။ ချောင်းရဲ့အားရှိသလောက် မစီးနိုင်ဘူး။ ရေကျချိန်မှာတော့ အပေါ်ရေကို နုတ်သွားပါတယ်။ ရေတက်ချိန်ကျတော့ အပေါ်ရေကို ပြန်တွန်းတယ်။ တစ်ရက်မှာ ရေကျတာ၊ ရေတက်တာ နှစ်ကြိမ်ရှိပါတယ်။ မိုးကလည်း များတယ်။ အပေါ်က ချောင်းအတိုင်းစီးဖို့ ချောင်းရဲ့ Section မလုံလောက်တဲ့အတွက် အပေါ်မှာရေကြီးတာဖြစ်ပါတယ်။ အခု ငမိုးရိပ်ချောင်းတစ်လျှောက်မှာရှိတဲ့ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ ဒဂုံမြို့သစ်၊ သဃ်န်းကျွန်း စတဲ့မြို့နယ်တွေမှာ အောက်ပိုင်းရောက်ရင် ဒီရေရဲ့ သဘောက မြန်ပါတယ်။ ရေရဲ့ သဘောက မြင့်ရာကနေ နိမ့်ရာကို စီးဆင်းတဲ့အတွက် ပင်လယ်ဝက လာတဲ့ရေမြင့်လို့ အဲဒီဘက်တွေမြုပ်တာပါ။ အပေါ်က ငမိုးရိပ်ဆည်မရှိရင် ငမိုးရိပ်ဆည်ထဲက ဧက ၁၇၇၀၀၀ ပေးတဲ့ ရေတွေဆင်းလာရင် ရေပိုများသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဆည်ကဘာမှ အန္တရာယ်မရှိပါဘူး။ ဆည်အပေါ်မှာလည်း နောက်ထပ်ဆည် နှစ်ခုလည်း ရှိပါတယ်။ ငမိုးရိပ်ဆည်ရဲ့ ဒီဇိုင်းအရ တွက်ချက်မှုက ဧကပေပေါင်း ၆ သိန်း ၄ သောင်းရှိပါတယ်။ရေဝင်မှု ပမာဏပါ။ ငမိုးရိပ်ဆည်၊ ပေါင်းလင်းဆည်၊ မဟူရာဆည်ရယ် သုံးခုပေါင်းမှ ဧကပေ နှစ်သိန်းခွဲလောက်ရေလှောင်ထားပါတယ်။ ရေပြည့်မီခြင်း မရှိသေးပါဘူး။ ငမိုးရိပ်ဆည်ရဲ့အထက်ပိုင်းက ရေတွေအောက်ကိုစီးလာခြင်းမရှိသေးပါဘူး။ငမိုးရိပ်ဆည်နဲ့ ရန်ကုန်မြို့ကြားမှာ ရွာတဲ့ မိုးရေကြောင့် ရေကြီးရေလျှံဖြစ်တာပါ။အဲဒါကို ပြည်သူတွေ စိတ်ပူပန်ခြင်းမရှိအောင် ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ တာတမံတွေ အားလုံး ပေ ၂၀ လောက် ရေပြည့်ဖို့လိုသေးတယ်။ စိတ်ပူစရာမရှိဘူး"ဟု ၎င်းက ရန်ကုန်မြို့ခံပြည်သူများ၏ ငမိုးရိပ်ဆည်နှင့်ပတ်သက်၍ စိုးရိမ်သောကဖြစ်မှုအပေါ် ရှင်းလင်းပြောကြားသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)**

ဒုတိယဌာနမှူး ဦးမျိုးသိမ်းက "စည်ပင်သာယာရေးကော်မတီအနေနဲ့ ရန်ကုန်မြို့ကို ရေပေးနေတဲ့ အဓိက ရေလှောင်ကန်ကြီးတွေဖြစ်တဲ့ လှော်ကား၊ ဂျိုးဖြူ၊ ဖူးကြီး ရေလှောင်ကန်ကြီး သုံးကန်ကို မြို့ရေပေးရေးအနေနဲ့ မိုးတွင်းမှာမိုးရေလှောင်ပြီးတော့ ထိန်းသိမ်းတာဖြစ်ပါတယ်"ဟု ဆိုသည်။

"အများအားဖြင့် ဖူးကြီးကန်တစ်ကန်ပဲ နှစ်စဉ်နှစ်တိုင်း ရေလျှံတာရှိပါတယ်။ ဂျိုးဖြူ လှော်ကားတို့ ကတော့ ကန်ရေပြည့်အမှတ်ကို ရောက်ခဲပါတယ်။ ထူးထူးခြားခြား ပြီးခဲ့တဲ့နှစ်က လှော်ကားကန်ရေပြည့်အမှတ်ကို ရောက်ပါတယ်။ ဒီနှစ်မှာတော့ လက်ရှိအချိန်ထိ ကန်ရေပြည့်အမှတ် လှော်ကားရဲ့ကန်ရေပြည့်အမှတ် ၆၂ ပေ လက်ရှိအချိန်ထိ ၁ ပေ ၅ လက်မ လိုပါသေးတယ်။ ထူးထူးခြားခြားစိုးရိမ်စရာမရှိပါဘူး။ ဂျိုးဖြူကန်ကလည်း ရန်ကုန်မြို့ကို အဓိက ရေပေးဝေနေတဲ့ ကန်ဖြစ်ပါတယ်။ ထပ်မံရေပြည့်ဖို့ ဆိုရင် ၆ ပေ ၈ လက်မခွဲ ကျန်သေးတယ်။ မိုးရေချိန်တော်တော်များများ စဉ်ဆက်မပြတ် ဆက်တိုက် အမြောက်အမြား ရွာသွန်းမှသာ ကန်ရေလျှံတဲ့အထိရောက်မှာပါ။ ဂျိုးဖြူကန်အနေနဲ့လည်း ရေလျှံတဲ့အနေအထား နည်းပါတယ်။ ပြီးခဲ့တဲ့နောက်ဆုံး ၂၀၁၂ ခုနှစ်မှာပဲ ရေလျှံခဲ့တာဖြစ်ပါတယ်။ ကန်ရေလျှံရင်လည်း လှိုင်မြစ်ထဲကို စီးဝင်သွားမှာပါ။ သူ့လမ်းကြောင်းတစ်လျှောက်ရေလျှံမှုနည်းပါးပါတယ်။ ဖူးကြီးရေလှောင်ကန်ရဲ့ ရေလျှံအမှတ်က ၁၁၅ ပေ ၆ လက်မဖြစ်ပါတယ်။ လက်ရှိက ဖူးကြီးကန်က ၁၁၅ ပေ ၅ လက်မကိုရောက်နေပါပြီ။ ဒီ့ပြင်ကန်ထက်စာရင် ရေလျှံဖို့ အလားအလာ များပါတယ်။ ဒါပေမယ့်လည်း ဖူးကြီးကန်က နှစ်စဉ်နှစ်တိုင်း ရေလျှံနေကျဖြစ်တဲ့အတွက် သူ့ရဲ့ ရေလမ်းကြောင်းတစ်လျှောက်မှာလည်း ငရုပ်ကောင်းချောင်း၊ မြောင်းတကာချောင်းကနေ လှိုင်မြစ်ထဲ စီးဝင်သွားတဲ့အတွက် စီးဆင်းရာ ဧရိယာမှာလည်း ရေလျှံတဲ့အခါ နေထိုင်မှု ဧရိယာနဲ့အလှမ်းဝေးပါတယ်"ဟု ၎င်းက ပြောသည်။

"ကန်သုံးကန်နဲ့ ပတ်သက်ပြီး နှစ်စဉ် ရေပြည့်ရေလျှံမှုမျိုးတွေဖြစ်တဲ့အခါမှာ တမံတွေ ကြံ့ခိုင်မှုအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ ၂၀၁၂ ခုနှစ်ကစပြီး ကန်ပေါင်ကြံ့ခိုင်ရေးတွေ ဆောင်ရွက်ထားပါတယ်။ လှိုင်းပုတ်တဲ့အခါ လှိုင်းဒဏ်ကာကွယ်ဖို့ ၂၀၁၂ ခုနှစ်ကတည်းက ကျောက်စီနံရံတည်ဆောက်ထားပါတယ်။ အားလုံးပြီးစီးနေပါပြီ။ အင်းလျားကန်ကိုလည်း ပြီးခဲ့တဲ့နှစ်ကတည်းက ပြည်လမ်းဘက်မှာ ကျောက်စီတဲ့လုပ်ငန်းတွေ ဆောင်ရွက်ထားပါတယ်။အင်းလျားကန်ရဲ့ ရေကြီးရေလျှံမှုက ၂၀၀၇-၂၀၀၈ လောက်က တစ်ခါ ရေလျှံခဲ့ဖူးတယ်။ အဲဒီအချိန်ကတည်းက ရေလျှော့လို့ရအောင် ရေတံခါးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ရေတံခါး ၁၂ ပေါက်နဲ့ ထိန်းညှိဆောင်ရွက်နေတဲ့အတွက် ၂၀၀၈ ကတည်းကစပြီး ထူးထူးခြားခြား ရေကြီးရေလျှံမှုတွေ ဖြစ်လေ့မရှိပါဘူး။ ခုအချိန်ထိလည်း ရေလျှံမယ်ဆိုရင် ကြိုတင်ပြီးလျှော့နိုင်အောင် ဆောင်ရွက်ထားတဲ့ ရေတံခါး ၁၂ ပေါက်ကနေတစ်ပေါက်ချင်း တစ်ဆင့်တစ်ဆင့်ကြိုပြီး ကြိုတင်ရေလျှော့သွားလို့ရပါတယ်။ အင်းလျားကန်အနေနဲ့ ထူးထူးခြားခြား သိပ်မရှိပါဘူး။ ကန်တော်ကြီးနဲ့ ပတ်သက်ပြီးလည်း ပြီးခဲ့တဲ့နှစ်က ရေဝင်မြောင်း၊ ရေထွက်မြောင်းတွေ ကြံ့ခိုင်မှုတွေ၊ မြောင်းတွေ ရေစီးရေလာကောင်းအောင် မြောင်းအကျယ်အဝန်းချဲ့ထွင်တဲ့ အပိုင်းတွေ၊ မြောင်းတွေအနက်ရအောင်ဆောင်ရွက်တဲ့ အပိုင်းတွေလုပ်ထားတာဖြစ်တဲ့အတွက် စိုးရိမ်စရာမရှိပါဘူး။ကြိုတင်ကာကွယ်တဲ့ အပိုင်းတွေကိုလည်း စည်ပင်အနေနဲ့ လှော်ကား၊ ဂျိုးဖြူ ဖူးကြီး၊ အင်းလျားကန်တော်ကြီး စတဲ့ ကန်တွေကို နှစ်စဉ်နှစ်တိုင်း ပြုပြင်ထိန်းသိမ်းမှုတွေ ဆောင်ရွက်ထိန်းသိမ်းထားပါတယ်။ စိုးရိမ်စရာ မရှိပါဘူး"ဟု ၎င်းက ပြောသည်။



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ဆည် ရေသိုလှောင်မှုပမာဏပြည့်မီခြင်းမရှိသေးသည်ကို တွေ့ရစဉ်။

## ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက် ရွှေ့ဆိုင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ် (၁/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)**
**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်**
**ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်ကို ရွှေ့ဆိုင်းခြင်း**

၁။ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်တွင် ခေတ္တရပ်နားပြီး ဩဂုတ်လ ၁၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာထားပြီး ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံအနှံ့အပြားတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

၃။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိ၏မဲဆန္ဒနယ်မြေနှင့် မိသားစုနေထိုင်ရာ ဒေသများ၌ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေရသည့်အပြင် အချို့နေရာများ၌ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများလည်း ကြုံတွေ့နိုင်ပါသည်။

၄။ သို့ပါ၍ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် (တနင်္လာနေ့)တွင် ပြုလုပ်ရန် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးကို ရွှေ့ဆိုင်းပါကြောင်းနှင့် ပြန်လည်ကျင်းပမည့်နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) သူရရွှေမန်း**
**နာယက**

## ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက် ရွှေ့ဆိုင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ် (၂/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)**
**ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်**
**ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်ကို ရွှေ့ဆိုင်းခြင်း**

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ခေတ္တရပ်နားပြီး ဩဂုတ်လ ၁၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာထားပြီး ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံအနှံ့အပြားတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

၃။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေနှင့် မိသားစုနေထိုင်ရာဒေသများ၌ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသည့်သဘာဝဘေးအန္တရာယ်များ ကျရောက်မှုများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေရသည့်အပြင် အချို့နေရာများ၌ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများလည်း ကြုံတွေ့နိုင်ပါသည်။

၄။ သို့ပါ၍ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီတွင် ပြုလုပ်ရန်ကြေညာထားသည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ရွှေ့ဆိုင်းပါကြောင်းနှင့် ပြန်လည်ကျင်းပမည့်နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) သူရရွှေမန်း**
**ဥက္ကဋ္ဌ**

## အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက် ရွှေ့ဆိုင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ် (၃/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)**
**ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက်**
**ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်ကို ရွှေ့ဆိုင်းခြင်း**

၁။ အမျိုးသားလွှတ်တော်ကို ၂၀၁၅ ခုနှစ်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပုဂ္ဂိုလ်များ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းနိုင်ရေးအတွက် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ခေတ္တရပ်နားပြီး ဩဂုတ်လ ၁၀ ရက်နေ့၌ ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

၂။ သို့သော် ယခုအခါ နိုင်ငံတော်အနှံ့အပြားတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားနေသဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာပြီး ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိနှင့် မိသားစုကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မဲဆန္ဒနယ်မြေသော်လည်းကောင်း ရေဘေးသင့်သဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ကိုင်နေရသည့်အပြင် လွှတ်တော်သို့တက်ရောက်ရန်လည်း လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုများ ကြုံတွေ့လျက်ရှိနိုင်ပါသည်။

၄။ ထို့အတူ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကလည်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို အားကြိုးမာန်တက်ကူညီကယ်ဆယ်လျက်ရှိကြသည့်အပြင် နောင်တွင်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရဦးမည်ဖြစ်ပါသည်။

၅။ ထို့ကြောင့် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် ပြန်လည်ခေါ်ယူရန်ကြေညာထားသည့် အမျိုးသားလွှတ်တော်အစည်းအဝေး ကျင်းပမည့်နေ့ရက်ကို ရွှေ့ဆိုင်းလိုက်ပါကြောင်းနှင့် လိုအပ်သလို ထပ်မံအသိပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) ခင်အောင်မြင့်**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

## လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းနေ့ရက်များ ပြောင်းလဲပြင်ဆင် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၄၁/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၃ရက်)**

**လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့်နေ့ရက်များ ပြောင်းလဲပြင်ဆင် သတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ၈-၇-၂၀၁၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၂၉/၂၀၁၅)ဖြင့် လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းသည့် နေ့ရက်များကို သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ မြန်မာနိုင်ငံတစ်ဝန်းလုံး ဇွန်၊ ဇူလိုင်လများအတွင်း မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသည့် သဘာဝဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ နိုင်ငံရေးပါတီအချို့၏ တင်ပြချက်များအရလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ နေ့ရက်များကို အောက်ပါအတိုင်း ရက်တိုးမြှင့်၍ ပြောင်းလဲပြင်ဆင်သတ်မှတ် ကြေညာလိုက်သည်-

| | |
|---|---|
| (က) လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းစတင် တင်သွင်းနိုင်သည့်နေ့ရက် | ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက် (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၀ရက်) |
| (ခ) လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်) |
| (ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် | ၁၃၇၇ခုနှစ်၊ ဝါခေါင်လဆန်း ၂ရက် (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်) |
| (ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာများကို စိစစ်မည့်နေ့ရက် | ၁၃၇၇ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်မှ ဝါခေါင်လဆန်း ၁၂ ရက်အထိ (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်မှ ၂၇ရက်အထိ) |

၃။ အမည်စာရင်းတင်သွင်းရန် သွားလာရေးအခက်အခဲရှိသော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြအကူအညီတောင်းခံနိုင်ပါသည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၂၉/၂၀၁၅)ကို ဤကြေညာချက်ဖြင့် ကျော်လွှန်ပယ်ဖျက်လိုက်သည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်လှူဒါန်းရန် နောင်ချိုမြို့မှထွက်ခွာ

**နောင်ချို ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီးအတွင်း ရေနစ်မြုပ်လျက်ရှိသော ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ရန်အတွက် နောင်ချိုမြို့နယ် စေတနာမွန်လူမှုကူညီရေးအသင်းက ဦးဆောင်ကြီးကြပ်ကာ ဈေးရပ်ကွက်လူမှုရေးအသင်း စေတနာမွန်ပြည်သူများက ဈေးရပ်ကွက်မြို့နယ်မှော်ရုံး၌ အလှူခံမဏ္ဍပ်ဖွင့်လှစ်ထားရှိရာ မြို့ပေါ်ရပ်ကွက်၊ မြို့နယ်/ကျေးရွာအုပ်စုအသီးသီးတို့မှ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်း၊ ဆန်၊ ဆီ၊ ဆေး၊ ဆား စုစုပေါင်းတန်ဖိုးကျပ်သိန်း ၅၀၀ ကျော်ရရှိခဲ့သည်။

ဩဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီက နောင်ချိုမြို့နယ်ဒေသခံပြည်သူများ လှူဒါန်းသည့် ဆန်အိတ် ၂၀၀၊ ဆီပိုသာ ၁၃၀၊ အထွေထွေစားသောက်ကုန်တန်ဖိုးငွေကျပ် ၂၄ သိန်း၊ စောင်၊ အဝတ်အထည်အသစ် ၂၂၀၊ ခြင်ထောင် အသစ်အလုံး ၁၅၀၊ မိုးကာ၊ ဖိနပ်၊ လူသုံးကုန်ပစ္စည်းတန်ဖိုး ငွေကျပ် ၃၂ သိန်း၊ အဝတ်အထည်အိတ်ကြီး ၁၇၅ အိတ်တို့အား မော်တော်ယာဉ်လေးစီး၊ အထောက်အကူပြု စူပါကာစတန်ယာဉ်ငယ်တစ်စီးဖြင့် မကွေးတိုင်းဒေသကြီးအတွင်း ရေနစ်မြုပ်နေသော ရေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းရန်အတွက် ပစ္စည်းများတင်ဆောင် ထွက်ခွာလာရာ မန္တလေး-လားရှိုးကားလမ်းတစ်လျှောက် ဘန့်ဘွေးကျေးရွာ၊ ရွှေညောင်ပင်ကျေးရွာ၊ ခြေမြစ်ပင်ကျေးရွာ၊ ကြိမ်ဂနိုင်ကျေးရွာတို့ရှိ ပြည်သူများကလည်း လူသုံးကုန်ပစ္စည်းများ လှူဒါန်းကြရာ နောက်ထပ်ယာဉ် နှစ်စီးဖြင့် တင်ဆောင်ပြီးထွက်ခွာသွားကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

# ပွင့်ဖြူနှင့်စေတုတ္တရာမြို့နယ်များမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

**နေပြည်တော် ဩဂုတ် ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်မှတစ်ဆင့်မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေကြီးရေလျှံမှုဖြစ်ပွားနေသော ပွင့်ဖြူမြို့သို့ ရောက်ရှိကြရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နယ်မြေခံတပ်ရင်းခန်းမတွင် ဝန်ကြီးချုပ်က ရေကြီးမှုအခြေအနေများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က လွန်ခဲ့သည့်ရက်သတ္တနှစ်ပတ်ကျော်က တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်သောမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဇူလိုင် ၂၉၊ ၃၀ ရက်များတွင် ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်နေသောမုန်တိုင်းကြောင့် ဒီရေမြင့်တက်မှု၊ တစ်နိုင်ငံလုံးမိုးရွာသွန်းမှုများဖြစ်ပေါ်ပြီး ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ အဆက်မပြတ် ဆောင်ရွက်ပေးခဲ့ရကြောင်း၊ တာဝန်ရှိသူများကိုလည်း ကြိုတင်သတိပေးနှိုးဆော်ထားရှိကြောင်း၊ လက်ရှိတွင်ရေစတင်ကျဆင်းနေပြီဖြစ်ကြောင်း၊ ရေကျသွားပါက စားသောက်ရေး၊ နေထိုင်ရေးကိစ္စများ၊ စိုက်ပျိုးရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ရေဘေးသင့်ပြည်သူများ လုံလုံခြုံခြုံဖြင့် စည်းကမ်းတကျနေထိုင်ရေး၊ တစ်ဦးနှင့်တစ်ဦးနားလည်မှုပေး၍ စိတ်ရှည်သည်းခံရေး၊ အတွေ့အကြုံရှိသူများက ဦးဆောင်မှုပေးရေးနှင့် လှူဒါန်း ထောက်ပံ့မှုများအား သက်ဆိုင်ရာမှ မျှတစွာခွဲဝေသုံးစွဲရေးတို့ လုပ်ဆောင်သွားရန်လိုအပ်ပါကြောင်း၊ ရေရှည်တွင် ရေဝေရေလဲဒေသများ၌ သစ်ပင်စိုက်ပျိုးခြင်း အပါအဝင် သဘာဝပတ်ဝန်းကျင်ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း၊ တပ်မတော်ကလည်း ဆေးကုသရေးအဖွဲ့များစေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ပြည်သူလူထု၏ အသက်ဘေးအန္တရာယ်နှင့်ကြုံတွေ့လာပါကကာကွယ်ရန်၊ ကူညီစောင့်ရှောက်ရန် တပ်မတော်ကအသင့်ရှိပါကြောင်း။

ပြည်သူလူထု၊ နိုင်ငံတော် အစိုးရနှင့်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရမှ သတိပေးထုတ်ပြန်ချက်များ အချိန်မီ ထုတ်ပြန်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့်လည်း သတိပေးချက်ကို သိရှိလက်ခံပြီး လိုက်နာရန်လိုအပ်ပါကြောင်း။

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရုတ်တရက် ဖြစ်ပေါ်လာတတ်သဖြင့် သတိရှိနေပါက ဖြစ်ပေါ်လာသည့်အချိန်တွင် ပေးဆပ်ရမှုအနည်းဆုံးနှင့် ရင်ဆိုင်နိုင်မည် ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် မည်သည့်ဘေးအန္တရာယ်ကျရောက်လာသည်ဖြစ်စေ ပြည်သူသည် အမိအဖများဖြစ်သဖြင့် အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကူညီစောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဎင်းနောက် ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇဘဏ်လီမိတက်မှ လှူဒါန်းငွေကျပ်သိန်း ၂၀၀၀၊ Gate Way ကုမ္ပဏီမှ လှူဒါန်းငွေကျပ်သိန်း ၂၀၀၀၊ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများမှ လှူဒါန်းငွေကျပ်သိန်း ၃၀၀ စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၄၃၀၀နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများကို တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ပွင့်ဖြူမြို့နယ်မှတစ်ဆင့် စေတုတ္တရာမြို့နယ်သို့ သွားရောက်၍ နယ်မြေခံတပ်ရင်းခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က စေတုတ္တရာမြို့၏ ရေကြီးရေလျှံနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇဘဏ်လီမိတက်မှ လှူဒါန်းငွေကျပ်သိန်း ၁၀၀၀၊ Gate Way ကုမ္ပဏီမှ လှူဒါန်းငွေကျပ်သိန်း ၁၀၀၀ စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၂၀၀၀ နှင့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများမှ လှူဒါန်းသည့် စည်သွတ်ဘူး၊ ရေသန့်ဘူးနှင့် စားသောက်ဖွယ်ရာများအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများကို တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်း မုန်းချောင်းရေလျှံမှုကြောင့် ပွင့်ဖြူမြို့နယ်၊ စေတုတ္တရာမြို့နယ်နှင့် ငဖဲမြို့နယ်တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ ပွင့်ဖြူမြို့နယ်တွင် ရေဘေးသင့်ပြည်သူ ၂၁၂၀၇ ဦးကို ကယ်ဆယ်ရေးစခန်း ၂၀ ဖွင့်လှစ်၍လည်းကောင်း၊ စေတုတ္တရာမြို့နယ်၌ ရေဘေးသင့်ပြည်သူ ၄၁၀၆ ဦးကို ကယ်ဆယ်ရေးစခန်း ၁၂ ခု ဖွင့်လှစ်၍လည်းကောင်း၊ ငဖဲမြို့နယ်တွင် ရေဘေးသင့်ပြည်သူ ၂၅၂ ဦးကို ကယ်ဆယ်ရေးစခန်း သုံးခုဖွင့်လှစ်၍လည်းကောင်း ဖြန့်ခွဲနေရာချထားပေးပြီး ကယ်ဆယ်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယမန်နေ့ ည ၇ နာရီခွဲတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်အေးနှင့် အိန္ဒိယစစ်သံရုံးဒုတိယအကြီးအကဲ Dr. S. Janakiraman၊ အိန္ဒိယရေတပ်စစ်သံမှူး Capt: (Navy) Manish Bhandari တို့က လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပွင့်ဖြူမြို့ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။**

(မြဝတီ)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပွင့်ဖြူမြို့ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။**

(မြဝတီ)

# နိုင်ငံတကာမှ လေယာဉ်များဖြင့် ရေဘေးသင့်ဒေသများသို့ တိုက်ရိုက်ပို့ဆောင်လိုမှုအပေါ် မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များကို ဦးစားပေးသတ်မှတ်

**နေပြည်တော် ဩဂုတ် ၃**

မြန်မာနိုင်ငံတစ်ဝန်းတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့မှုအပေါ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ၂၀၁၃ အရ ပြည်သူများ၏ အသက်ဆုံးရှုံးမှုမဖြစ်ပွားစေရန်၊ ထိခိုက်ဒဏ်ရာရရှိမှုများကို တားဆီးပေးနိုင်ရန်၊ လူထု၏ အိုးအိမ်ပစ္စည်းများကို ကာကွယ်ပေးနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဆောင်ရွက်သွားရန် ရည်ရွယ်ချက်များဖြင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိသည်။

အဆိုပါဥပဒေတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် ပြဋ္ဌာန်းချက်များ ပါဝင်ပြီးဖြစ်သည့်အတွက် လတ်တလောရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာမှ လေယာဉ်များဖြင့် ရေဘေးသင့်ဒေသများသို့ တိုက်ရိုက်ပို့ဆောင်လိုကြောင်း ဆက်သွယ်စုံစမ်းမေးမြန်းမှုများအပေါ် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပထမဦးစားပေးအဖြစ်လည်းကောင်း၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း သတ်မှတ်ပြန်ကြားပေးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို အဓိကဦးစားပေးအဖြစ် ရွေးချယ်ရခြင်း အကြောင်းအရင်းမှာ လက်ရှိရေဘေးအန္တရာယ်ကြုံတွေ့နေရသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များသို့ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်တိုအတွင်း သွားရောက်နိုင်မှုကြောင့်လည်းကောင်း၊ နိုင်ငံတကာလေယာဉ်ခရီးစဉ်များကို ရပ်နားထားရန် မလိုအပ်ဘဲ ကယ်ဆယ်ရေးလေယာဉ်များစွာ ဆင်းသက်နိုင်ခြင်း၊ လိုအပ်ပါက ညအိပ်ရပ်နားနိုင်ခြင်းတို့ကြောင့်လည်းကောင်း သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် လေယာဉ်ငယ်များဖြင့် ရေဘေးအန္တရာယ်ကြုံတွေ့နေရသည့်ဒေသများ သို့ တိုက်ရိုက်ဆင်းသက်ပေးပို့လိုမှုများရှိပါကလည်း သီးခြားညှိနှိုင်းစီစဉ်ပေးမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများနှင့် တစ်ဦးချင်းတို့မှ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက် အပံ့များ ပေးအပ်လှူဒါန်းလိုပါက ဆက်သွယ်ဆောင်ရွက်နိုင်ရန် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ လူပုဂ္ဂိုလ်များနှင့် လိပ်စာများကို သတ်မှတ်ထုတ်ပြန်ထားရှိ ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်ရိက္ခာစပါးများကြိတ်ခွဲ၍ ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့နိုင်ရေးစီစဉ်

**နေပြည်တော် ဩဂုတ် ၃**

ကလေးမြို့ရှိ တပ်မတော်ရိက္ခာစပါးတင်းပေါင်း ၁၃၉၉၈၁ တင်းအနက်မှ ကလေးဒေသ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်မည့်ဆန်များကို ကြိုတင်ပေးဝေနိုင်ရန် ရေနစ်မြုပ်မှုမရှိသည့် ဆန်စက်ငါးစက်၌ နေ့စဉ်ဆန်အိတ် ၇၀၀ ခန့် ကြိတ်ခွဲဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်တွင် ဆန်အိတ် ၁၈၂ အိတ်အား ကယ်ဆယ်ရေးကော်မတီသို့ စတင်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက အမေရိကန်ဒေါ်လာ သုံးသိန်းခန့်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများ ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်း

**ရန်ကုန်   ဩဂုတ်   ၃**

ဇူလိုင် ၂၉ ရက်က သံအမတ်ခန့်အပ်လွှာ လက်ခံရယူခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး မစ္စတာ ဟုန်လျံသည် ဩဂုတ် ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိရေဘေးသင့် ပြည်သူများထံသွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်လှူဒါန်းသည်။

ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးသည် အမေရိကန်ဒေါ်လာ သုံးသိန်းခန့် (ငွေကျပ်သိန်းသုံးထောင့်ခုနစ်ရာခန့်)တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအား လှူဒါန်းမည်ဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး မစ္စတာဟုန်လျံက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးဝန်ထမ်းများကြီးမှူး၍ စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးသင့်ဒေသများသို့ လာရောက်ရခြင်းမှာ တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူလူထု၏ ဆန္ဒအရဖြစ်ပြီး ရေဘေးသင့်ပြည်သူများအား တရုတ်အစိုးရနှင့် ပြည်သူတို့၏ အားပေးနှစ်သိမ့်မှုကို အမြန်ဆုံးလာရောက်ပြောကြားခြင်းပင်ဖြစ်ကြောင်း၊ ယခု ခရီးစဉ်တွင် တွေ့မြင်ခဲ့ရသည့်အခြေအနေများကို တရုတ်အစိုးရထံ အမြန်အစီရင်ခံတင်ပြသွားမည်ဖြစ်ကြောင်း၊ တရုတ်အစိုးရသည် မြန်မာအစိုးရနှင့် ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်အရ ရေဘေးသင့်ဒေသများသို့ အကူအညီပေးအပ်ရာတွင် ဘေးအန္တရာယ်ခန့်မှန်းခြင်း၊ သုံးသပ်ခြင်း၊ ရေဘေးသင့်ဒုက္ခသည်များ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်ခြင်း စသည်ဖြင့် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

မြန်မာအစိုးရ၏ ခိုင်မာသော ဦးဆောင်မှု၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာ အသိုက်အဝန်းတို့၏ စေတနာရှိရှိ ကူညီမှုများကြောင့် ဤသဘာဝဘေးဒုက္ခကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ယနေ့ နေ့လယ်ပိုင်းတွင် ကလေးမြို့ လေဆိပ်ခန်းမဆောင်၌ သတင်းမီဒီယာများကို ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ရေဘေးသင့် အိမ်ထောင်စု ၁၅၄၅ စု အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ သရေစာမုန့်၊ ခေါက်ဆွဲထုပ်၊ သောက်ရေသန့်၊ စောင်၊ ခေါင်းအုံး၊ ခြင်ထောင်၊ ဂက်စ်မီးဖိုအသေး၊ ဓာတ်မီး၊ ဓာတ်ခဲ၊ ဆပ်ပြာ၊ ကြိုး၊ အဝတ်အစားများနှင့် ဆေး အစရှိသည့် နေ့စဉ်သုံးပစ္စည်းများ လှူဒါန်းခဲ့သည်။

ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ဩဂုတ် ၄ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရေဘေးသင့်အိမ်ထောင်စုနှစ်သောင်းအား ရေဘေးသင့်အရေးပေါ်အကူအညီပစ္စည်းများ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး မစ္စတာဟုန်လျံသည် ယနေ့နံနက်ပိုင်းက အောင်ဇေယျရိပ်သာအစည်းအဝေးခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်တို့နှင့်တွေ့ဆုံပြီး ရေဘေးသင့်ပြည်သူများ၏ စားဝတ်နေရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး မစ္စတာဟုန်လျံ၏ ကလေးမြို့ ရေဘေးကယ်ဆယ်ရေး ခရီးစဉ်တွင် ပြည်တွင်းပြည်ပသတင်းမီဒီယာ ၁၈ ဖွဲ့မှ သတင်းထောက် ၃၅ ဦး လိုက်ပါခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ရေဘေးသင့်ဒေသများအတွက် လှူဒါန်းပစ္စည်းများအား တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ သင်္ဘောများဖြင့် ကူညီပို့ဆောင်ပေးမည်

**နေပြည်တော်   ဩဂုတ်   ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရေကြီးရေလျှံခြင်းကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး ရေဘေးသင့်ပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များက ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ လိုအပ်သည့်ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ထောက်ပံ့ကူညီပေးသည့် ပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘောများဖြင့် ပို့ဆောင်ပေးလျက်ရှိပြီး ပိုမိုချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီး အောင်ကျော်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးအေးလင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးတို့ဖြင့် အလှူရှင်များကပေးပို့လိုသည့် ပစ္စည်းများကို မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်တွင် စနစ်တကျလက်ခံနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရေဘေးသင့် ပြည်သူများအား ပစ္စည်းများ ပေးပို့လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ဒုတိယဗိုလ်မှူးကြီး ဇော်ဇော်ထွန်း ဖုန်း ၀၃၁-၂၇၀၅၁၊ ၀၃၁-၂၇၀၅၇ နှင့် ဒုတိယဗိုလ်မှူးကြီးအေးလင်း ဖုန်း-၀၉-၇၃၂၀၆၆၄၄ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းပေးပို့နိုင်ကြောင်း သိရသည်။

**(မြဝတီ)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ဆက်သွယ်လှူဒါန်းနိုင်

**နေပြည်တော်   ဩဂုတ်   ၃**

မြန်မာနိုင်ငံတစ်ဝန်းလုံး ယခုရက်သတ္တပတ်များအတွင်း မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လျက်ရှိပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် နိုင်ငံတော်သမ္မတရုံးက ဇူလိုင် ၃၁ ရက်တွင် ကြေညာခဲ့ပါသည်။

ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများက အဆိုပါ သဘာဝဘေးအန္တရာယ်ဒဏ်ခံနေရသည့် ဒေသများသို့ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်လှူဒါန်းလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

(က) ဦးကျော်မိုးထွန်း
ဒုတိယညွှန်ကြားရေးမှူးချုပ်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန
တယ်လီဖုန်းအမှတ်- ၀၆၇-၄၁၂၀၅၆၊ ၀၉-၂၅၄၁၂၀၉၄၃
Email: floodassistance.mofa@gmail.com

(ခ) ဒေါ်မွေးမွေးခိုင်
ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန
တယ်လီဖုန်းအမှတ်- ၀၆၇-၄၁၂၃၅၄၊ ၀၉-၅၁၅၄၈၉၈
Email: floodassistance.mofa@gmail.com

(ဂ) ဒေါ်အိအိတင်
ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
တယ်လီဖုန်းအမှတ်-၀၆၇-၄၁၂၅၀၉၊ ၀၉-၂၅၄၁၉၁၄၄၂
Email: floodassistance.mofa@gmail.com

(ဃ) ဦးသန့်စင်
ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန
တယ်လီဖုန်းအမှတ်-၀၆၇-၄၁၂၃၅၂၊ ၀၉-၂၆၁၁၅၇၉၅၀
Email: floodassistance.mofa@gmail.com

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**❖ ကလေးမြို့မှ**

လူတွေပေါင်းပြီး ကယ်ဆယ်ရေးတွေလုပ်သွားမှာပါ”ဟု ကယ်ဆယ်ရေးစခန်းများအထိ သွားရောက်ထောက်ပံ့မှုပြုလုပ်နေသည့် အောင်မြင်သူကုမ္ပဏီမှ ကိုနိုင်နိုင်ဦးက ပြောသည်။

မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် ဇူလိုင် ၂၈ ရက်ခန့်မှစတင်ကာ ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာပေါင်း ၆၀ ခန့်ရှိသည့်အနက် ရပ်ကွက် ကိုးခုနှင့် ကျေးရွာပေါင်း ၄၂ ရွာခန့် ရေနစ်မြုပ်ခဲ့သည်။ ထိုသို့ နစ်မြုပ်ခဲ့မှုကြောင့် ပြည်သူ ရှစ်သောင်းခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ရသဖြင့် လတ်တလော အခြေအနေအရ သက်ဆိုင်ရာက ကယ်ဆယ်ရေးစခန်း ခုနစ်ခုဖွင့်လှစ်ပေးထားပြီး အစားအသောက်၊ ဆေးဝါး၊ အဝတ်အထည်များနှင့် အသက်ကယ်ပစ္စည်းများ ထောက်ပံ့ပေးနေကြောင်း ကလေးမြို့ အရေးပေါ်ရေဘေးကယ်ဆယ်ရေးနှင့် စာရင်းကောက်ယူရေးကော်မတီထံမှ သိရသည်။

“အဖွဲ့ပေါင်းစုံကထောက်ပံ့မှုတွေလုပ်ပေးနေပေမယ့် မလုံလောက်သေးပါဘူး။ ရေဘေးသင့်တဲ့ အရေအတွက်က အလွန်များနေတယ်။ ဒါတောင် အခုထိအဆက်အသွယ်မရသေးတဲ့ ကျေးရွာတချို့ ရှိနေသေးတယ်။ ရေကအားလုံးကျသွားရင်တောင် ဘာမှစားစရာမရှိတော့လို့ ထောက်ပံ့မှုတွေ လိုနေဦးမှာပါ။ အခုဆိုရင် သက်ဆိုင်ရာကဖွင့်ပေးထားတဲ့ ကယ်ဆယ်ရေး စခန်းတွေအပြင် ဘုန်းကြီးကျောင်းနဲ့ စာသင်ကျောင်းတွေမှာလည်းလူတွေအပြည့်ပါပဲ” ဟု ရေဘေးသင့်ပြည်သူ ၃၁၀၀ ခန့် ရှိသည့် ကလေးစက်မှုဇုန် ရေဘေးကယ်ဆယ်ရေးစခန်းမှ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင် ဦးဇော်ဝင်းက ဩဂုတ် ၂ ရက်တွင်ပြောသည်။

ယခုအခါကလေးမြို့နယ်အတွင်းရှိ ရေနစ်မြုပ်သည့် ဒေသများတွင် သက်ဆိုင်ရာနှင့်အတူ ဒေသခံများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အပေါ် ကလေးမြို့နယ် ရေဘေးကယ်ဆယ်ရေးအသင်းမှ ကိုရန်အောင်က “လတ်တလောအခြေအနေအရ သွားလာရေးခက်ခဲတဲ့အတွက် ဝေးလံတဲ့နေရာတွေအထိ သွားရောက်ကယ်ဆယ်ရေးတွေ မလုပ်နိုင်သေးဘူး။ ဓာတ်တိုင်တွေတောင် ရေမြုပ်နေတဲ့အတွက် ကယ်ဆယ်ရေးသမားတွေတောင် အန္တရာယ်ရှိနေတယ်။ စက်လှေတွေလည်းသွားဖို့ အခက်အခဲရှိတယ်။ ဒါကြောင့် လတ်တလော အနီးဝန်းကျင်တွေလောက်ပဲ ကယ်ဆယ်ရေးလုပ်နိုင်တယ်။ အလှူရှင်တွေ ထောက်ပံ့ထားတဲ့ ကယ်ဆယ်ရေး ပစ္စည်းတွေတော့ရှိတယ်။ သွားလာရေးခက်ခဲတဲ့ နေရာတွေကိုတော့ ကယ်ဆယ်ရေးမလုပ်နိုင်သေးပါဘူး” ဟု ပြောသည်။

လတ်တလောအခြေအနေအရ ကလေးမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ရေကြောင်းနှင့် လေကြောင်းလိုင်းများမှ တစ်ဆင့် တင်ပို့နေရသည့်အပြင် ရေနစ်မြုပ်ခြင်းမခံရသည့် ပြည်သူများအတွက်လည်း ကုန်ဈေးနှုန်းများမြင့်တက်မှုဖြင့်မကြုံရအောင် သက်ဆိုင်ရာက ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ဆန်ကုန်သည်များအသင်း၊ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့နှင့် ချိတ်ဆက်၍ လက်ရှိ ဒေသပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးရန် စီစဉ်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်မောင်းက ပြောသည်။

# နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်လျက်ရှိ

**နေပြည်တော်   ဩဂုတ်   ၃**

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန်ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၂၂ ဦးနှင့် ဘွဲ့မယူသောသင်တန်း(Training) သို့ ပညာသင် ၂၄၉ ဦး၊ စုစုပေါင်း ပညာသင် ၂၇၁ ဦးကို ပြည်ပနိုင်ငံ ၂၁ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။ ဇူလိုင်လအတွင်း နိုင်ငံ့ဝန်ထမ်းများအား ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် လုပ်ငန်းရှင်များက ကျပ်သိန်း ၄၅၀၀ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၃**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့နှင့်အတူ ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင်တွင် စစ်တွေမြို့ View Point သို့ရောက်ရှိပြီး ဒီရေမြင့်တက်မှုနှင့် ပြင်ဆင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စစ်တွေလေဆိပ်သို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအတွက် ရန်ကုန်မြို့မှတစ်ဆင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ဖိုက်ဘာစက်လှေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာမှုအခြေအနေနှင့် ရေဘေးသင့်ဒေသများသို့ ဆက်လက်ပို့ဆောင်ရန် စီမံဆောင်ရွက်နေမှုတို့အား ကြည့်ရှု၍လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများအား တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ရာတွင် တစ်ပါတည်းလိုက်ပါ၍ မြောက်ဦးမြို့သို့ ရောက်ရှိသည်။

မြောက်ဦးမြို့ ပြည်သူ့အားကစားကွင်းတွင် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံရာ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုကာလရာသီဥတုအရ မိုးရွာသွန်းမှုများပြားသဖြင့် တစ်နိုင်ငံလုံးနီးပါး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေကြောင်း၊ ဒေသအတွင်းရှိ ထိုင်း၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်စသည့်နိုင်ငံများတွင်လည်း ရေလွှမ်းမိုးမှုဘေးနှင့်ရင်ဆိုင်နေရကြောင်း၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများသို့ သွားရောက်နေပြီး မိမိတို့က ရခိုင်ပြည်နယ်အတွင်း လာရောက်ခြင်းဖြစ်ကြောင်း၊ အားလုံးစုစုစည်းစည်းဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အင်တိုက်အားတိုက် ကူညီဆောင်ရွက်နိုင်ရန် အသင့်ပြင်ထားပြီး လက်ရှိတွင်လည်း အချိန်နှင့်တစ်ပြေးညီကူညီဆောင်ရွက်မှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ သဘာဝဘေးဒဏ်များနှင့် ရင်ဆိုင်ကြုံတွေ့လာပါက ပြည်သူလူထု၏အသက်အန္တရာယ်ကို ဦးစွာကယ်ဆယ်ရမည်ဖြစ်ကြောင်း၊ ယင်းနောက် စားသောက်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊ နေထိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အား ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

လက်ရှိတွင် အသက်အန္တရာယ်ထိခိုက်မှုမရှိစေရန် ဦးစားပေးလုပ်ဆောင်နေကြောင်း၊ ရခိုင်ပြည်နယ်အတွင်း လယ်မြေဧက ၆၀၀၀ ကျော် ရေနစ်မြုပ်ပျက်စီးခဲ့၍ မိုးစပါးများ ရရှိရေး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းအပြင်နယ်မြေဒေသအတွင်း ဆန်နှင့်စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး ဝိုင်းဝန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသအတွင်း ဆန်ပြတ်လပ်မှုမရှိစေရေးအတွက် တပ်မတော်မှ စုပုံထားသည့် ရိက္ခာဆန်များ ဖြန့်ဝေပေးလျက်ရှိပြီး တပ်မတော်ကုန်တင်လေယာဉ်သုံးစင်းဖြင့် ရန်ကုန်မှ ဆန်များ ပို့ဆောင်ပေးနေကြောင်း၊ ပြည်သူလူထု၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ စုစုစည်းစည်း ပူးပေါင်းဆောင်ရွက်ပါက ကြုံတွေ့နေရသည့် ဘေးအန္တရာယ်များကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။ **(ဝဲပုံ)**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်းပြားမြို့ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။ (မြဝတီ)

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မင်းပြားမြို့သို့ရောက်ရှိပြီး နယ်မြေခံတပ်ရင်းခန်းမတွင် ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ၎င်းနောက် မင်းပြားမြို့အတွင်း ရေကြီးရေလျှံမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိပြီး လေဆိပ်ဧည့်ခန်းမဆောင်တွင် ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇဘဏ်လီမိတက်၊ Gate Way ကုမ္ပဏီနှင့် ဟိုတယ်လုပ်ငန်းရှင်များက လှူဒါန်းငွေစုစုပေါင်းကျပ်သိန်း ၄၅၀၀ အား ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ငမိုးရိပ်ရေလှောင်တမံ ရေလှောင်ပမာဏ ပြည့်မီခြင်းမရှိသေးဘဲ ခိုင်ခံ့ကောင်းမွန်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံ၏ ရေပြည့်အမှတ်သို့ ရောက်ရှိရန် အမြင့်လေးလက်မခန့်လိုအပ်ပြီး သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီပါက ရေပိုလွှဲမှတစ်ဆင့် ယခင်နှစ်များကကဲ့သို့ ရေထုတ်လွှတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေလှောင်တမံ၏ ရေသိုလှောင်နိုင်မှု ပမာဏမှာ ဧကပေ ၁၈၀၀၀၀၊ လက်ရှိ ရေလှောင်ပမာဏမှာ ဧကပေ ၁၇၇၀၀၀ဖြစ်ပြီး ရေလှောင်တမံ၏ အမြင့်မှာပေ ၁၂၀၊ ကန်ရေပြည့် ရေအမှတ်မှာ ၁၀၇ ပေနှင့် လက်ရှိရေအမှတ်မှာ ၁၀၆ ဒသမ ၇ ပေဖြစ်၍ ကန်ရေပြည့်အမှတ်သို့ ရောက်ရှိရန် သုည ဒသမ ၃ ပေ လိုအပ်ပြီး ရေပိုလွှဲမှ ရေထုတ်လွှတ်မှုနှင့် ရေကျော်ကျမှုများ မရှိကြောင်း၊ ရေလှောင်ပမာဏနှင့် ဆည်တာတမံ ကြံ့ခိုင်မှုအတွက် ရေကင်းများချထားပြီး စောင့်ကြပ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေလှောင်တမံမှာ ခိုင်ခံ့ကောင်းမွန်ပြီး စိုးရိမ်ဖွယ် မရှိကြောင်း ယနေ့ ညနေ ၄ နာရီတိုင်းထွာချက်အရ သိရသည်။

ငမိုးရိပ် ရေလှောင်တမံတွင် သတ်မှတ်ရေလှောင်ပမာဏထက် ပြည့်မီပါက ရေပိုလွှဲမှတစ်ဆင့် ငမိုးရိပ်ချောင်းအတွင်းသို့ ရေထုတ်လွှတ်ခြင်းနှင့် ရေကျော်ခြင်းများ ရှိခဲ့ရာ ရေလှောင်တမံ ဆောက်လုပ်ပြီးစီးခဲ့သည့် ၁၉၉၅-၁၉၉၆ ခုနှစ်မှစ၍ ယမန်နှစ်ကအထိဖြစ်ကြောင်း၊ ဒီရေတက်မှုနှင့် တိုက်ဆိုင်ချိန်များတွင် ချောင်းတစ်လျှောက်ဝဲ/ယာ၌ ရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

ငမိုးရိပ် ရေလှောင်တမံသည် ရန်ကုန်မြို့တော်အတွက် တစ်နေ့လျှင် ရေဂါလန် သန်း ၉၀ ကျော် ပို့လွှတ်ပေးလျက်ရှိသည့်အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှည်းကူးမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် ဒဂုံမြို့သစ်မြို့နယ်များရှိ လယ်ဧက ၃၀၀၀၀ ကျော် ရေရရှိရေးအတွက်လည်း ဖြန့်ဝေပေးလျက်ရှိသည်။ **(သတင်းစဉ်)**



# ရန်ကုန်မြို့ကို ပေးဝေလျက်ရှိသော ရေအရင်းအမြစ်များ အမြင့်ဆုံးရေအမှတ်သို့ရောက်ရှိခြင်းမရှိဟု မြို့တော်စည်ပင်မှသိရ

ရန်ကုန်မြို့သို့ ရေပေးဝေလျက်ရှိသော ရေအရင်းအမြစ်များနှင့် ရေလှောင်ကန်များ စိုးရိမ်ရေအမှတ်သို့ ရောက်ရှိခြင်းမရှိဘဲ အမြင့်ဆုံးရေအမှတ်သို့ ရောက်ရှိခြင်းမရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုများဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံအထက်ပိုင်းဒေသအများအပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်လည်း စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လျက်ရှိသည်။ ရန်ကုန်မြို့တွင်လည်း မိုးသည်းထန်မှု၊ မြစ်ရေမြင့်တက်မှုတို့ကြောင့် ရေလျှံမှုများဖြစ်ပေါ်လျက်ရှိသော်လည်း ငမိုးရိပ်ဆည်၊ လှော်ကားရေလှောင်ကန်အပါအဝင် ရန်ကုန်မြို့သို့ ရေပေးဝေနေသည့် ရေအရင်းအမြစ်များ စိုးရိမ်ရေအမှတ်၊ အမြင့်ဆုံးရေအမှတ်သို့ ရောက်ရှိခြင်းမရှိဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၃ ရက်က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် ကျင်းပခဲ့သည့် ရေသယံဇာတအရင်းအမြစ်များဆိုင်ရာ စာတမ်းဖတ်ကြားပွဲတွင် ကြေးမုံသတင်းစာကို ပြန်လည်ဖြေကြားပေးခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသများကိုလည်း ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ သတိပေးချက်များထုတ်ပြန်ထားရာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့တွင်လည်း ရေလျှံမှုများနှင့်ကြုံတွေ့နေရသည်ဟု သိရသည်။ စိုးရိမ်မှုများဖြစ်ပေါ်နေကြပြီး ဆိုးရွားသောရေလျှံမှုများနှင့်ကြုံတွေ့လာမည်ကို ထိတ်လန့်နေကြသောကြောင့် သက်ဆိုင်ရာအနေဖြင့် တိကျမှန်ကန်သော သတင်းအမှန်များကို အချိန်နှင့်တစ်ပြေးညီ အများပြည်သူသိရှိစေရန် ထုတ်ပြန်ပေးမှုများ ပြုလုပ်သင့်သည်ဟု ရန်ကုန်မြို့ခံများက ဆိုသည်။ လက်ရှိတွင် လူမှုကွန်ရက်အင်တာနက်စာမျက်နှာများပေါ်တွင် သတင်းများသိမြင်ကြားသိနေရာတွင် ခိုင်လုံတိကျသော သတင်းများဖြစ်ရန်လိုအပ်သည်ဟု ဆိုသည်။

မိုးလေဝသပညာရှင် ဦးထွန်းလွင်ကမူ အထက်ပိုင်းဒေသမှ စီးဆင်းလာမည့် မြစ်ရေများ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို ရောက်ရှိလာနိုင်သဖြင့် သတိပေးမှုများပြုလုပ်ထားပြီး ကြိုတင်ကာကွယ်မှုများနှင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာပါက အရေးပေါ်ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်း သတင်းမီဒီယာများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ ထုတ်ပြန်ပေးလျက်ရှိသည်။ ဩဂုတ် ၃ ရက် နံနက် ၉ နာရီအချိန် ခန့်မှန်းချက်အရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် မုတ်သုံလေအသစ်တိုးဝင်မှု (Fresh Monsoon Surge) ဖြစ်လာနိုင်ပြီး ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများ မကြာခဏကျရောက်လာနိုင်ပြီး ရေပြင်မြေပြင်လေသည် တစ်နာရီ မိုင် ၃၀၊ ၃၅ မိုင်ခန့်ထိ တိုက်ခတ်နိုင်သည်ဟု ဦးထွန်းလွင်က ခန့်မှန်းထားသည်။ ယင်းကိုအကြောင်းပြု၍ မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအသင့်အတင့်ရှိနိုင်ပြီး လှိုင်းအမြင့် ၅-၇ ပေခန့်ရှိနိုင်သည်ဟု သိရသည်။ ကိုကိုးကျွန်း ပတ်ဝန်းကျင်တွင် လှိုင်းကြီးနိုင်ပြီး လှိုင်းအမြင့် ၈-၁၀ ပေခန့်ရှိနိုင်သည်ဟု သိရသည်။

**(ဆုနှင်းလဲ့)**

# ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိ

**ပြီးခဲ့သည့် ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပွားပြီး လမ်း၊ တံတား၊ လယ်ယာမြေနှင့် နေအိမ်အချို့ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့သည်။**

ပြည်သူများ၏ အသက်ဆုံးရှုံးမှု မဖြစ်ပွားစေရန်၊ ထိခိုက်ဒဏ်ရာရရှိမှုများ တားဆီးပေးနိုင်ရန်၊ အသက်အိုးအိမ်ပစ္စည်းဥစ္စာများကို ကာကွယ်ပေးနိုင်ရန်အတွက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် စီမံခန့်ခွဲရေးကော်မတီများကို ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ဖွဲ့စည်းပြီး သဘာဝဘေးတုံ့ပြန်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်သမ္မတသည် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များကို သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ်ကြေညာပြီး ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ရေကြီးရေလျှံမှုဖြစ်ပွားသည့် အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌လည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် စီမံဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ချိန်များတွင် ယှဉ်တွဲဖြစ်ပေါ်လေ့ရှိသည်မှာ ကျန်းမာရေးဆိုင်ရာပြဿနာများပင်ဖြစ်သည်။ ထို့ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများထံ သွားရောက်မေးမြန်းခဲ့မှုများအား ဖော်ပြလိုက်ပါသည်-



ဒေါက်တာယဉ်သန္တာလွင်။



ဒေါက်တာသီတာလှ။



ဒေါက်တာထွန်းတင်။



ဒေါက်တာတိုးသီရိအောင်။

**ဒေါက်တာဒေါ်ယဉ်သန္တာလွင်**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန)**

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အဓိကထားပြီး ဆောင်ရွက်တဲ့အခါမှာ ပြည်သူတွေ အသက်အန္တရာယ် ထိခိုက်လာနိုင်တဲ့ အခြေအနေမျိုးတွေ၊ ရောဂါတွေ၊ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်တာတွေဆိုရင် ရာသီအလိုက် နှိုးဆော်ချက်တွေ၊ အသိပေးတာတွေကို ဆောင်ရွက်ပါတယ်။ အခု မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ မိုးကြီးတဲ့အတွက်ကြောင့် ရေကြီးရေလျှံမှုတွေဖြစ်တယ်။ သဘာဝဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့လာရင် ကျန်းမာရေးနဲ့ ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန် နှိုးဆော်ချက်တွေကို ဇွန်လကတည်းက စတင်ပြီး ပြည်သူလူထုကို အသိပေးတာတွေ ပြုလုပ်ပါတယ်။

မိုးလေဝသနဲ့ ဇလဗေဒဦးစီးဌာနနဲ့ချိတ်ဆက်ပြီးတော့ ကြိုတင်ပြင်ဆင်မှုတွေကို ဆောင်ရွက်ထားပါတယ်။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းတွေကို လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အရေးပေါ်ကွပ်ကဲရေးဗဟိုဌာနကို ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးနေပါတယ်။ အရေးပေါ်အခြေအနေမှာ သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ ဆက်သွယ်ရရှိဖို့ ဆူနာမီသတိပေးချက်တွေ၊ မုန်တိုင်းသတင်းတွေ၊ သတိပေးချက်တွေ၊ ထပ်ဆင့်သတိပေးချက်တွေ ဆောင်ရွက်လျက်ရှိပါတယ်။

သဘာဝဘေးအန္တရာယ်တွေနဲ့ ပတ်သက်တဲ့ အရေးပေါ်စောင့်ရှောက်မှုလုပ်ငန်းတွေကို လုပ်နိုင်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်တွေမှာ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တွေ ဖွဲ့စည်းပြီး စီမံချက်တွေ ရေးဆွဲဆောင်ရွက်ပါတယ်။ အရေးပေါ်ဖြစ်လာတဲ့အခါ၊ ဒုက္ခရောက်သူတွေ အသက်အန္တရာယ်ရှိလာပြီဆိုတဲ့အခါ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့က စောင့်ရှောက်ပေးနေပါတယ်။

အဲဒီအဖွဲ့တွေကလည်း တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ကျေးရွာတွေအထိကို လေ့ကျင့်ပေးထားတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာဆိုရင် အရေးပေါ်အခြေအနေတွေ ကြေညာထားတယ်။ အရေးပေါ်အခြေအနေရှိတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ညွှန်ကြားရေးမှူးတွေဖြန့်ပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။

လူတွေအတွက် အရေးကြီးဆုံးက ရေကောင်းရေသန့်ရရှိဖို့ပါ။ ရေကောင်းရေသန့်ရရှိဖို့အတွက် အားလုံးကူညီဆောင်ရွက်ပေးကြဖို့ လိုပါတယ်။ ကျွန်မတို့ဌာနအနေနဲ့ကတော့ ရေတွင်းရေကန်ကို ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ လေဘေး၊ ရေဘေးကြောင့် ညစ်ညမ်းသွားတဲ့ ပတ်ဝန်းကျင်ကို ပြည်သူ့ကျန်းမာရေးဌာနက သန့်ရှင်းရေးလုပ်ငန်းတွေ လုပ်ဆောင်တဲ့အပြင် သန့်ရှင်းတဲ့ အစားအစာရရှိရေးအတွက်ပါ ဆောင်ရွက်ရပါတယ်။

အဲဒီလိုဖြစ်တဲ့အခါမှာ ထိခိုက်လွယ်တဲ့ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင် မိခင်တွေ၊ ကလေးသူငယ်တွေအတွက် ဦးစားပေးအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပြုလုပ်ပေးပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးတဲ့အခါမှာ လူတွေအားလုံးဟာ စိတ်အားငယ်မှုတွေ ဖြစ်တတ်တဲ့အတွက် အားပေးခြင်းလုပ်ငန်း၊ စိတ်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အသည်းရောင် အသားဝါရောဂါ၊ အဆိပ်သင့်တာ စတဲ့ရောဂါတွေကို ကာကွယ်နှိမ်နင်းဖို့ ပြည်သူ့ကျန်းမာရေးဌာနက ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အရေးကြီးဆုံး တစ်ခုကတော့ ပြည်သူတွေကို ကျန်းမာရေး အသိပညာပေးခြင်းပဲ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေမှာဆိုရင် ကျန်းမာရေးဝန်ကြီးဌာနက ဝန်ထမ်းတွေသာ မကဘဲ နှီးနွှယ်နေတဲ့ဌာနတွေ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းတွေ အကုန်လုံးကလည်း ပါဝင်ကူညီသွားဖို့ လိုအပ်သလို သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းတွေက ဦးဆောင်ပြီး မိမိဒေသရဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို အမြဲတမ်းစောင့်ရှောက်မှုပေးနိုင်အောင် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာထွန်းတင်**
**(ဒုတိယညွှန်ကြားရေးမှူး၊ ကူးစက်ရောဂါတိုက်ဖျက်ရေးဌာန)**

သဘာဝဘေး မကျရောက်မီ ပြင်ဆင်တဲ့အပိုင်း၊ သဘာဝဘေး ကျရောက်တဲ့အချိန်မှာ လုပ်ဆောင်တဲ့အပိုင်း၊ သဘာဝဘေးကျရောက်ပြီးတဲ့နောက်ပိုင်းမှာ ဆက်လက်ဆောင်ရွက်ရမယ့် အပိုင်းဆိုပြီး ရှိပါတယ်။ မကျရောက်ခင် အပိုင်းမှာ သဘာဝဘေးကျရောက်တဲ့ အခါမှာ အဓိကကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီးလုပ်နေတဲ့ အပိုင်းရှိပါတယ်။ ကြိုတင်သတိပေးတဲ့စနစ် ကျွန်တော်တို့ဆီမှာရှိပါတယ်။ သဘာဝဘေး ကျရောက်မှုမရှိခင်မှာ သဘာဝဘေးနဲ့ပတ်သက်တဲ့ စီမံချက်တွေ ကြိုတင်ရေးဆွဲထားတာ ရှိပြီးဖြစ်ပါတယ်။ ဒီစီမံချက်တွေကြောင့် အရှေ့ပိုင်းက သဘာဝဘေးဒဏ်တွေမှာ အသက်ပေါင်းမြောက်မြားစွာ ဆုံးရှုံးခဲ့ပေမယ့် အခုနောက်ပိုင်း သဘာဝဘေးက အသက်အန္တရာယ် ဆုံးရှုံးမှုတွေကို လျှော့ချနိုင်ခဲ့တာ တွေ့ရပါတယ်။ ဒါက စီမံချက်တွေရဲ့ အသက်ဝင်လှုပ်ရှားမှုလို့ ပြောနိုင်ပါတယ်။

သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်တဲ့ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ကို တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်အထိ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အဲဒီအဖွဲ့တွေက သဘာဝဘေး ကျရောက်တဲ့အခါမှာ ရေဝင်ရောက်မှု၊ ရေလျှံမှုတွေနဲ့ ပတ်သက်ပြီး ကွင်းဆင်းဆောင်ရွက်ပါတယ်။ အဲဒီအဖွဲ့တွေက ရှာဖွေခြင်းနဲ့ ကယ်ဆယ်ခြင်းလုပ်ငန်းတွေကို ဝိုင်းဝန်းဆောင်ရွက်ပေးပါတယ်။ တစ်ချိန်တည်းမှာပဲ သဘာဝဘေးကျရောက်ပြီးတဲ့အခါမှာ ပြည်သူလူထုတွေကို ယာယီစခန်းတွေနဲ့ ခိုလှုံရာနေရာတွေ စီစဉ်ပေးပြီး စောင့်ရှောက်ထားလျက်ရှိပါတယ်။

ကယ်ဆယ်ရေး စခန်းတွေမှာ ပြည်သူလူထုရဲ့ ကျန်းမာရေးကို အပြည့်အဝ တာဝန်ယူဆောင်ရွက်ပေးပါတယ်။ လိုအပ်တဲ့ဆေးနဲ့ ဆေးပစ္စည်းတွေ၊ အထောက်အကူပစ္စည်းတွေကို ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပံ့ပေးပါတယ်။ စခန်းကို ခေတ္တလာရောက်ခိုလှုံနေတဲ့ ပြည်သူတွေအတွက် ဝမ်းပျက်၊ ဝမ်းလျှောရောဂါတွေ၊ ဝမ်းကိုက်ရောဂါတွေ၊ အသည်းရောင်အသားဝါ စတဲ့ရောဂါတွေ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သန့်ရှင်းတဲ့ သောက်သုံးရေရရှိဖို့ အထူးအလေးပေးပြီး ဆောင်ရွက်ပါတယ်။ ရေထွက်ပင်ရင်းတွေကို သန့်ရှင်းတဲ့သောက်သုံးရေရဖို့ ရေသန့်ဆေးကို နေ့စဉ် ခတ်ပေးပါတယ်။ ဒါ့အပြင် လိုအပ်တဲ့စောင့်ရှောက်မှုတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ဒေါက်တာသီတာလှ**
**(ညွှန်ကြားရေးမှူး၊ ကုသရေးဦးစီးဌာန)**

ကုသရေးဦးစီးဌာနအနေနဲ့ကတော့ ရေဘေးသင့်ဒေသတွေမှာရှိတဲ့ ဆေးကုသရေးစခန်းမှာလိုအပ်တဲ့ ဆေးနဲ့ ဆေးပစ္စည်းတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်။ ရေကြီးရေလျှံမှုတွေ ဖြစ်ဖြစ်ချင်းမှာပဲ ရန်ကုန်မြို့ ဆေးသိုလှောင်ရေးဌာနမှာရှိတဲ့ ဆေးနဲ့ ဆေးပစ္စည်းတွေကို သဘာဝရေဘေးအန္တရာယ် ကျရောက်နေတဲ့ ပြည်သူတွေသုံးဖို့အတွက် တိုက်ရိုက်ပို့ဆောင်ပေးပါတယ်။ တချို့နေရာတွေက လမ်းပန်းဆက်သွယ်ရေးခက်တော့ မရောက်နိုင်တဲ့အတွက် ရဟတ်ယာဉ်နဲ့ ပို့ဆောင်နေရတာတွေ ရှိပါတယ်။ အခုလည်း နေပြည်တော်ဆေးရုံကို အခြေပြုပြီး ဆေးပစ္စည်းတွေကို ရန်ကုန်ကနေတစ်ဆင့် သယ်ထားတယ်။ အရေးကြီးတာက ရေကျသွားတဲ့အခါမှာ မြွေအန္တရာယ်ရှိပါတယ်။ အဲဒါကြောင့် မြွေဆိပ်ဖြေဆေးကိုလည်း ရေဘေးသင့်ဒေသတွေကို အရောက်ပို့နေပါတယ်။ မြွေဆိပ်ဖြေဆေးက အရင်တုန်းကတော့ မလုံလောက်တဲ့ အနေအထားတွေရှိတယ်။ မြန်မာနိုင်ငံမှာလည်း မြွေဆိပ်ဖြေဆေးနဲ့ ပတ်သက်ပြီးတော့ အခက်အခဲလေးတွေ ရှိခဲ့တယ်။ မလိုလားအပ်တဲ့ ပြဿနာတွေလည်းဖြစ်ခဲ့ရတယ်။ အခုအခါမှာတော့ လက်ရှိပြည်သူ့ဆေးရုံတွေမှာ တချို့လည်း မြွေအန္တရာယ်ဖြစ်မှု မဟုတ်ပါဘူး။ မဖြစ်ခင်ကတည်းကလည်း လိုအပ်မယ့် အနေအထားကို လုံလောက်အောင် ဖြန့်ဖြူးပေးနိုင်မယ့် အနေအထားရှိပါတယ်။

နောက်တစ်ခုက အရေးပေါ်ဖြစ်လာရင် အဖွဲ့(၂၀)ဖွဲ့ထားပါတယ်။ အဲဒီအဖွဲ့တွေက သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးတွေကို သွားပြီး သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ပေါင်းပြီး ဘယ်လိုအချိန်မျိုးမှာ လူနာတွေကို ရွှေ့တော့မယ်၊ ဘယ်လိုအချိန်မျိုးမှာ ဆေးရုံကို ပိတ်သိမ်းရမယ်ဆိုတာကို ကြေညာဖို့အတွက် အရေးပေါ်ဆေးကုသရေးပညာပေး အဖွဲ့ငယ်တွေဖွဲ့ထားပြီး ဆောင်ရွက်ပါတယ်။ နောက်ပြီး အထူးကုတွေပါဝင်တဲ့ ရန်ကုန်မှာ(၂)ဖွဲ့၊ မန္တလေးမှာ(၂)ဖွဲ့ ကြိုတင်ပြီးတော့ ဖွဲ့ထားပြီးဖြစ်ပါတယ်။ ကလေးတွေလည်းပါတဲ့အတွက် ကလေးအထူးကု၊ သမားတော်၊ အရိုးအထူးကု၊ အရေးပေါ်ဆေးကုသမှုပညာဆရာဝန်တွေ ဖွဲ့ထားပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဌာနမှူးရဲ့ အစီအစဉ်နဲ့ ရေဘေးအန္တရာယ်ဖြစ်တဲ့ နေရာတွေကို သွားရောက်ပြီးတော့ ကုသမှုလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ကုသရေးမှူးတွေ ရှိပါတယ်။ ကုသရေးဦးစီးဌာနမှူးတွေကလည်း ရေနစ်မြုပ်တဲ့ ဆေးရုံတွေ၊ လူနာစာရင်း၊ အသေအဆုံးစာရင်းတွေ ကောက်ပါတယ်။ တချို့ရေကြီးတဲ့ နေရာမှာ ဆက်သွယ်ရေးပြတ်တောက်သွားတဲ့အတွက် သတင်းပေးပို့မှုတွေ အချိန်နဲ့တစ်ပြေးညီ မရရှိတဲ့ အနေအထားမျိုးရှိပါတယ်။ အခုတော့ ကျွန်မတို့ သတင်းစုဆောင်းနေဆဲဖြစ်ပါတယ်။

**ဒေါက်တာတိုးသီရိအောင်**
**(ဒုတိယညွှန်ကြားရေးမှူး၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာန)**

သဘာဝဘေး ဖြစ်ပွားလာရင် ကျန်းမာရေးဆိုင်ရာ ကူးစက်ရောဂါတွေကို ထိရောက်စွာ ဆောင်ရွက်နိုင်အောင် ဌာနတွင်းမှာရော၊ သက်ဆိုင်ရာ နှီးနွှယ်တဲ့ အဖွဲ့အစည်းတွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝဘေးဖြစ်ပွားမှုနဲ့ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်ပြဿနာဖြစ်ပွားမှုတွေကို Emergency operation Center ဖွဲ့ပြီး လိုအပ်တဲ့ ဆောင်ရွက်မှုတွေကို ချိတ်ဆက်ပေးပါတယ်။ အရေးကြီးတဲ့ အချိန်တွေမှာဆိုရင် တယ်လီဖုန်းနဲ့ တိုက်ရိုက်ညွှန်ကြားမှုတွေကိုလည်း ဆောင်ရွက်ပါတယ်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးတဲ့ အချိန်တွေမှာဆို ဘယ်နေရာတွေကို ကွင်းဆင်းဆောင်ရွက်ရမလဲ။ ဗဟိုရဲ့ အကူအညီ ဘယ်လိုပေးရမလဲ။ ရောဂါကာကွယ်ရေးပစ္စည်းတွေ၊ ဆေးကုသရေးအတွက် ပစ္စည်းလိုအပ်ချက်တွေကို မေးပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းလို အကူအညီပေးနိုင်တဲ့ အဖွဲ့အစည်းတွေနဲ့ လိုအပ်တဲ့ အကူအညီတွေရဖို့၊ လိုအပ်တဲ့ လူအင်အားတွေရရှိဖို့ ချိတ်ဆက်ဆောင်ရွက်ပေးတဲ့အပိုင်းတွေကို လုပ်ဆောင်ပေးပါတယ်။

အရေးပေါ်ဖြစ်ပွားတဲ့နေရာတွေမှာလည်း ဘယ်လိုကူးစက်ရောဂါတွေ ဖြစ်ပွားနေတယ်ဆိုတာကို အချိန်နဲ့တစ်ပြေးညီ စုံစမ်းမှုတွေပြုလုပ်ပြီး ဘယ်လိုနေရာမျိုးတွေကိုတော့ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းတွေ ပိုပြီးဆောင်ရွက်ရမယ်ဆိုတဲ့အပေါ် လိုအပ်တဲ့ ပံ့ပိုးမှုတွေ ဆောင်ရွက်ပေးပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အထူးရောဂါနှိမ်နင်းရေးအဖွဲ့တွေ ရှိပါတယ်။ သဘာဝဘေးကျရောက်ခဲ့ရင် ကာကွယ်ရေးနဲ့ ရောဂါထိန်းချုပ်ရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ စီမံချက်တွေရေးဆွဲချမှတ်ထားတဲ့အတိုင်း အခုလက်ရှိမြေပြင်မှာ ဆောင်ရွက်နေပါတယ်။

ကယ်ဆယ်ရေးစခန်းတွေမှာ ညွှန်ကြားရေးမှူးတွေဦးစီးပြီး ရောဂါကာကွယ်ရေးနဲ့ နှိမ်နင်းရေးလုပ်ငန်းတွေကို အခြေချဆောင်ရွက်ပေးနေပါတယ်။ ကယ်ဆယ်ရေးစခန်းတွေမှာ ယာယီဆေးခန်းတွေ ဖွင့်လှစ်ပြီးတော့ ကူးစက်ရောဂါဖြစ်ပွားမှု အခြေအနေကို သေချာစောင့်ကြပ်ကြည့်ရှုနေပါတယ်။ ဆေးရုံတက်ရောက်ကုသဖို့ လိုအပ်တဲ့ လူနာတွေကို အမြန်ဆုံးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ ရေဘေးသင့်တဲ့ ဒေသတွေအတွက် လိုအပ်တဲ့ ရေသန့်စင်တဲ့ဆေးတွေ၊ မြွေဆိပ်ဖြေဆေးတွေ၊ ဆေးဝါးပစ္စည်းတွေကို လိုအပ်သလောက် ပံ့ပိုးဖြည့်ဆည်းပေးနေပါတယ်။

ရေကြီးရေလျှံဖြစ်ပေါ်ခဲ့တဲ့ ဒေသတွေဟာ ရေတက်ပြီးတော့မှ ပြန်ကျသွားတဲ့အတွက် ရေမှတစ်ဆင့်ဖြစ်ပွားတတ်တဲ့ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ယားနာစတဲ့ ရောဂါတွေ ဖြစ်နိုင်ပါတယ်။ အခုလို ကာကွယ်ရေးလုပ်ငန်းတွေကို စောင့်ကြပ်ကြည့်ရှုပြီး ဆောင်ရွက်နိုင်တယ်ဆိုရင် ကပ်ရောဂါလို ကြီးကြီးမားမား မဖြစ်ပွားနိုင်ပါဘူး။ အခုလို စောင့်ကြပ် ကြည့်ရှုနေတဲ့အတွက် ဖြစ်ပွားမှုနည်းနည်းလေး ဖြစ်လာပြီဆိုတာနဲ့ တုံ့ပြန်မှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်တဲ့အတွက် ကူးစက်ရောဂါတွေကိုထိန်းချုပ်နိုင်ဖို့ အမြဲမပြတ်စောင့်ကြည့်နေပါတယ်။ ။

**ကျော်သူထက်**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၃

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၁ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၄၀' |
| ၂။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၇. ၀၀' |
| ၃။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၂. ၄၀' |
| ၄။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၆၀' |
| ၅။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၄. ၅၀' |
| ၆။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၇၀' |
| ၇။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၇၀' |
| ၈။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၄၀' |
| ၉။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၃. ၁၀' |
| ၁၀။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၃. ၁၀' |
| ၁၁။ | ကန်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၂၀' |
| ၁၂။ | ဆွာရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၄၀' |
| ၁၃။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၁၀' |
| ၁၄။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၇၀' |
| ၁၅။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၆။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၄၀' |
| ၁၇။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၉၅' |
| ၁၈။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၇၀' |
| ၁၉။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၂၀။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၆၀' |
| ၂၁။ | တောင်နဝင်းရေလှောင်တမံ | ၂၁၁၉၆ | ၀. ၈၂' |
| ၂၂။ | စဉ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၄၀' |
| ၂၃။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၂. ၁၀' |
| ၂၄။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၁. ၃၀' |
| ၂၅။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၂. ၇၀' |
| ၂၆။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၁၅. ၉၀' |
| ၂၇။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၂. ၃၀' |
| ၂၈။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၁၈. ၁၀' |
| ၂၉။ | မဒေးရေလှောင်တမံ | ၅၃၉၀၈ | ၀. ၉၀' |
| ၃၀။ | တောင်ခင်ရန်းရေလှောင်တမံ | ၁၁၇၂၆ | ၀. ၅၀' |
| ၃၁။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၅၀' |
| ၃၂။ | ဝန်ချောင်းရေလှောင်တမံ | ၁၆၆၇ | ၁. ၀၀' |
| ၃၃။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၁. ၀၀' |
| ၃၄။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၄၀' |
| ၃၅။ | ဝါးပါးရေလှောင်တမံ | ၄၁၅၀ | ၀. ၂၅' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၁. ၀၃' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၁. ၀၀' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၁. ၁၀' |
| ၃၉။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၁. ၄၀' |
| ၄၀။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၁. ၅၀' |
| ၄၁။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၂. ၉၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော် ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၁ | ၁. ၅၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၅၅ | ၁. ၀၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၄၉၀ | ၂၆. ၀၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၆၆၀ | ၂၇. ၈၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၂၀၇၉၉ | ၇. ၂၉' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၂၄၉၁ | ၁၀. ၁၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၈ | ၆. ၆၁' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၆၅၈၁ | ၉. ၂၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၇၃၄ | ၅. ၉၂' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၆၉၆၇ | ၂၁. ၇၅' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၉၂၁၀ | ၄. ၉၀' |
| ၁၃။ | လွိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၁၀၆၅ | ၆. ၃၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၈၄၇၁၀၈ | ၀. ၃၀' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၅၃၅၈၆ | ၃၆. ၃၀' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၇၇၂၄၈ | ၁၃. ၉၀' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၃၃၉၉၄ | ၂၂. ၆၀' |
| ၁၈။ | စလူးရေလှောင်တမံ | ၉၀၀၀၀ | ၄၇၅၆၀ | ၁၂. ၃၅' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၃၀၅၀၀ | ၄. ၅၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၈၄၂၀၀ | ၉၀. ၈၀' |
| ၂၁။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁၇၇၀၀၀ | ၀. ၃၀' |
| ၂၂။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၇၉၆၄၇ | ၆၀. ၄၀' |

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်စည်းဝေး

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်နှင့် ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ ခြောက်လပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တရားသူကြီးချုပ်ဦးဝင်းဆွေက အမှာစကားပြောကြားကာ ခရိုင်တရားသူကြီးများက ခရိုင်အလိုက် တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြချက်များအပေါ် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေက ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ၏လက်ရှိ ကြုံတွေ့လျက်ရှိသည့် ရာသီဥတုဆိုင်ရာ အထူးဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ငါးလုပ်ငန်းဆိုင်ရာ အကြံပေးကော်မတီဝင် မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာဦးထွန်းလွင်က မြန်မာနိုင်ငံ၏ လက်ရှိကြုံတွေ့လျက်ရှိသည့် ရာသီဥတုဆိုင်ရာ အထူးဟောပြောပွဲကို ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များ၊ လုပ်ငန်းဆိုင်ရာအသင်းများ၏ အလုပ်အမှုဆောင်များ၊ လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

### ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါးစုဆောင်းဖြန့်ဖြူးခဲ့မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၃

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း | | | | | မိုးစပါးစုဆောင်းပြီး | | မိုးစပါးဖြန့်ဖြူးပြီး | |
|---|---|---|---|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | - | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၂၉၉၈၀ | ၂၇၆၅၆ | ၁၁၁၂၈ | ၈၄၈၀ | - | ၁၇၅၀ | ၁၅၅၂ | - | ၁၃၈၀ |
| ၃။ | ကရင်ပြည်နယ် | ၁၁၆၂ | ၈၂၀ | ၂၂၀ | - | - | ၅၀၀ | - | - | - |
| ၄။ | ချင်းပြည်နယ် | ၂၄၅ | ၂၄၅ | ၂၄၅ | ၂၀၀ | - | - | - | - | - |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၇၀၂၆၅ | ၇၅၇၆၀ | ၅၉၉၄၄ | ၃၈၄၁၂ | ၁၅၅ | ၄၀၈၅၀ | - | ၄၀၈၅၀ | - |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ၂၈၁၂၄၁ | ၆၇၈၇၈ | ၃၇၁၉ | ၁၇၇၂ | - | ၂၂၉၇၅ | ၇၀၀၀၀ | - | - |
| ၇။ | မကွေးတိုင်းဒေသကြီး | ၇၉၀၆၃ | ၂၂၆၃ | ၇၈၀၉၃ | ၅၃၁၉ | - | ၇၅၀၀ | - | - | - |
| ၈။ | မန္တလေးတိုင်းဒေသကြီး | ၃၃၅၈ | ၃၃၅၈ | ၈၃ | ၉ | - | ၁၈၆၅၀ | - | ၁၈၆၅၀ | - |
| ၉။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၄၈၉၁ | - | - | - | ၁၆၃၂၀ | - | - | - |
| ၁၀။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၃၉၄၁ | ၂၇၀၉၈၃ | ၁၄၄၀ | ၇၂၅ | ၁၄၅၅၀ | - | ၁၅၀၀ | - |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | ၄၆၃၈၂ | ၅၄၆၂ | ၁၀ | - | - | ၅၅၀၀ | - | - | - |
| ၁၂။ | ရှမ်းပြည်နယ် | ၉၀၉၈ | ၈၄၈၄ | ၁၂၄၈ | ၃၄၁ | ၆၃ | ၁၄၁၈၂ | ၁၀၂၆၃ | - | - |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ၁၁၉၁၉၇ | ၁၉၀၃၅ | ၇၉၈ | ၁၈၀ | - | ၃၀၁၀၀ | - | - | - |
| | **စုစုပေါင်း** | **၁၀၄၄၂၄၃** | **၂၁၉၈၁၇** | **၄၂၆၇၂၂** | **၅၆၁၆၃** | **၉၄၃** | **၁၇၂၈၇၇** | **၈၁၈၁၅** | **၆၁၀၀၀** | **၁၃၈၀** |

ရေလွှမ်းမိုးမှု

မတိုင်မီ

မိုးလေဝသ

သတင်းကို

အမြဲမပြတ်နားထောင်ပါ

# ရွှေကျင်မြို့နယ်၌ ရေကြီးရေလျှံမှုဖြစ်ပွား၊ ရေဘေးကယ်ဆယ်ရေးစခန်း ၁၀ ခုဖွင့်လှစ်၍ ကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်

သတင်း - ကိုသက်(ဗိုလ်တထောင်)
ဓာတ်ပုံ - ဌေးအောင်(ကြေးမုံ)

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ရေကြီးရေလျှံမှု ဖြစ်ပွားလျက်ရှိရာ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်း ၁၀ ခုဖွင့်လှစ်၍ ကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို သတင်းသွားရောက်ယူခဲ့ပါသည်။

ရွှေကျင်မြို့နယ်၌ ဇူလိုင် ၂၉ ရက်မှစတင်၍ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ဇူလိုင် ၃၀ ရက်မှစတင်ကာ ရေဘေးကယ်ဆယ်ရေးစခန်း ၁၀ ခုဖွင့်လှစ်၍ သက်ဆိုင်ရာဒေသတာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းအသီးသီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ရွှေကျင်မြို့နယ်တွင် ရပ်ကွက်ရှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၁ အုပ်စုရှိပြီး ရပ်ကွက်ခြောက်ရပ်ကွက်၊ကျေးရွာအုပ်စု ၂၉ အုပ်စုတို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိရာ အိမ်ထောင်စု ၅၄၅စု၊ လူဦးရေ ၂၆၈၅ ဦး ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းနေထိုင်နေရကြောင်း တွေ့မြင်ခဲ့ရသည်။

အဆိုပါကယ်ဆယ်ရေးစခန်းသို့လာရောက်၍ ရေဘေးရှောင်လျက်ရှိသည့် ကိုအေးကျော်က "ကျွန်တော်တို့အိမ်က ကမ်းခြေနဲ့နီးတဲ့အတွက် အိပ်ရာထဲထိရေကနှစ်ပေမြင့်တက်နေပါတယ်။ မိသားစု ၁၀ ဦးရှိပါတယ်။ ကလေးငယ်တွေများတယ်။ အမြွာတွေလည်းပါတယ်။ ကျောင်းတက်နေသူက သုံးဦးရှိတယ်။ ရေစတင်ကြီးတာနဲ့ ကျွန်တော် ကျေးရွာအုပ်ချုပ်ရေးမှူးကို အကူအညီတောင်းခံပါတယ်။ သူတို့ကချက်ချင်း လှေစီစဉ်ပေးပါတယ်။ ကျန်းမာရေးနဲ့ စားရေးသောက်ရေးက အခုအချိန်ထိလုံလောက်မှုရှိပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ စေတနာရှင်ပြည်သူတွေက ထမင်းထုပ်၊ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်ထုပ်၊ ဆေးဝါး၊ အသုံးအဆောင်ပစ္စည်းတွေကို ထောက်ပံ့ပေးပါတယ်။ ကျွန်တော်ကမိသားစုများတော့ ထမင်းထုပ်အပြင် ချက်ပြုတ်စားသောက်ရပါသေးတယ်။ အခုအချိန်ထိတော့ အားလုံးအဆင်ပြေပါတယ်" ဟု ပြောသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးနေစဉ်။

ထို့နောက် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်ပြည်သူ့ဆေးရုံ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့၊ မြို့နယ်တိုင်းရင်းဆေးအဖွဲ့တို့ကလည်း ဆောင်ရွက်ပေးလျက်ရှိရာ ရွှေကျင်မြို့နယ် တိုင်းရင်းဆေးဦးစီးမှူး ဒေါ်နှင်းအိအိက "ကျွန်မတို့ ကယ်ဆယ်ရေးစခန်း ၁၀ ခုကို လှည့်လည်ကုသပေးလျက်ရှိပါတယ်။ အဓိကကတော့ ရေဘေးသင့်ပြည်သူတွေထဲမှာ အအေးမိ၊ နှာစေး၊ ချောင်းဆိုး၊ အဆုတ်ရောင်၊ ဝမ်းပျက် ဝမ်းလျှောတွေကဖြစ်တတ်ပါတယ်။ ရေကြီးရေလျှံ ဖြစ်တိုင်း ကျွန်မတို့တိုင်းရင်းဆေးအဖွဲ့က ကူညီဖို့အသင့်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

ယင်းနောက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နည်လှည့်ဆေးကုသရေးအဖွဲ့မှ ဗိုလ်ကြီးစောမင်းက "ကျွန်တော်တို့မှာ အဖွဲ့နှစ်ဖွဲ့ခွဲထားပါတယ်။ တစ်ဖွဲ့က မဒေါက်မှာပါ။ ကယ်ဆယ်ရေးစခန်း ၁၀ ခုလုံး လှည့်လည်ကုသပေးမှာပါ။ အထူးသဖြင့် အိမ်ထောင်စုများတဲ့ ကယ်ဆယ်ရေးစခန်းတွေကိုတော့ ရက်အနည်းငယ်ပိုနေပြီး ကုသပေးမှာပါ။ လက်ရှိတော့ ရွှေတောင်ဦးကယ်ဆယ်ရေးစခန်းမှာ ရေဘေးသင့်ပြည်သူ ၂၀၀ နီးပါး ကုသပေးပြီးဖြစ်ပါတယ်"ဟု ပြောသည်။

ရွှေကျင်မြို့နယ် ရေကြီးရေလျှံမှုဖြစ်ပွားခြင်းနှင့်ပတ်သက်၍ ဒေသခံတစ်ဦးက "ရွှေကျင်မှာ ရေမကြီးတာနှစ်နှစ်လောက်ရှိပါပြီ။ ဒီနှစ်ရေကြီးတာက ပုံမှန်သာသာပဲရှိပါတယ်။ ၁၉၉၇ ခုနှစ်လောက်က ရေကြီးတာကို မမီပါဘူး။ မြို့နယ်က လွှတ်လပ်ရေးကျောက်တိုင်အထိရေရောက်ခဲ့တယ်။ အဲဒီတုန်းကတော့ တော်တော်ဆိုးဆိုးရွားရွားပဲ။ ဒီနှစ်တစ်နိုင်ငံလုံး နေရာအတော်များများမှာ ရေကြီးရေလျှံမှုဖြစ်ပွားနေတယ်။ မဖြစ်ဖူးတဲ့ဒေသတွေမှာတောင်ဖြစ်နေတယ်။ ကျွန်တော်တို့ ရွှေကျင်မြို့မှာ နှစ်စဉ်လိုလို ရေကြီးတတ်ပါတယ်။ ၂၀၁၂ ခုနှစ်နောက်ပိုင်း ရေကြီးရေလျှံမှုက အခုမှပြန်ဖြစ်တာ၊ ဆိုးဆိုးရွားရွား ရေမကြီးတော့ဘူး ဆိုတာကလည်း ၂၀၁၃ ခုနှစ်မှာ ကျောက်ပုံဆိတ်နဲ့ စွန်သိုက်ရေထိန်းမြေသားနံရံတွေကို ဆောက်လုပ်ခဲ့လို့ သက်သာတာပါ။ နောက်ပြီး ရွှေကျင်မြို့နယ် အထောက်အကူပြုကော်မတီက ရွှေကျင်ချောင်းဖြောင့်လုပ်ငန်းကို အရှည်နှစ်မိုင်၊ အကျယ်ပေ ၁၀၀၊ အနက် ရှစ်ပေလောက်တူးခဲ့လို့ပါ။ ဒါတွေတာမလုပ်ခဲ့ရင် ၁၉၉၇ ခုနှစ်ထက် ပိုဆိုးရွားနိုင်ပါတယ်"ဟု အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

# ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ် ၂ ရက်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၃

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၂ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့ရာ ရေဘေးသင့်အိမ်ထောင်စု ၃၃၉၃၁ စုမှ လူဦးရေ ၂၁၇၇၆၈ ဦး ရေဘေးသင့်ခဲ့ပြီး ၄၆ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၃၉၈၇၈၅၅၀၊ အရေးပေါ် အစားအစာတန်ဖိုးငွေကျပ် ၁၁၃၈၅၂၆၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၄၄၉၀၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၅၄၄၀၇၇၀၈ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၈၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၂၃၇၁၅၁၈ ကို ပေးပို့ထောက်ပံ့ခဲ့သည်။ **(သတင်းစဉ်)**

| စဉ် | ဘေးဖြစ်ပွားသည့်လ တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | - | ၁၈၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | စုစုပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၆၀၀၀၀၀ | ၃၆၉၄၅၇၁၀ | |
| **ဇူလိုင်လ (၁၆) ရက်နေ့မှ ဩဂုတ်လ (၂)ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၅ | ၇၆၇၁ | ၁၀၀၆၅၄ | ၇ | ၁၈၅၃၂၇၅၀ | - | ၁၇၅၀၀၀၀ | ၉၃၆၅၇၂၀ | ၆၀၀၀၀၀ | ၃၀၂၄၈၄၇၀ | |
| ၂။ | ကချင်ပြည်နယ် | ၂ | ၁၀၉၅ | ၆၀၆၃ | ၁ | ၁၂၇၀၃၂၅၀ | - | - | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၅၇၁၃၇၉၀ | |
| ၃။ | ရှမ်းပြည်နယ် | ၃ | ၅ | ၄၄၇၂ | ၅ | - | - | - | ၁၄၇၂၆၈၈ | - | ၁၄၇၂၆၈၈ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၈၈ | ၄၃၅ | ၂၂၃၇ | ၈ | - | - | ၂၈၅၀၀၀၀ | ၁၂၅၇၇၆၂ | ၅၀၀၀၀၀ | ၄၁၀၇၇၆၂ | (၃)ဦးပျောက်ဆုံး |
| ၅။ | ချင်းပြည်နယ် | ၂၄၉ | ၁၀၇၈ | ၃၇၈၀ | - | - | - | - | ၄၈၅၄၆၈ | - | ၄၈၅၄၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၅၁၈၈ | ၆၇၀၄ | ၃၂၃၆၀ | ၁၈ | - | - | - | ၅၅၁၆၅၀၀ | - | ၅၅၁၆၅၀၀ | |
| ၇။ | ကရင်ပြည်နယ် | - | ၃၆၀ | ၁၈၆၇ | - | ၅၀၉၅၂၀၀ | ၅၄၇၄၂၈၀ | - | - | - | ၁၀၅၆၉၄၈၀ | |
| ၈။ | မွန်ပြည်နယ် | - | ၁၄၆၆ | ၆၄၄၃ | - | - | ၂၁၁၈၂၀၀ | - | ၃၂၅၂၉၈၀ | - | ၅၃၇၁၁၈၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | - | ၃၈၆၄ | ၁၇၁၃၂ | - | - | - | - | ၁၄၇၃၁၂၀ | - | ၁၄၇၃၁၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၂ | ၂၅၉၄ | ၂၅၅၉၆ | - | - | - | - | ၁၁၈၂၁၀၂၀ | - | ၁၁၈၂၁၀၂၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | - | ၁၉၁ | ၈၀၄ | - | - | - | - | ၈၂၉၂၆၀ | - | ၈၂၉၂၆၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၃၄၉ | ၁၄၄၈ | - | - | - | - | ၃၁၇၀၇၀ | - | ၃၁၇၀၇၀ | |
| | **စုစုပေါင်း** | **၅၅၆၇** | **၂၅၈၁၃** | **၂၀၂၈၅၇** | **၃၉** | **၃၆၃၃၁၂၀၀** | **၇၅၉၂၄၈၀** | **၄၆၀၀၀၀၀** | **၃၈၇၀၂၁၂၈** | **၁၂၀၀၀၀၀** | **၈၈၄၂၅၈၀၈** | |
| | **ဇွန်လနှင့် ဇူလိုင်လ စုစုပေါင်း** | **၅၉၇၂** | **၂၇၉၅၉** | **၂၁၇၇၆၈** | **၄၆** | **၃၉၈၇၈၅၅၀** | **၁၁၃၈၅၂၆၀** | **၄၄၉၀၀၀၀၀** | **၅၄၄၀၇၇၀၈** | **၁၈၀၀၀၀၀** | **၁၅၂၃၇၁၅၁၈** | |

# ကလေးမြို့ ကွန်ပျူတာတက္ကသိုလ်မှ ကိုယ်ဝန်ဆောင်ဆရာမတစ်ဦးအား အရေးပေါ် မီးဖွားနိုင်ရန် ရဟတ်ယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း ဇူလိုင် ၂၂ ရက်မှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ကလေးမြို့နှင့် ကလေးဝကားလမ်းပေါ်ရှိ ကွန်ပျူတာတက္ကသိုလ်နေရာတွင် ရေနစ်မြုပ်မှုမရှိသော်လည်း ပတ်ဝန်းကျင်တွင် ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် သွားလာရေးအခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ကွန်ပျူတာတက္ကသိုလ်မှ ကိုယ်ဝန်ဆောင် ဆရာမတစ်ဦးကို အရေးပေါ် မီးဖွားနိုင်ရန်အတွက် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ဩဂုတ် ၂ ရက် ညနေ ၆ နာရီခွဲခန့်က တပ်မတော်ရဟတ်ယာဉ်ဖြင့် တင်ဆောင်ပြီး ကလေးမြို့ တပ်မတော်စစ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။



ထို့ပြင် ကွန်ပျူတာတက္ကသိုလ်တွင် ရေဘေးအန္တရာယ်ကြုံတွေ့နေသော ဆရာ ဆရာမ နှစ်ဦး၊ ဝန်ထမ်း ၁၉ ဦးနှင့် ကျောင်းသား ကျောင်းသူကိုးဦးတို့အတွက် ဆန်ခြောက်အိတ်၊ စားအုန်းဆီတစ်ပုံး၊ ခေါက်ဆွဲခြောက်ခြောက်ဖာ၊ ငါးသေတ္တာ ခြောက်ဖာ၊ ရေသန့်ဘူး ၁၄ ကတ်၊ ဆေးဝါးများနှင့် ဓာတ်ဆီ နှစ်ဂါလန်တို့ကို ယနေ့နံနက် ၁၁ နာရီခွဲခန့်တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင် ဦးစီး၍ တပ်မတော်ရဟတ်ယာဉ်ဖြင့် သွားရောက်ပို့ဆောင်ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်မှ ၃၁ ရက်အထိ ဆိုင်ကလုန်းမုန်တိုင်း "ကိုမန်" (Komen)၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိုင်းထွာရရှိခဲ့သော စုစုပေါင်း မိုးရေချိန်(လက်မ) ပြဇယား

| တိုင်းဒေသကြီးနှင့်ပြည်နယ်များ | မြို့များ | စုစုပေါင်းမိုးရေချိန်(လက်မ) |
|---|---|---|
| စစ်ကိုင်းတိုင်းဒေသကြီး | မော်လိုက်မြို့ | ၁၁. ၃၀ |
| | ကလေးဝမြို့ | ၁၁. ၁၄ |
| | ကလေးမြို့ | ၁၂. ၃၆ |
| | ရွှေဘိုမြို့ | ၇. ၀၅ |
| | မုံရွာမြို့ | ၄. ၆၉ |
| မကွေးတိုင်းဒေသကြီး | ချောက်မြို့ | ၃. ၈၂ |
| | မင်းဘူးမြို့ | ၆. ၁၈ |
| | မကွေးမြို့ | ၆. ၉၃ |
| | အောင်လံမြို့ | ၆. ၈၅ |
| | ဂန့်ဂေါမြို့ | ၈. ၄၆ |
| | ဆင်ဖြူကျွန်းမြို့ | ၇. ၅၆ |
| ချင်းပြည်နယ် | မင်းတပ်မြို့ | ၁၅. ၅၁ |
| | ဟားခါးမြို့ | ၃၁. ၄၂ |
| | ပလက်ဝမြို့ | ၄၂. ၅၂ |
| | ဖလမ်းမြို့ | ၁၇. ၈၃ |
| ရခိုင်ပြည်နယ် | ကျောက်တော်မြို့ | ၅၀. ၅၅ |
| | စစ်တွေမြို့ | ၃၆. ၀၆ |
| | ကျောက်ဖြူမြို့ | ၃၅. ၂၀ |
| | သံတွဲမြို့ | ၂၄. ၈၀ |
| | ဂွမြို့ | ၂၀. ၃၄ |
| | မြောက်ဦး | ၂၉. ၈၄ |

# ရေဘေးသင့်အခြေခံပညာကျောင်းပေါင်း ၁၃၈၇ ကျောင်းအတွက် ပညာရေးဝန်ကြီးဌာနမှ ငွေကျပ် ၃၁၇ သန်းကျော်တန်ဖိုးရှိ စာရေးကိရိယာများ ပေးပို့ထောက်ပံ့လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၁ ခုတွင် ရေကြီးရေလျှံမှုများကြောင့် အခြေခံပညာကျောင်းပေါင်း ၁၃၈၇ ကျောင်း ခေတ္တပိတ်ထားခဲ့ရသည်။

အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရေဘေးသင့်၍ ပိတ်ထားရသော အခြေခံပညာကျောင်းပေါင်း ၁၃၈၇ ကျောင်းရှိပြီး ရေဘေးသင့်နယ်မြေများရှိ ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများကို ပညာရေးဝန်ကြီးဌာနရှိ အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးမှူးရုံးများသို့ ယနေ့နံနက်ပိုင်းမှစ၍ ပေးပို့လျက်ရှိရာ ဗလာစာအုပ်ဒါဇင် ၁၆၀၀၀၀ (တန်ဖိုးငွေကျပ်သန်း ၂၄၀)၊ ခဲတံဒါဇင် ၅၃၃၄၀(တန်ဖိုးငွေကျပ် ၄၅ ဒသမ ၃၃၉ သန်း)နှင့် ဘောပင် ၂၆၆၇၂ ဒါဇင်(တန်ဖိုးငွေကျပ် သန်း ၃၂ ဒသမ ၀၀၆) စုစုပေါင်း ငွေကျပ် သန်းပေါင်း ၃၁၇ ဒသမ ၃၄၄ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ပိတ်ထားရသော ကျောင်းအရေအတွက် | | | | ထောက်ပံ့မှု | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | ဗလာစာအုပ် (ဒါဇင်) | | ခဲတံ (ဒါဇင်) | | ဘောပင် (ဒါဇင်) | | စုစုပေါင်း |
| | | ထက်ဆင့် | လယ်ဆင့် | မူဆင့် | ပေါင်း | အရေအတွက် (ဒါဇင်) | တန်ဖိုး (ကျပ်သန်း) | အရေအတွက် (ဒါဇင်) | တန်ဖိုး (ကျပ်သန်း) | အရေအတွက် (ဒါဇင်) | တန်ဖိုး (ကျပ်သန်း) | တန်ဖိုး (ကျပ်သန်း) |
| ၁။ | ကချင်ပြည်နယ် | ၉ | ၉ | ၄၄ | ၆၂ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၂။ | ကရင်ပြည်နယ် | ၂ | ၉ | ၃၉ | ၅၀ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၃။ | ချင်းပြည်နယ် | ၃ | ၃ | ၁၂ | ၁၈ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၁ | ၃၉. ၆၆၈ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၃ | ၅၈ | ၃၇ | ၁၀၈ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၁ | ၃၉. ၆၆၈ |
| ၅။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၂၃ | ၁၂၂ | ၄ | ၁၄၉ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၆။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၇ | ၂၁ | ၆၂ | ၉၀ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၇။ | မကွေးတိုင်းဒေသကြီး | ၁၀ | ၂၄ | ၉၄ | ၁၂၈ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၁ | ၃၉. ၆၆၈ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | - | - | - | - | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၉။ | ရခိုင်ပြည်နယ် | ၁၁ | ၂၉ | ၆၄၁ | ၆၈၁ | ၂၀၀၀၀ | ၃၀. ၀၀၀ | ၆၆၆၇ | ၅. ၆၆၇ | ၃၃၃၄ | ၄. ၀၀၁ | ၃၉. ၆၆၈ |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | ၀ | ၄ | ၂၀ | ၂၄ | - | - | - | - | - | - | - |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၆ | ၁၄ | ၅၇ | ၇၇ | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | - | - | - | - | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| ၁၃။ | မွန်ပြည်နယ် | - | - | - | - | ၁၀၀၀၀ | ၁၅. ၀၀၀ | ၃၃၃၄ | ၂. ၈၃၄ | ၁၆၆၇ | ၂. ၀၀၀ | ၁၉. ၈၃၄ |
| | စုစုပေါင်း | ၈၄ | ၂၉၃ | ၁၀၁၀ | ၁၃၈၇ | ၁၆၀၀၀၀ | ၂၄၀. ၀၀၀ | ၅၃၃၄၀ | ၄၅. ၃၄၀ | ၂၆၆၇၂ | ၃၂. ၀၀၄ | ၃၁၇. ၃၄၄ |

# ရေကြီးနစ်မြုပ် ရထားလမ်းပိုင်းများ ပြုပြင်

**နေပြည်တော် ဩဂုတ် ၃**

မြန်မာ့မီးရထား တိုင်းအမှတ်(၁၀)အတွင်း ရေကြီးရေလျှံမှုများကြောင့် ဂန့်ဂေါ-ကလေးလမ်းပိုင်း နတ်ချောင်း- ကလေးဘူတာကြား မိုင်တိုင်(၇၀၄/၁၅) ရှိ ဂိတ်စောင့်နေအိမ်နှင့်(၇၀၅/၅) စည်သာ(ချင်း)ရပ်စခန်းတွင် ရေလွှမ်းမိုးနစ်မြုပ်ခြင်း၊ တံတားအမှတ်(၁၂၃၀)ပေ ၂၀ သံပေါင်တံတား ရေဝင်ဘက်သို့ ၁၀ ဒီဂရီနှင့် ရှေ့သို့ ၁၅ ဒီဂရီခန့် တိမ်းစောင်းခြင်း၊ ဂန့်ဂေါဘက် တောင်ပံနံရံထိပ်တွင် ဇလီဖားတုံးထိပ်အထိ မြေသားတာပေါင်ပြိုကျခြင်း၊ ကလေးဘက်ခြမ်းတွင် ကမ်းကပ်ခုံ အနောက်ပေ ၄၀ ခန့် မြေသားတာပေါင်ရေတိုက်စားခြင်း၊ မိုင်တိုင်(၇၁၁/၂၄)နှင့် (၇၁၂/၂-၃)ကြားတွင် ပေ ၁၅၀ ခန့် တာပေါင်ရေတိုက်စားခြင်း၊ ပေ ၁၀၀ ခန့်မှာ ရေဝင်ဘက်နှင့် ရေထွက်ဘက်များ တာပေါင်တစ်ခြမ်းခန့် ရေတိုက်စားခြင်း၊ ပေ ၄၀ အရှည် မြေသားတာပေါင် ရေတိုက်စားခြင်း၊ တံတားအမှတ်(၁၂၃၁)တွင် ၁၀ ပေ ၆ လက်မရှိ ပြွန်တံတား ရေထဲမျောပါသွားခြင်း၊ မိုင်တိုင်(၇၁၉/၉-၁၁)ကြားရှိ ပေ ၄၀ အရှည် တံတားအမှတ်(၁၂၅၀)၏ အစွန်းခံနှစ်ခုနှင့် ပေ ၄၀ သံပေါင်ရေထဲသို့ မျောပါသွားခြင်း၊ သံလမ်းလေးဆက်ခန့် တာပေါင်မြေသားပြတ်ထွက်ခြင်းများ ဩဂုတ် ၂ ရက်က ဖြစ်ပွားခဲ့ရာ အဆိုပါနေရာများသို့ တိုင်းတာဝန်ခံနှင့် အင်ဂျင်နီယာမှူး(မြို့ပြ/တိုင်း-၁၀)တို့အဖွဲ့ သွားရောက်စစ်ဆေးပြီး ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ညနေ ၄ နာရီ မိနစ် ၂၀ တွင် ပျော်ဘွယ်-နတ်မောက်လမ်းပိုင်း၊ ရွာတော်လမ်းပေါင်းနှင့် မိချောင်းရဲဘူတာကြား မိုင်တိုင်(၃၃၃/၈-၉)ကြား၌ သံလမ်းရှစ်ဆက်ခန့် သဲဖုံးနေသဖြင့် အဆိုပါလမ်းပိုင်းကို ပိတ်ထားခဲ့ပြီး အင်ဂျင်နီယာ(သံလမ်း/မင်းဘူး)နှင့် လုပ်သားများက စက်ခေါင်းအမှတ်(၁၉၄) အစုန်ရထားဖြင့် ဝင်ရောက်ရှင်းလင်းကာ ၉ နာရီ ၃၆ မိနစ်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် အမှတ်(၁၉၄) အစုန်ရထားသည် လမ်းပိုင်းအတွင်း၌ မိနစ် ၃၀ ခန့် ကြန့်ကြာခဲ့ပြီး အမှတ်(၃၁၁၁) ကျောက်ရထားသည် ရွာတော်လမ်းပေါင်းဘူတာ၌ ၄ နာရီ ၅၅ မိနစ် ကြန့်ကြာခဲ့သည်။

ရထားလမ်းပိုင်း တာပေါင်များ ရေတိုက်စားခြင်း၊ သံလမ်းပေါ်တွင် သဲများဖုံးလွှမ်းခြင်းတို့ဖြစ်ပွားခဲ့၍ အဆိုပါနေရာများတွင် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိရာ ဂန့်ဂေါ- ကလေးလမ်းပိုင်းကြားရှိ ကန်နှင့်မွေ့လည် ရထားလမ်းပိုင်းကို ဩဂုတ် ၂ ရက် ညနေ ၃ နာရီ ၅၁ မိနစ်တွင်လည်းကောင်း၊ သရက်-ဘုရားပေါ်လမ်းပိုင်းကြားရှိ ညောင်ကိုင်း-ဘုရားပေါ်ရထားလမ်းပိုင်းကို ညနေ ၅ နာရီခွဲတွင်လည်းကောင်း အသီးသီးပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကံမမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ရေဘေးကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့

**ကံမ ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ဩဂုတ် ၂ ရက်မှစတင်၍ မြို့ပေါ်ရပ်ကွက်များနှင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာများ၌ လူနေအိမ်များရေနစ်မြုပ်ခဲ့ရာ ရေဘေးသင့်ပြည်သူများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ၊ ပစ္စည်းများအား ရေကင်းလွတ်ရာနေရာများသို့ တာဝန်ရှိသူများက ရွှေ့ပြောင်းပေးလျက်ရှိသည်။

အဆိုပါ ရေဘေးသင့်အိမ်ထောင်စုများသို့ ရွှေသံလွင်ကုမ္ပဏီမိသားစုနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်အလှူရှင်များက ဆန် ၃၅၅ အိတ်၊ သောက်ရေသန့်ဘူး ၁၅၀၀၀၊ ခေါက်ဆွဲခြောက်ဖာ ၂၀၀ နှင့် အဝတ်အစားများ၊ ဆေးဝါးပစ္စည်းများကို နေရာအရောက် ပို့ဆောင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ပြန်/ဆက်)**

# ဧရာဝတီ၊ စစ်တောင်း၊ ချင်းတွင်း၊ ရွှေကျင်၊ သံလွင်နှင့် ငဝန်မြစ်ရေများ စိုးရိမ်ရေမှတ်ထက်ကျော်လွန်နေ

**နေပြည်တော် ဩဂုတ် ၃**

ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄၄ စင်တီမီတာ (တစ်ပေခွဲခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၉၃ စင်တီမီတာ(သုံးပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄၆ စင်တီမီတာ(တစ်ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် မကွေးမြို့တွင် ဩဂုတ် ၁ ရက် ည ၇ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၈ စင်တီမီတာ (တစ်ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၄ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၀ စင်တီမီတာ(တစ်ပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ဇူလိုင် ၃၁ ရက် ည ၁၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၅ စင်တီမီတာ (နှစ်ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ဩဂုတ် ၁ ရက် နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၆ စင်တီမီတာ (နှစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ဇူလိုင် ၃၁ ရက် နံနက် ၀၀း၃၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၉၆ စင်တီမီတာ သုံးပေခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ဩဂုတ် ၁ ရက် နံနက် ၀၀း၃၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၈၇ စင်တီမီတာ (သုံးပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ဇူလိုင် ၃၁ ရက် ည ၁၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၂၇ စင်တီမီတာ (လေးပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ဇူလိုင် ၂၉ ရက် နံနက် ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃၁၁ စင်တီမီတာ (၁၀ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ခြောက်ပေခန့် ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ဩဂုတ် ၃၀ ရက်နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၃၈ စင်တီမီတာ (လေးပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းတာရရှိသော ၁၁၄၃ စင်တီမီတာသည် နှစ်ပေါင်း ၅၀ အတွင်း အမြင့်ဆုံးရေမှတ်ဖြစ်သည်။ ချင်းတွင်းမြစ်ရေ (မုံရွာမြို့)၏ ယခင်အမြင့်ဆုံး ရေမှတ်မှာ ၂၀-၈-၂၀၀၂ ရက်နေ့တွင် တိုင်းတာရရှိသော ၁၀၉၉ စင်တီမီတာ ဖြစ်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ဇူလိုင် ၂၇ ရက်ညနေ ၆ နာရီခွဲမှစ၍စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၀၄ စင်တီမီတာ (သုံးပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း နှစ်ပေခန့် ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့ တွင် ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၅ စင်တီမီတာ (တစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်တွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၉ စင်တီမီတာ (နှစ်ပေခန့်) ကျော်လွန် နေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီတွင်း ပေဝက်ခန့် ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၈၂ စင်တီမီတာ (နှစ်ပေခွဲခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်နိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဩဂုတ် ၃**

၂၀၁၅-၂၀၁၆ ခုနှစ် ဇွန်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၅၀ ဒသမ ၄၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁၂ ဒသမ ၇၃ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၆၃ ဒသမ ၁၃ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၉၈ ဒသမ ၇၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၉ ဒသမ ၉၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၀၈ ဒသမ ၆၇ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဇွန်လအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၄၅ ဒသမ ၅၄ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၉၈ ဒသမ ၇၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၄၄ ဒသမ ၇၃ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၄၃ ဒသမ ၄၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၃၁ ဒသမ ၁၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၄၀ ဒသမ ၃၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၅၇၁ ဒသမ ၄၁ သန်းဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း စုစုပေါင်းကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၉၂၇ ဒသမ ၉၇ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

**(ကြေးမုံ)**

**အမည်မှန်နှင့် ဖခင်အမည်မှန်**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် အထက-ဇီးအွန် ဆဋ္ဌမတန်းမှ မောင်ဘိုဘိုနိုင်၏ အမည်မှန်မှာ မောင်ဇီထန်ဘိုဘိုနိုင် ဖြစ်ကြောင်းနှင့် မောင်ဇီထန်ဘိုဘိုနိုင်၏ ဖခင်အမည်မှန်မှာ ဦးဘောဆာရဲ့ ဖြစ်ပါကြောင်း။

## ပဲဆီသန့်၊ နှမ်းဆီသန့်လုပ်ငန်းက ထမင်းထုပ်များဝေငှပေးလျက်ရှိ

**မင်းဘူး ဩဂုတ် ၃**

ပွင့်ဖြူမြို့ အမေထွားနှင့်သားများ ပဲဆီသန့်၊ နှမ်းဆီသန့်လုပ်ငန်းက ရေဘေးသင့်ပြည်သူများအား ဇူလိုင် ၃၁ ရက်မှစ၍ ဩဂုတ် ၃ ရက်ထိ တိုင်အောင် တစ်နေ့လျှင် ထမင်းထုပ်ပေါင်း ၉၀၀၀ ကျော်ကို နံနက်နှင့် ညနှစ်ကြိမ် ဝေငှလျက်ရှိရာ ဆန်အိတ် ၁၀၀ ကျော်ကုန်ကြောင်း သိရသည်။



ဆက်လက်၍ ဩဂုတ် ၃ ရက်တွင် ကံသာကြီးကျေးရွာ ရေဘေးကယ်ဆယ်ရေးစခန်း၌ ထမင်းထုပ်များ ဝေငှပေးသည့်အပြင် မြို့ပေါ်ရပ်ကွက်များသို့ ရေဘေးကယ်ဆယ်ရေးစခန်းများမှ ရပ်ကွက်အတွင်း မှီခိုနေထိုင်သူမိသားစုဝင်များသည် မိမိနေအိမ်သို့ ပြန်လည်နေထိုင်ရန် ရွှံ့နွံများကြောင့် အခက်အခဲရှိသဖြင့် စားသောက်နေထိုင်ရေး အဆင်ပြေစေရန် ထမင်းထုပ်များ လိုက်လံဝေငှပေးလျက်ရှိသည်။

ထို့ပြင် ကံသာကြီးရေဘေးကယ်ဆယ်ရေး၊ ဝါတပ်ရေဘေးကယ်ဆယ်ရေးစခန်း၊ လယ်ကိုင်းရေဘေးကယ်ဆယ်ရေးစခန်းများသို့ ဆန်အိတ်အလုံး ၂၀ နှင့် ဆီဘူးများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သန်းဌေး(မင်းဘူး)**

## ပြည်မြို့တွင် ရေကြီးရေလျှံမှုဖြစ်ပွား

**ပြည် ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းမှုကြောင့် ဖိုးခေါင်၊ ချောင်းနားတန်း၊ လက္ခာပြင်၊ မြရွာ၊ ကုန်းသလင်း၊ ဇရပ်ချောင်၊ နဝင်းရပ်ကွက်များတွင် မြစ်ရေလျှံတက်သဖြင့် ရေဘေးသင့်မိသားစုများအား ယာယီရေဘေးကယ်ဆယ်ရေးစခန်းများဖြစ်သည့် ရွှေပလ္လင်မှော်ဘုရား၊ နဝင်းတာရိုး၊ ရွှေကူ-အမက(၁)၊ ရွှေကူ-အမက(၂)၊ ဝါရုံ-အမကတို့တွင်ထားရှိပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ တပ်မတော်ဆေးတပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ ကြက်ခြေနီအသင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များက ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

## မွေးနေ့ဆုမွန်လွှာ

ဖေဖေဗိုလ်မှူးကြီးထွန်းထွန်း-မေမေဒေါ်ပွင့်ပွင့်မျိုးတို့၏ တစ်ဦးတည်းသော သားလှရတနာ မောင်ဟိန်းဇေယျာထွန်း၏ ၄-၈-၂၀၁၅ရက်တွင်ကျရောက်သော (၁၅)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင်သက်ရှည် ကျန်းမာပြီး ထူးချွန်ထက်မြက်လိမ္မာရေးခြားရှိသော သားကောင်းရတနာတစ်ယောက် ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ဖေဖေဗိုလ်မှူးကြီးထွန်းထွန်း-မေမေဒေါ်ပွင့်ပွင့်မျိုး**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၊ ၁၁) ကမာရွတ်၊ မြကန်သာအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်(၁၅၂/ခ)၊ ဧရိယာ(၀. ၃၇၃) ဧကရှိ အစိုးရမြေပေါ်တွင် ဆောက်လုပ်တည်ထားကိုးကွယ်သော ဟိန္ဒူမယ်တော်ဘုရားကျောင်း ပြုပြင်ဆောက်လုပ်ရန်အတွက် ဘုရားဂေါပကအဖွဲ့မှ ပိုင်ဆိုင်မှုထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် မြေငှားလိုင်စင်ထုတ်ပေးရန်အတွက် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမှုရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားလိုင်စင် ပြုလုပ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

**ဖြည့်စွက်ဖတ်ရှုပါရန်**

၃-၈-၂၀၁၅ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂၄)ပါ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)ကြော်ငြာတွင် "ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့၊ စက်မှုဌာနခွဲ၊ လမ်းဦးစီးဌာန၊ ရုံးအမှတ်(၁၁)ဝင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၇၀၇၆၊ ၀၉-၈၆၁၁၆၂၉၊ ၀၉-၄၃၁၈၆၂၅၁၊ ၀၉-၈၆၃၆၁၈၅" ဟုဖြည့်စွက်ဖတ်ရှုပါရန်။



သင့်သွေးဖြင့် အသက်ကယ်ပါ

# နားလေးရောဂါ သတိပြုစရာ

à ကြည်လွင်မြင့်(မုဒြာ)

စာရေးသူ၏ဖခင် အသက် (၈၀) ကျော်အဘိုးသည် တေးသံရှင် ဒေါ်မာမာအေး နိုင်ငံခြားမှ ပြန်လည်ရောက်ခါစက သီချင်းဆိုပြီး Live Show လွှင့်သည်ကို FM ရေဒီယိုငယ်ဖြင့် နားနားကပ်ထောင်သည်။ လွန်ခဲ့သော နှစ် ၅၀ ခန့်က ကျော်ကြားခဲ့သော သီချင်းများဖြစ်သဖြင့် လူကြီးများ နှစ်သက်ကြသည်။ ထိုသို့ တစ်နာရီခန့်နားထောင်ပြီး နောက်တစ်နေ့ အိပ်ရာထတွင် နားတစ်ဖက်မှာ လုံးဝ မကြားရတော့ဘဲဖြစ်သွားသည်။

FM ရေဒီယိုကို တစ်နာရီကြာ နားဖြင့်ကပ်ပြီးနားထောင်သည့်အကျိုးဆက်မှာ နားအကြားအာရုံ လုံးဝချို့ယွင်းချက်ဖြစ်သွားသည်။ နားဆရာဝန်အထူးကု ပါရဂူများနှင့် ပြသသော်လည်း ဆေးစား၊ ဆေးသောက်ပြီး တစ်လကြာသည်အထိ မထူးပါ။ နားကြပ်တပ်ရန်သာ အကြံပေးကြသည်။ တန်ဖိုးကြီးသော နားကြားကိရိယာတပ်ဆင်ပေးသောဌာနတစ်ခုသို့ သွားရောက်ပြသပေးကြသည်။ ခက်သည်က စာရေးသူ၏ဖခင်ကြီးသည် ထိုနားကြားကိရိယာ၏ဒဏ်ကို မခံနိုင်ဟုဆိုသည်။ လော်စပီကာနှင့် နားနားကပ်အော်သလို ခံစားရသည်။ သဘာဝအတိုင်း မကြားရဟုဆိုကာ ဖြုတ်ထားလိုက်သည်။

တိုင်းရင်းဆေးပညာဦးစီးဌာနမှ လစဉ်ထုတ်မဂ္ဂဇင်းတစ်စောင်တွင် ကိုယ်တွေ့ရေးသူတစ်ဦးက အင်္ဂလန်ရောက် မြန်မာဆရာဝန်မကြီးတစ်ဦးသည် နားလေထွက်ရောဂါ၊ နားအူသည့်ရောဂါ ခံစားရသဖြင့် အင်္ဂလန်နိုင်ငံတွင် နားရောဂါအထူးကုဆရာဝန်ကြီးများနှင့် ပြသကုသသည်။ နားတွင်းကြည့် ကိရိယာဖြင့် ကြည့်သော်လည်း ပြစ်ချက်အနာအဆာမတွေ့။ နောက်ပိုင်းတွင် နားထဲမှ ထူးဆန်းသော အသံစုံများကြားလာရသဖြင့် နားဆရာဝန်ကြီးများကပင် စိတ်ရောဂါအထူးကုဆရာဝန်ပြောင်းပြရန် ညွှန်ကြားသည်ဟုဆိုသည်။

ထိုဆရာဝန်မကြီးသည် ငယ်စဉ်က နားပြည်ယိုရောဂါဖြင့် နားလေထွက်ရောဂါ ခံစားရဖူးသည်။ သူ့မိခင်ကြီးက အိမ်ခြံဝင်းအတွင်းပေါက်ရောက်နေသော ရွက်ကျပင်ပေါက်အရွက်များကို ခူးပြီး မီးဖြင့်ကင်ကာ အရည်ညှစ်၍ နားထဲသို့ ခပ်နွေးနွေး ထည့်ပေးရာမှ သက်သာဖူးသည်ကို ပြန်လည် အမှတ်ရမိသဖြင့် မြန်မာပြည်ရှိ မိတ်ဆွေများထံ ရွက်ကျပင်ပေါက်အရွက်များ ပို့ပေးရန် လှမ်းမှာသည်ဟုဆိုသည်။ ငယ်စဉ်ကအတိုင်းပြုလုပ်ပြီး သူ့နားရောဂါမှာ သက်သာသွားကြောင်း မြန်မာပြည်မှ မိတ်ဆွေများထံ လှမ်းရေးသည့်စာကို ဆောင်းပါးတွင်ထည့်သွင်းထားသည်ကို ဖတ်ရှုရသည်။

ရွက်ကျပင်ပေါက်သည် မိုးများသော အောက်မြန်မာပြည်တွင် အလွန်ပေါများစွာ ပေါက်ရောက်သောအပင်မျိုးဖြစ်သည် နားပြည်ယိုရောဂါ၊ နားလေထွက်ရောဂါနှင့် သံစုံကြားရသော နားရောဂါတို့အတွက် သူ့ချည်းသက်သက်မီးကင်ပြီး အရည်ညှစ်ထည့်လျှင် သက်သာစေသည်။ အချို့က အရည်ညှစ်ထည့်ပြီးလျှင် နှမ်းဆီကို မီးဖြင့်နွေးပြီး နားကျပ်တံဖြင့် နားကျပ်ပေးသည်။

နားပင်းသူများကို ကြောင်လျှာသီးခေါက်စာပေးလေ့ရှိသည်။ ကြောင်လျှာသီးကို ပြုတ်ပြီး သံပရာရည်ဖြင့် သုပ်စားရသည်။ နားတွင်းတွင် အနာဖြစ်လျှင် ကြောင်လျှာမြစ်မှုန့်ကို နှမ်းနက်ဆီဖြင့်ချက်ပြီး နားတွင်ထည့်ပေးလျှင် ပျောက်ကင်းသည်။ နားတွင် ပိုးကောင်ဝင်လျှင် ခရမ်းကစော့သီးကို မီးရှို့ပြီး အခိုး၊ အငွေ့ခံလျှင် ပြန်ထွက်လာသည်ဟုဆိုသည်။ မုန်ညင်းဆီ မီးနွေးပြီး ပူပူလောင်းထည့်လျှင်လည်း ပိုးကောင်ပြန်ထွက်လာနိုင်သည်။

နားပြည်ယိုလျှင် အလွယ်ဆုံးနည်းမှာ မီးဖိုချောင်သုံး ကြက်သွန်နီဥကို အရည်ညှစ်၍ တစ်နေ့သုံးကြိမ်ထည့်ပေးပါ။ ကြိတ်မှန်ရွက်၊ ငုရွက်၊ ကြောင်ပန်းရွက်တို့သည် နားပြည်ယိုရောဂါအတွက် အသုံးများသောအရွက်များဖြစ်သည်။ အရပ်ဒေသအလိုက် သုံးစွဲကြသည်။ အရည်ညှစ်၍ နားကျပ်ပေးကြသည်။

လူကြီးများ နားအူ၊ နားလေထွက်လျှင် တရုတ်စံကားပွင့်အဝါကို နားတွင် ပိတ်ဆို့ထားပါ။ အပွင့်ကို သုပ်စားပါ။ နောက်တစ်နည်းမှာ သင်္ဘောအဖို့ရွက်ကို မီးအုံ၍ အတို့အမြှုပ်လုပ်စားလျှင်လည်း သက်သာစေနိုင်ကြောင်း ဆေးမြီးတိုကျမ်းများတွင် တွေ့ရှိရသည်။

FM ရေဒီယိုနားထောင်ပြီး နားလေးသွားသည့် အသက် (၈၀) ကျော် အဘိုးမှာ ဆေးနည်းတိုတစ်ခုဖြင့် သက်သာသွားပါသည်။ ဝမ်းနုတ်ရာတွင်အသုံးပြုသည့် ဆားခါး (အထုပ်)ကို ဝယ်ယူပြီး သံဒယ်အိုးဖြင့် အပူပေးလှော်ပါသည်။ ဆားခါးအနည်းငယ်နီရဲလာသောအခါ ချထားပြီး အအေးခံကာ သိမ်းထားပါသည်။ ဆားခါးသည် ရေငွေ့ကို စုပ်ယူလွယ်သည့် မဂ္ဂနီဆီယမ် ဆာလဖိတ် ခေါ် ဓာတ်သတ္တုတစ်မျိုးဖြစ်ပါသည်။ ၎င်းကို အင်္ဂလိပ်ဆားခါးဟုလည်း ခေါ်ပါသည်။ နားလေးသက်သာစေသည့်နည်းမှာ ရှေးမြန်မာဆရာကြီးများ အသုံးပြုခဲ့သည့်နည်းဖြစ်ပါသည်။ အချို့ဆေးမှတ်တမ်းများတွင် မြန်မာဆားခါးကို သုံးသည်ဟုလည်း တွေ့ရသည်။ နားတွင်းသို့ ထည့်ရန်အတွက် မုံညင်းဆီစစ်စစ် လိုပါသည်။ မုန်ညင်းဆီ ငါးကျပ်သားကို ဒန်အိုးငယ်တွင်ထည့်၍ မီးအပူပေးရပါသည်။ အနည်းငယ် ဆူပွက်လာသောအခါ လှော်ထားသည့်ဆားခါးကို ဟင်းစားဇွန်း တစ်ဇွန်းခန့် ထည့်ရပါသည်။ ချိန်ဆ၍ထည့်လျှင် ဆားခါးသည် မုန်ညင်းဆီတွင် ပျော်ဝင်သွားပါသည်။ အနည်ရှိနေလျှင် မုန်ညင်းဆီကို စစ်ယူရပါသည်။ ထိုဆီကို နားအတွင်းသို့ စောင်းပြီး ခပ်နွေးနွေး လောင်းထည့်ရပါသည်။ ပြီးလျှင် ဘေးသို့ စောင်းပြီး ဆီများပြန်ထွက်အောင် ပြုလုပ်ရပါသည်။ ဤသို့ အကြိမ်ကြိမ်ပြုလုပ်ရပါသည်။ မုန်ညင်းဆီကို ချက်ပြီး ဆားခါးနှင့်ရောစပ်ကာ နားတွင်းသို့ထည့်ပေးခြင်းဖြင့် ရက်သတ္တနှစ်ပတ်ခန့် ပြုလုပ်ပြီးနောက် နားလေးခြင်း သက်သာကာ တဖြည်းဖြည်း အသံများကို ပြန်ကြားလာရပါသည်။

ယခုခေတ်လူငယ်များသည် ဟန်းဖုန်းနှင့် နားကြပ်များတွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်ကို တွေ့ရှိရပါသည်။ လမ်းသွားရင်း၊ ဆိုင်ကယ်စီးရင်း၊ ကားမောင်းရင်း၊ နားကြပ်အသုံးပြု၍ သီချင်း နားထောင်ခြင်းမှာ မသင့်တော်ပါ။ အန္တရာယ်ဖြစ်နိုင်ပါသည်။

ယခုခေတ်လူငယ်များသည် ဟန်းဖုန်းနှင့်နားကြပ်များတွင်ကျယ်စွာအသုံးပြုလျက်ရှိသည်ကို တွေ့ရှိရပါသည်။ လမ်းသွားရင်း၊ ဆိုင်ကယ်စီးရင်း၊ ကားမောင်းရင်း၊ နားကြပ်အသုံးပြု၍ သီချင်း နားထောင်ခြင်းမှာ မသင့်တော်ပါ။ အန္တရာယ်ဖြစ်နိုင်ပါသည်။ တချို့လူငယ်များမှာ အိပ်ရာဝင်ချိန်တွင် နားကြပ်တပ်၍ သီချင်းနားထောင်ရင်း အိပ်ပျော်ကြသည်ကို တွေ့ရပါသည်။ မလိုအပ်ဘဲ အကျိုးမရှိဘဲ နားစည်သို့ထိအောင် ဆူညံသံများရိုက်ခတ်မှုကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် နားလေးသည့်ရောဂါ ဖြစ်နိုင်ပါသည်။ မျက်စိအဆုံး၊ နားအရှုံးဟု ဆိုသဖြင့် ဆင်ခြင်သင့်ပါသည်။

နားနှစ်ဖက်၏အလုပ်တာဝန်မှာ အသံကိုကြားရရုံသာမဟုတ် လမ်းသွားသည့်အခါ လူတစ်ယောက်ကို ဘယ်ညာ တိမ်းစောင်းမသွားစေရန် ထိန်းညှိပေးသည့်အလုပ်ကိုလည်းလုပ်ပါသည်။ နားနှစ်ဖက် အသံကြားနိုင်သည့် စွမ်းအားမတူညီလျှင် လမ်းသွားရာတွင် ဖြောင့်ဖြောင့်မသွားနိုင်ပဲ ဒယီးဒယိုင် တစ်ဘက်စောင်းသွားခြင်း၊ ဟန်ချက်ပျက်ပြီး ချော်လဲခြင်း၊ ချော်လဲခြင်းကြောင့်အရိုးကျိုးခြင်း၊ နောက်ဆက်တွဲပြဿနာ များစွာရှိပါသည်။ ထို့ကြောင့် နားအာရုံခံ အကြားကိရိယာများ၊ နားစည်များ မပျက်စီးစေရန် ဆူညံသံများကို ရှောင်ရှားခြင်း၊ မလိုအပ်ဘဲ အပျင်းပြေနားထိုးခြင်း၊ နားကလော်ခြင်းများ မပြုလုပ်ကြစေလိုကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

## ဆိပ်ဖြူမြို့နယ်တွင် ဝါဆိုဦး ဝါဆိုသင်္ကန်းကပ်လှူခြင်း ဝါဆိုပန်းကပ်လှူခြင်းများဖြင့်စည်ကားလျက်ရှိ



**ဆိပ်ဖြူ ဩဂုတ် ၃**

သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ နှုတ်မြွက်သံချို လဝါဆို ဆိုသည့်အတိုင်း ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာနေ့ တစ်နေ့ဖြစ်သည့်အလျောက် ဂေါတမမြတ်စွာဘုရားရှင် ပဋိသန္ဓေယူ၊ သည်လ၊ တောထွက်တော်မူသည့်လ၊ ဓမ္မစကြာတရား ဦးဟောတော်မူသည့်လ အဆိုပါနေ့ထူးရက်မြတ်များနှင့်ပြည့်စုံသောနေ့ဖြစ်သည့်နှင့် ဓမ္မစကြာတရားတော်များရွတ်ပွားခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ သီတင်းသီလဆောက်တည်၍ တရားဘာဝနာတို့ကို ပွားများအားထုတ်ခြင်း၊ ဒါနကုသိုလ်များပြုလုပ်ကြသည်။

ဝါဆိုသင်္ကန်းကပ်လှူခြင်းကို မြတ်စွာဘုရားရှင်၏ လက်ထက်တော်တွင် ဝိသာခါကျောင်းအမကြီးကို အကြောင်းပြု၍ ဖြစ်ပေါ်လာခဲ့ကြောင်းသိရှိပြီး ဝါဆိုသင်္ကန်၏ အစိပ္ပာယ်မှာ ပါဠိလို ဝဿဝါသိက မိုးရေခံသင်္ကန်း (ဝါဆိုသင်္ကန်း) ဟုသိရှိရသည်။ ဘုရားရှင်လက်ထက်တော်တွင် သံဃာတော်တစ်ပါးတွင် နှစ်ထပ်သင်္ကန်း ၊အပေါ်ရုံ(ဧကသီ)၊ သင်းပိုင်သာရှိတော်မူခဲ့ကြောင်း ထိုအရာကိုသိရှိသော ဝိသာခါကျောင်းအမကြီးက မြတ်စွာဘုရားရှင်အားလျှောက်ထားရာ မိမိအသက်ရှိစဉ်ကာလတွင် သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ဘုရားရှင်ကခွင့်ပြုပေးတော်မူခဲ့သည်။

သံဃာတော်များ ဝါဆိုခြင်းကို ဘုရားရှင်လက်ထက်တော်တွင် မိုးကာလဟု သိရှိရပြီး သံဃာတော်များသည် ၁၂နှစ်လရာသီ ကာလပတ်လုံး ကျောင်းသင်္ကန်း၏ပြင်ပထွက်ကာ တရားအားထုတ်ရန်ထွက်ခွာနေပြီး သံဃာတော်များဖြတ်သန်းသွားလာမှုကြောင့် တောင်သူတို့စိုက်ပျိုးထားသော သီးနှံများ ပျက်စီးမှုတို့ရှိခဲ့ကြောင်း ၎င်းဖြစ်စဉ်များကို မြတ်စွာဘုရားရှင်သိရှိတော်မူခဲ့ပြီး သံဃာတော်များအား မိုးတွင်းကာလ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ တောင်သူစိုက်ပျိုးချိန်များတွင် ကျောင်းသင်္ခမ်းအတွင်းသာ တရားအားထုတ်ရန် မြွက်ကြားတော်မူခဲ့သည်။

သံဃာတော်များ ဝါတွင်းကာလတွင်း အကြောင်းကြီးငယ် ကိစ္စများပေါ်၍ ကျောင်းသခ်မ်းပြင်ပထွက်လိုသော် ဘုရားရှင်ထံ ဝါပန်ပြီးမှသာ ထွက်ခွာရန် မိန့်ကြားခဲ့သည်။ ထိုသို့ ဘုရားရှင်၏မြွက်ကြားမှုကို တောင်သူလယ်သမားများ သိရှိသောအခါဝယ် ဘုရားရှင်နှင့်ဝါဆိုမည့်သံဃာတော်များအား ဝါတွင်းကာလတွင် သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူဒါန်းပူဇော်ခြင်း၊ ဝါဆိုသံဃာတော်များဘုဉ်းပေးသုံးဆောင်တော်မူရန် စတုမဓု၊ ပန်း၊ ဆီမီးတိုင်၊ နံ့သာများကို လှူဒါန်းခဲ့ကြောင်းသိရသည်။

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင်လည်း ဝါဆိုလပြည့်နေ့နှင့် ဝါဆိုလပြည့်ကျော်(၁)ရက်နေ့များတွင်စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ရှေးအစဉ်အလာမပျက် လက်ဆင့်ကမ်း၍ ဗုဒ္ဓဘာသာဝင်တို့သည် ဝါဆိုမည့်သံဃာတော်များအားအစုအဖွဲ့လိုက်ပူးပေါင်း၍သော်လည်းကောင်း၊မိသားစုလိုက်ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းများဆက်ကပ်ခြင်းနှင့် လှူဖွယ်ဝတ္ထုတို့ကိုသွားရောက် လှူဒါန်းကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင်(IPRD)**

■

## အင်္ဂလန်နိုင်ငံ အခြေစိုက် ဝေလမင်းသားဖောင်ဒေးရှင်းက နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ လူနေအဆောက်အအုံကို ရှေးမူလက်ရာမပျက် အကြီးစားပြင်ဆင်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၃**

၁၉၀၅ ခုနှစ်ခန့်က တည်ဆောက်ခဲ့ပြီး နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိသည့် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းပေါ်ရှိ အမှတ် (၄၉၁/၅၀၁)ပုဂ္ဂလိကပိုင် လူနေအဆောက်အအုံကို ပထမဆုံးအနေ ဖြင့် ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT)နှင့် အင်္ဂလန်နိုင်ငံအခြေစိုက် ဝေလမင်းသားဖောင်ဒေးရှင်းတို့ ပူးပေါင်းကာ ရှေးမူလက်ရာမပျက် အကြီးစားပြင်ဆင်မွမ်းမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“နှစ်ပေါင်းတစ်ရာကျော်ရှိတဲ့ ပုဂ္ဂလိကအဆောက်အအုံတွေထဲက ဒါပထမဆုံးပြင်တာပါ။ ဒီအဆောက်အအုံက လမ်းမကြီးပေါ်မှာလည်းရှိတယ်။ ဘေးမှာက အာမေးနီးယန်းဘုရားကျောင်းရှိတယ်။ လမ်းထောင့်မှာ ဂန္ဒီဟောရှိတယ်။ အထင်ကရအဆောက်အအုံတွေနားမှာရှိတဲ့ ဒီလိုအဆောက်အအုံကိုပြင်ရတာက လူနေအဆောက်အအုံတွေကိုလည်းပြင်လို့ရတယ်ဆိုတာကို သိစေချင်တယ်” ဟု ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ကိုကြံ့တိုင်းအောင်က ပြောသည်။

အဆိုပါ အဆောက်အအုံကို ပြန်လည်ပြင်ဆင်မွမ်းမံရန် ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ အကူအညီဖြင့် အင်္ဂလန်နိုင်ငံအခြေစိုက် ဝေလမင်းသားဖောင်ဒေးရှင်းမှ ငွေကြေးနှင့် နည်းပညာများ ကူညီထောက်ပံ့ပေးခဲ့ပြီး ရန်ကုန်မြို့တွင် ရှေးဟောင်းအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်နေသည့် NIKKI GROUP မှ ဇူလိုင် ၁ ရက်မှစတင်ကာ တာဝန်ယူပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

“နိုင်ငံတကာရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းတဲ့နည်းကိုပဲအသုံးပြုပြီးပြင်တယ်။ ရန်ကုန်မှာ မြို့ပြအမွေအနှစ်အဆောက်အအုံတွေက အများကြီးရှိသေးတယ်။ ကမ္ဘာလှည့်ခရီးသွားတွေ လေ့လာချင်လို့ပဲဖြစ်ဖြစ်၊ ပြည်ပကလာတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကြတော့ ဒီလိုရှေးဟောင်းအဆောက်အအုံတွေမှာ နေချင်တဲ့ အခါဖြစ်ဖြစ် ဒီအမွေအနှစ်တွေက တန်ဖိုးဖျောက်လို့မရဘူး” ဟု ဝေလမင်းသားဖောင်ဒေးရှင်းမှ Harry Wardill က ပြောသည်။

အဆိုပါ အဆောက်အအုံပြင်ဆင်နေချိန်အတွင်း အဆောက်အအုံတွင် နေထိုင်သူများကို ပြောင်းရွှေ့စေခြင်းမရှိဘဲ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်တွင် လက်ရှိကောက်ယူထားသော စာရင်းများအရ မြို့ပြအမွေအနှစ်အ ဆောက်အအုံ ၄၀၀၀ ခန့်ရှိကြောင်း ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။ **(မင်းသစ်)**

# မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ရေဘေးသင့်ပြည်သူများ အကူအညီလိုအပ်နေ

**စေတုတ္တရာ ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့မှာ အိမ်ခေါင်မိုးမြုပ်လုအထိ ရေလွှမ်းမိုးမှုခံရလျက်ရှိပြီး ရပ်ကွက် နှစ်ရပ်ကွက်၊ အိမ်ခြေ ၉၀၀၊ လူဦးရေ ၄၈၀၀ ခန့်နေထိုင်သော အဆိုပါမြို့အပါအဝင် မြို့နယ်အတွင်းကျေးရွာများ၌လည်း အကူအညီများလိုအပ်လျက်ရှိကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

စေတုတ္တရာမြို့နှင့် ပွင့်ဖြူမြို့နယ်ရှိ မုန်းနှင့် ကြီးအုံကြီးဝ တမံနှစ်ခု၏ ခိုင်ခံ့မှုမှာ ကောင်းမွန်လျက်ရှိသော်လည်း တမံများအောက်ဘက်ရှိ ကျေးရွာများအနေဖြင့် အနိမ့်ပိုင်းများတွင် နေထိုင်ခြင်းမပြုဘဲ ရေလွတ်ရာကုန်းမြင့်ပိုင်းများသို့ ပြောင်းရွှေ့နေထိုင်ကြရန် ဆည်မြောင်းဦးစီးဌာနများမှ ဇူလိုင် ၃၁ ရက် ည ၇ နာရီတွင် သတိပေးချက်များ ထုတ်ပြန်ခဲ့ပြီး မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းပါက တမံပေါ်မှ ရေကျော်နိုင်သည့်အခြေအနေများ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် စေတုတ္တရာ၊ ပွင့်ဖြူနှင့် စကုမြို့နယ်များရှိ နေရာအားလုံးနီးပါးတွင် ရေပြင်ကြီးဖြစ်နေပြီး မုန်းဆည်နှင့် ကြီးအုံကြီးဝရေလှောင်တမံများသာ ရေမထိန်းနိုင်တော့ပါက ဒေသခံများအတွက် မတွေးဝံ့စရာ အခြေအနေဖြစ်နေကြောင်း ဒေသခံများကဆိုသည်။

ဇူလိုင် ၂၄ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် စေတုတ္တရာမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ ရေဝင်လျက်ရှိနေသဖြင့် ကုန်းမြင့်ပိုင်းနေရာများသို့ ပြောင်းရွှေ့ကြလျက်ရှိနေရာ ကျောက်ပြင်ကဲ့သို့ ရေပတ်လည်ဝိုင်းခံနေရသည့်အခြေအနေတွင်ရှိနေသဖြင့် ဆက်လက်၍ ရေကြီးမှုနှင့်ကြုံတွေ့ပါက ပြေးစရာမြေမရှိတော့သည့် အခြေအနေတွင်ရှိနေပြီး အဆက်အသွယ်များလည်း ပြတ်တောက်နေ၍ အစိုးရအစီအစဉ်ဖြင့် အရေးပေါ်အခြေအနေကြေညာကာ ကယ်ဆယ်ရေးများအမြန်ဆုံးပေးသင့်သည်ဟု ဝေဖန်မှုများထွက်ပေါ်လျက်ရှိသည်။

"မနေ့ကထိ မြုပ်နေတာ အိမ်ခေါင်မိုးပဲကျန်တယ်။ ဒီနေ့ မိုးရပ်သွားတော့ နေ့လယ်ပိုင်းလောက်မှာ လေးပေလောက်ပြန်ကျသွားတယ်။ ကယ်ဆယ်ရေးစခန်းတွေက အ. ထ. က နဲ့ အ. မ. က ကျောင်းကုန်း၊ ဆေးရုံတွေမှာဖွင့်ထားပြီးတော့ စားဖို့ရိက္ခာတွေလည်း နည်းနေပြီ။ အနီးအနားက ခိုဝင်နဲ့ မထိန်းရွာတွေမှာဆို ထမင်းမစားရတဲ့သူတွေရှိတယ်လို့ ကြားတယ်။ ဖုန်းတွေကလည်း အားမရှိကြတော့လို့ထင်တယ်။ အဆက်အသွယ်တွေပြတ်ကုန်ပြီ။ မြို့ကတစ်လုံးတည်းသော ဆက်သွယ်ရေးဖုန်းမှာ အဆက်အသွယ်တွေ၊ အကူအညီတွေရဖို့ အလှည့်ကျလုပြောနေရတယ်။ သူ့အဆက်အသွယ်နဲ့သူ စက်လှေတွေနဲ့ စားစရာတွေလာပို့ကြတာတော့ရှိတယ်။ သက်ဆိုင်ရာက အကူအညီတွေမရသေးဘူးလို့တော့ ပြောနေကြတာပဲ။ ဒီနေ့ ရဟတ်ယာဉ်တစ်စင်းလာပြီး စာရင်းတွေတော့ ကောက်သွားတယ်။ အကူအညီတွေရတော့မယ်ထင်ပါတယ်။ နယ်အသီးသီးက အကူအညီတွေပေးဖို့လာနေကြပြီလို့သိရလို့ ဝမ်းသာနေရတယ်။ စက်လှေကလည်း နှစ်စင်းပဲရှိတော့ မြို့လူဦးရေနဲ့ အခက်အခဲတွေ ဖြေရှင်းနိုင်ဖို့က တွင်ကျယ်မှုသိပ်မရှိသေးဘူး။ မြေသားတမံဘက်က ရေတွေဖောက်ချတော့ ဆည်ပေါ်မှာရေလျော့သွားလို့ မုန်းဆည်ကျိုးဖို့က သိပ်မစိုးရိမ်ရတော့ဘူးဆိုပေမယ့် မိုးမရွာတော့ရင်တောင် ရေထောက်နေလို့ ရေကျဖို့ အချိန်တစ်ခုထိတော့ အခက်အခဲရှိနိုင်တယ်။ က. ပ. စ ဘက်ကစစ်သားတွေလည်း အကူအညီပေးဖို့ရောက်နေကြတယ်။ စေတုတ္တရာမြို့က အစားအစာ၊ သောက်ရေ၊ ဆေးဝါးနဲ့ အဝတ်အထည်အကူအညီတွေ အများကြီးလိုအပ်နေပါတယ်။ ဒီထက်ဆိုးရွားမှုတွေမကြုံခင် ကယ်ဆယ်ရေးလုပ်ငန်းတွေလည်း ပြည့်ပြည့်ဝဝလုပ်ဆောင်ပေးကြပါ" ဟု စေတုတ္တရာမြို့ ဒေသခံတစ်ဦးဖြစ်သူ ဦးစိုးပိုင်အောင်က ပြောသည်။

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝရေလှောင်တမံတွင် ဇူလိုင် ၃၁ ရက်ညပိုင်းတွင် ရောက်ရှိနေသည့် ရေအမှတ်မှာ ၃၆၈ ဒသမ ၈ ပေဖြစ်ပြီး ကန်ရေပြည့်သိုလှောင်ပမာဏထက် ကျော်လွန်၍ ရေပိုလွှဲမှ ၂၈ ဒသမ ၈ ပေ စီးဆင်းလျက်ရှိနေကြောင်း၊ စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံမှာလည်း လက်ရှိတွင် ရေအမှတ် ၅၅၂ ဒသမ ၅ ပေသို့ ရောက်ရှိနေပြီး ကန်ရေပြည့်သိုလှောင်ပမာဏထက် ကျော်လွန်၍ ရေပိုလွှဲမှ ၃၂ ဒသမ ၅ ပေ စီးဆင်းလျက်ရှိနေကြောင်း သက်ဆိုင်ရာဆည်မြောင်းဦးစီးဌာနများမှ သိရသည်။

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း (KOMEN) အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်း၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ မိုးများ အဆက်မပြတ်သည်းထန်စွာရွာသွန်းလျက်ရှိနေသဖြင့် ဆည်ကြီးများအတွင်းစီးဝင်ရေများပြားနေခြင်းဖြစ်သည်။

**ဇေယျတု(မကွေး)**

## မိုးရွာသွန်းမှုများပြားသောကြောင့်လမ်းမြေသားများပိတ်ဆို့



**ဘောဂလိ ဩဂုတ် ၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့တွင် မိုးရွာသွန်းမှုများပြားခြင်းကြောင့် ဩဂုတ် ၁ ရက် နံနက်ပိုင်းက သံတောင်မြို့မှ ဘောဂလိမြို့သို့သွားရာ ကားလမ်းတွင် လမ်းဘေးမြေသားများပြိုကျ၍ လမ်းများပိတ်ဆို့နေကြောင်း သိရသည်။

အဆိုပါ ကားလမ်းများပိတ်ဆို့ရာတွင် ပက်လက်ဝချောင်းဇက်ဆိပ်နှင့် ပြောင်သိုကျေးရွာကြား လမ်းပိုင်းတွင်လည်းကောင်း၊ ဘောဂလိမြို့အဝင်လမ်း လျှပ်စစ်ဓာတ်အားခွဲရုံအနီးတို့တွင်လည်းကောင်း လမ်းဘေးမြေသားများ ပြိုကျသဖြင့် လမ်းများပိတ်ဆို့ခဲ့ရာ လမ်းတံတားမှတာဝန်ရှိသူများက မြေထိုးစက်ကြီးများဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သော ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်းကာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သဖြင့် ညနေပိုင်းတွင် ပြန်လည်ရှင်းလင်းသွားကြောင်း သိရသည်။

**စိုင်းခင်(ပြန်/ဆက်)**

## ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံပွဲ အခမ်းအနားကျင်းပ

**ထားဝယ် ဩဂုတ် ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ဝင်များ၊ နိုင်ငံရေးပါတီများ၊ CSO များ၊ မီဒီယာများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**တနင်္သာရီတိုင်းဒေသကြီး(ပြန်/ဆက်)**

## ရေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေပွဲအဖြစ် အနုပညာရှင်ပေါင်းစုံပါဝင်သည့် လေးသင်းပတ်လည် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကြီး မန္တလေးမြို့တွင်ကျင်းပ

**မန္တလေး ဩဂုတ် ၃**

ရေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေအဖြစ် အနုပညာရှင်ပေါင်းစုံ လေးသင်းပတ်လည် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကြီးအား မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း၌ ဩဂုတ် ၁ ရက် ညနေ ၃ နာရီက Movie FC အသင်းနှင့် လူရွှင်တော် FC အသင်းတို့ ယှဉ်ပြိုင်ကစားရာ Movie FC အသင်းက လူရွှင်တော် FC အသင်းအား လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ညနေ ၅ နာရီ၌ Model FC အသင်းနှင့် ဂီတ FC အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားရာ Model FC အသင်းက ဂီတ FC အသင်းအား ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရှေးဦးစွာ ဘောလုံးပွဲမစတင်မီ ကစားသမားများနှင့် ပရိသတ်များက မတ်တတ်ရပ်၍ ရေဘေးသင့်ပြည်သူများအတွက် တစ်မိနစ်ငြိမ်သက်ဆုတောင်းပေးခဲ့ပြီး ဘောလုံးပွဲစဉ်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီး၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များနှင့် ဘောလုံးပွဲချစ်သူပရိသတ်များ တတ်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## မြင်းမူမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် ဆိပ်ခံသဗ္ဗန်တွဲကြီး ရောက်ရှိ

**မြင်းမူ ဩဂုတ် ၃**

ဇွန် ၂၈ ရက်က မြင်းမူမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး ရွှေပြည်သစ်ခန်းမတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တွေ့ဆုံသည့်ပွဲ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင် ဦးတင်ဝင်းက မြင်းမူမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်နေသော အချက်နှစ်ချက်ကို တင်ပြအကူအညီတောင်းခံခဲ့ရာ လိုအပ်ချက်တစ်ခုဖြစ်သည့် ဆိပ်ခံသဗ္ဗန်တွဲကြီး ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့သည် ဆိပ်ကမ်းကောင်းမြို့တစ်မြို့ဖြစ်ပြီး နွေရာသီမှာ ဧရာဝတီမြစ်၏ ရေကြောင်းကျပ်တည်းမှုအခြေအနေအရ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့များအထိ ဆက်လက်သွားလာနိုင်မှု ခက်ခဲ၍ နိုင်ငံခြားသားနှင့် ပြည်တွင်းခရီးသည်တင်သင်္ဘောများ၊ ကုန်တင်သင်္ဘောများပါ ဆိုက်ကပ်ရပ်နားရသည့် မြို့တစ်မြို့ဖြစ်သောကြောင့် ခရီးသည်အတက်အဆင်းပြေလုပ်ရန်နှင့် ကုန်တင်ကုန်ချပြုလုပ်နိုင်ရေးအတွက် ဆိပ်ခံသဗ္ဗန်တွဲတစ်တွဲ ပြန်လည်ရရှိရေးနှင့် မြင်းမူမြို့နယ်အတွင်းရှိ ပဲကူ-ရုံးကား-ညောင်ပင်ကန်ကျေးလက်လမ်းဟာ အရာတော်မြို့နယ် မလဲသာကျေးရွာနှင့် မြို့နယ် နယ်နိမိတ်ချင်းထိစပ်နေသော ကျေးလက်လမ်းတစ်လမ်းဖြစ်သည်။ ပဲကူ-ရုံးကား-ညောင်ပင်ကန်လမ်းမှာ ယနေ့အချိန်တွင် ဂျင်းလမ်းအဆင့်သာရှိနေပြီး မိုးရွာသွန်းသည့် မိုးတွင်းကာလများတွင် သွားလာရန်ခက်ခဲမှုရှိပါ၍ ကျေးလက်နေပြည်သူများ သွားလာမှုအဆင်ပြေနိုင်ရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ မုံရွာ-မန္တလေးလမ်းမကြီးမှ ပဲကူ-ရုံးကား-ညောင်ပင်ကန်အတွက် ၁၀ မိုင်ခန့်အရှည်ရှိသော ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန်အတွက်ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၆၀၀၀ အား ပံ့ပိုးကူညီပေးပါရန် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင် ဦးတင်ဝင်းက တင်ပြအကူအညီတောင်းခံခဲ့သည်။

ပြီးခဲ့သည့်လ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၃ ရက်က ဆိပ်ခံသဗ္ဗန်တွဲကြီးတစ်တွဲ မြင်းမူဆိပ်ကမ်းသို့ ရောက်ရှိလာပြီဖြစ်ရာ အဆိုပါ ဆိပ်ခံသဗ္ဗန်တွဲကြီးသည် အလျား ၁၁၄ ဒသမ ၉ ပေ၊ အနံ ၁၉ ဒသမ ၆ ပေ၊ ဇောက် ၄ ဒသမ ၆ ပေ၊ တန်ချိန် ၁၀၀ နိုင်သည့် (အမိုးမပါ) ဘေးကာသံပြားများပါသည့် ဆိပ်ခံသဗ္ဗန်တွဲဖြစ်သည်။

ဆိပ်ခံတွဲကြီးရောက်ရှိပြီဖြစ်၍ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာမှာဖြစ်ပြီး ကုန်ဈေးနှုန်းအထိုက်အလျောက်ကျဆင်းမည်ဖြစ်သည်။ လုပ်ခနှုန်းများလည်းသက်သာမည်ဖြစ်ပြီး ပြည် တွင်း ပြည်ပခရီးသည်များ လွယ်ကူစွာအတက်အဆင်းလုပ်နိုင်မည်ဖြစ်သည်။ ညအိပ်ခရီးသည်နှင့် ကုန်ပစ္စည်းများ တွဲပေါ်တွင်ထားနိုင်မည်ဖြစ်သည်။

ဒုတိယအချက်တင်ပြခဲ့သော မြင်းမူမြို့နယ်အတွင်းရှိ ပဲကူ-ရုံးကား-ညောင်ပင်ကန်၊ အရာတော်မြို့နယ် မလဲသာကျေးရွာနှင့် မြို့နယ်နယ်နိမိတ်ချင်းထိစပ်နေသည့် လမ်း ၁၀ မိုင်ခန့်အရှည်ရှိသော ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန်တင်ပြထားရာ အကောင်အထည်ဖော်ဆောင်ပေးခြင်းမရှိသေးကြောင်း သိရသည်။

**(၆၂၄)**






# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## အသွင်သစ်နှင့် ဇူလိုင်လထုတ် သုတပဒေသာစာစောင်

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့်စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။

ဇူလိုင်လထုတ် သုတပဒေသာစာစောင်တွင် ဆရာဦးဟန်ညွန့်(ဥပဒေ)၊ သန့်လွင်ထွန်း၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၊ ဒေါက်တာ ခိုင်ခိုင်ဝင်းတို့၏ "နိုင်ငံသားတိုင်းအတွက် လူ့အခွင့်အရေး" မျက်နှာဖုံးဆောင်းပါးများ၊ ဦးအောင်မျိုးသန့်၊ မြင့်မြန်မာ၊ ဦးသောင်းလှိုင်တို့၏ ရွေးကောက်ပွဲဆိုင်ရာ ဆောင်းပါးများ၊ ကြည်မင်း၊ အေးဖြူ မောင်မြင့်ကြွယ်တို့၏ အတွေးအခေါ်၊ ကျင့်ဝတ်နှင့် နီတိဆိုင်ရာ ဆောင်းပါးများ၊ ကိုကိုတင်(တရားလွှတ်တော်ရှေ့နေ)၊ သိပ္ပံကျော်လွင်၊ ဒေါက်တာ ခင်မောင်ညိုတို့၏ နိုင်ငံတကာနှင့် နည်းပညာဆိုင်ရာ ဆောင်းပါးများနှင့် ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်းပါးများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့်စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်ဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်ဆိုင် (၈၆) လမ်း၊ (၂၁) လမ်းနှင့် (၂၂) လမ်းကြား၊မန္တလေး ဖုန်း၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိစာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီး ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ဆက်သွယ်မှာယူနိုင်သည်။

---





## ဗုဒ္ဓဘာသာဖတ်စာ(၁)

ဥပဒေ-ဦးစိန်လှိုင် ရေးသားပြုစုသည့် "ဗုဒ္ဓဘာသာဖတ်စာ(၁)"စာအုပ်ထွက်ရှိလာသည်။ ထိုစာအုပ်တွင် ငါးပါးသီလနှင့်ပတ်သက်၍ သိသင့်သည်များကို နိဿယများတွင် ပါရှိသည့်အတိုင်း ပြည့်စုံစွာဖော်ပြထားသည်။ ပါဠိနှင့် စကားပြေကို ရှင်းလင်းလွယ်ကူအောင်ရေးသားထားပြီး ဗုဒ္ဓဘာသာဝင်များ နားလည်သိရှိနိုင်သော ဘာသာရေးစာအုပ်ဖြစ်သည်။

စာအုပ်တွင် သီလအဓိပ္ပာယ်၊ သီလရှိသူ၊ သီလမရှိသူ၊ သီလအကျိုး၊ သီလအမျိုးအစား၊ လူ့သီလ၊ သီလနှင့်လူအမျိုးမျိုး၊ တရားဆွေးနွေးသူ၊ ငြင်းခုံသူစသည်ဖြင့် ကွဲပြားအောင်တင်ပြထားသည်။ ထို့အပြင် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာမေရယ ငါးပါးတို့ကို အကျယ်ဖွင့်ဆိုရှင်းပြထားသည်။ ဥပုသ်သီလဆောက်တည်အပ်သည့် လူမျိုးနှင့် အချိန်ကာလကို အငြိမ်းစားတို့အတွက် အထူးဖော်ပြထားသည်။ ပါဠိစာပေလေ့လာခြင်း၊ တရားဆွေးနွေးခြင်းအကြောင်းများကို ပါဠိ၊ စကားပြေ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ဇာတ်တော်များနှင့် အများနား လည်အောင်ဖော်ပြထားရာ ဗုဒ္ဓဘာသာဆိုင်ရာ သိကောင်းစရာများပါဝင်သည့် ဖတ်စာအုပ်ကဲ့သို့ဖြစ်သည်။ နိပါတ်ကျမ်းဂန်အကိုးအကားများစုံလင်စွာပါဝင်သဖြင့် ဘာသာရေးဆိုင်ရာစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ထိုစာအုပ်ကို ဦးဟန်စိန် ကျီတော်စာပေ၊ အခန်း(၄၀၁/၂၆)၊ ၁၂ လမ်း၊ (၉၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့က တန်ဖိုး ကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိထားသည်။




## လက်တွေ့အသုံးချစီးပွားရေးသုံး အင်္ဂလိပ်စကား

ဆရာဦးကျော်ဆွေရေးသားပြုစုသည့် "လက်တွေ့အသုံးချ စီးပွားရေးသုံး အင်္ဂလိပ်စကား"စာအုပ် ထွက်ရှိလာသည်။ ယနေ့ကာလတွင် ဘာသာစကားစာအုပ်အမျိုးမျိုးထုတ်ဝေလျက်ရှိသည်။ ထိုသို့ထုတ်ဝေရာတွင် အင်္ဂလိပ်ဘာသာစာအုပ်များမှာ ပိုများလိမ့်မည်။ ထွက်ရှိနေသော အင်္ဂလိပ်ဘာသာစကားစာအုပ်များတွင် ယခု စီးပွားရေးနှင့်ပတ်သက်၍ လက်တွေ့အသုံးချနိုင်သော အင်္ဂလိပ်ဘာသာစကားစာအုပ် ထူးထူးခြားခြား ပေါ်ထွက်လာသည်။

စာအုပ်တွင် စီးပွားရေးလုပ်ငန်းသုံး အသုံးအနှုန်းများကို ကဏ္ဍအလိုက်စုစည်းထားသည်။ ဈေးကွက်စီးပွားစနစ်ကို လက်ရှိတွင် အကောင်အထည်ဖော်လျက်ရှိရာ၌ ပုဂ္ဂလိကလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံကုန်ထုတ်လုပ်ငန်းများ၊ ဈေးကွက်မြှင့်တင်ရေးလုပ်ငန်း များ၊ ဈေးကွက်သုတေသနလုပ်ငန်းများ စသည့်စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ နိုင်ငံတကာနှင့်ရင်ပေါင်တန်းလုပ်ကိုင်ကြရသည်။ ထိုသို့ လုပ်ကိုင်နိုင်ရန်အတွက် ပြည်တွင်းတွင်ဖြစ်စေ၊ နိုင်ငံခြားသားများနှင့်ချိတ်ဆက်၍ အလုပ်လုပ်ကြရာတွင် လက်တွေ့အသုံးချ စီးပွားရေးသုံး အင်္ဂလိပ်စကားမှာ မဖြစ်မနေလိုအပ်လာသည်။ ထိုလိုအပ်ချက်ကို ဖတ်ရှုခြင်းဖြင့် အထောက်-အကူပြုနိုင်ပေလိမ့်မည်။

ထိုစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ (ပထမထပ်-ဝဲ)၊ ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၀၉၇၃၀၅၉၉၃၅ က တန်ဖိုးကျပ် ၃၅၀၀ ဖြင့်ဖြန့်ချိထားသည်။




## ကမ္ဘာမှာအဆန်းဆုံးသည်အပင် အပင်ဟူသမျှဆေးပင်

သမားတော်ကြီး ဦးသောင်းရွှေ ရေးသားပြုစုသည့် "ကမ္ဘာမှာ အဆန်းဆုံးသည်အပင် အပင်ဟူသမျှဆေးပင်"စာအုပ် ထွက်ရှိလာသည်။ ထိုစာအုပ်တွင် အစာလည်းဆေး ဆေးလည်းအစာ ဆိုသည့်အတိုင်း မည်သည့်အစားအစာမဆို ထမင်း၊ ဟင်း၊ မုန့်ပဲသရေစာများမှအစ စားတတ်လျှင် ဆေးဖြစ်သည်ဟူ၍ ဖော်ပြထားသည်။ ဥပမာအားဖြင့် နှစ်ပေါင်းများစွာ အော့အန်တတ်သောရောဂါကို မြန်မာမုန့်ဟင်းခါးဟင်းရည်နှင့်ပျောက်သည်ဟုဆိုထားပါသည်။ မြန်မာတို့၏အာဟာရဓာတ်စာများကို မှန်ကန်စွာစားသုံးခြင်းဖြင့် ဆေးဖြစ်စေခဲ့ပါသည်။ ထိုအစာများတွင် အပင်၊ အသီး၊ အနှံများအားလုံးပါဝင်ပါသည်။ ထို့ကြောင့် ဤမြေကမ္ဘာတွင် ဆေးဖက်မဝင်သည့် အပင်ဟူ၍မရှိတော့ပါ။ အပင်တိုင်းသူ့နည်းသူ့ဟန်ဖြင့် ဆေးဖက်ဝင်ကြပါသည်။ အနောက်တိုင်းဆေးမပေါ်မီကတည်းက ရှေးမြန်မာများ အသုံးပြုခဲ့ကြသည့် တိုင်းရင်းဆေးပင်များကို မှီဝဲနိုင်ရန်အဆိုပါစာအုပ် တွင်ဖော်ပြထားသည်။ ထိုစာအုပ်တွင်ပါဝင်သော အကြောင်းအရာများသည် ဆေးဖက်ဝင်အပင်ဟုဆိုသော်လည်း မြန်မာ့ရိုးရာဓာတ်စာများဖြစ် နေပါသည်။ ဓာတ်စာဟုဆိုသော်လည်း ထိုဓာတ်စာတိုင်းတွင် ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အာဟာရများပါဝင်နေရာ အိမ်တွင်းသမားတော်လက်စွဲဟုလည်းဆိုနိုင်ပါသည်။

ထိုစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ (ပထမထပ်-ဝဲ)၊ ၃၉ လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁-၃၉၂၈၃၅ က တန်ဖိုးကျပ် ၁၂၀၀ ဖြင့်ဖြန့်ချိထားသည်။




## မြန်မာစာပေမှရှာဖွေလေ့လာတွေ့ရှိချက်များ

တက္ကသိုလ်တင်ခ ရေးသားပြုစုသည့် "မြန်မာစာပေမှ ရှာဖွေလေ့လာတွေ့ရှိချက်များ" စာအုပ်ထွက်ရှိလာသည်။ ထိုစာအုပ်တွင် မြန်မာစာပေမှ ရှာဖွေလေ့လာတွေ့ရှိချက်များဟုဆိုသည့်အတိုင်း မြန်မာစာပေလိုက်စားသူများ၊ မြန်မာစာပေကို ချစ်မြတ်နိုးသူများ အားထားနိုင်သည့်စာအုပ်ဖြစ်သည်။ စာအုပ်တွင် မြန်မာစာ၊ မြန်မာစကား မပျောက်ကွယ်ရအောင် ထိန်းသိမ်းခဲ့သူ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ မြန်မာ့ဇာတိမာန် အဘိဓာန်ဆရာကြီး ဦးမောင်မောင်တင်၊ သူ့ကျွန်မခံပြည်ထောင်စုစိတ်ဓာတ်အမှန်ကို စာဆိုခဲ့သူ ဆရာကြီးဇေယျ၊ စာနယ်ဇင်းဝေါဟာရကို တီထွင်ခဲ့သူဆရာကြီးဦးပဂျိုင်၊ မြတ်ဆရာဂုဏ် ဦးဘိုးသုန်စသည့် ပုဂ္ဂိုလ်များအကြောင်းကို ပြန်လည်သတိရစေမည့်အပြင် ထူးခြားမြင့်မြတ်သည့် ဆရာ အရှင်ဇနကာဘိဝံသနှင့် တပည့် ယောဆရာတော်အကြောင်းတို့ကို ဂုဏ်ပြုဖွဲ့ဆိုထားပါသည်။

ထို့အပြင် အနုပဆိုင်ရာအဖြစ် နှလုံးသားမော်ကွန်းတင်ကျန်ခဲ့သည့် ဂီတလုလင်ဦးကိုကို၊ ကိုးဆယ်ဆသာလိမ့်မယ်၊ ဆရာဘိုကလေး တင့်အောင်၊ သဘင်အရောင်ကောင်းတဲ့ သခင်အောင်မောင်း စသူတို့၏အကြောင်းများကိုလည်းဖော်ပြထားသည်။ တစ်ဆက်တည်းတွင် ခရီးသွား စာပေနှင့် မမေ့နိုင်စရာစာပေပညာရှင်များကိုလည်း ရွေးထုတ်တင်ပြထားသည်။

အဆိုပါစာအုပ်ကို စာပေခရီးသွားများစာအုပ်တိုက် အမှတ် ၀၀၁၊ တိုက်(စီ)၊ ကန်ရိပ်မွန်ကွန်ဒိုဝင်း၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၉၅၄၀၃၃၆၉ က တန်ဖိုး ကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိထားသည်။




## ဆေးဆရာမှတ်စု(၂)

ကြည်လွင်မြင့်(မုဒြာ)ရေးသားပြုစုသည့် "ဆေးဆရာမှတ်စု(၂)"စာအုပ်ထွက်ရှိလာသည်။ ထိုစာအုပ်တွင် ရိုးရာဆေးပညာကို အခြေခံ၍ လွယ်လွယ်နှင့်ကုသပျောက်ကင်းနိုင်သော ဆေးမြီးတိုများကို အိမ်တွင်းသက်စောင့်ဆေးကျမ်းငယ်တစ်ခုသဖွယ် တင်ပြထားသည်။ ဆေးဆရာမှတ်စုသည် စာရေးသူဖတ်ခဲ့၊ မှတ်ခဲ့၊ သင်ကြားခဲ့သည့် ဆေးပညာဗဟုသုတများမှရရှိသော အတွေ့အကြုံများကို ရောစပ်စုပေါင်းထားသဖြင့် အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးနည်းကောင်းများကို စာတွေ့၊ လက်တွေ့ ရိုးရိုးရှင်းရှင်းတင်ပြထားသည်။ အကြောင်းအရာပေါင်းစုံပါဝင်ပြီး ဆေးနည်းနှင့် ဆေးမြီးတိုများစုံလင်သည့် ဆေးကျမ်းသဖွယ်ဖြစ်သည်။

တင်ပြထားသောရိုးရာတိုင်းရင်းဆေးနည်းများမှာ မြန်မာ့ရိုးရာတိုင်းရင်းဆေးကို အခြေခံသဖြင့် ဘေးထွက်ဆိုးကျိုးနည်းပါသည်။ ဆေးကျမ်းငယ်အဖြစ် ဖတ်ရှုလေ့လာပြီး မိမိရောဂါနှင့်ချိန်ဆ၍ သင့်တော်သလိုသုံးစွဲနိုင်ရန်တင်ပြထားသည်။ လူတို့တွင်အဖြစ်များသော ရောဂါငယ်လေးများကို အလွယ်တကူရရှိနိုင်သည့် ဆေးဖက်ဝင်အပင်နှင့်အပင်ထွက်ပစ္စည်းများနှင့် ကုသနိုင်ရန်ဖော်ပြထားသည်။

စာအုပ်ကို စိုးစံစာပေ အမှတ် ၂၃ ၊ ဒုတိယထပ်၊ ဇဋ္ဌိလလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁-၅၄၆၁၅၀ က တန်ဖိုး ကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိထားသည်။

## အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ် လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ဘာကြောင့်လဲ ဆိုတော့ ပညာရေးဆိုတာဟာ နေရှင်နိုင်ငံအတွက်ပဲဖြစ်ဖြစ်. . . ဆိုရှယ်လစ်နိုင်ငံအတွက်ပဲဖြစ်ဖြစ် အနာဂတ်အတွက် အနစ်နာခံပြီး အရင်းအနှီးမြှုပ်ထားခြင်းပေကိုး၊ အရင်းအနှီးမြှုပ်ထားရပြီဆိုကတည်းက အရှုံးကို ဘယ်သူကမှ မလိုချင်ဘူး၊ ဒါက စီးပွားရေးဓမ္မနိယာမတစ်ခုပဲ"

မောင်စောနောင်က ယဲ့ယဲ့ပြုံးပြီး မေး၏။

"ရှင်းရှင်းပြောပါ ဆရာ၊ ဆရာ ဆိုလိုတာက ဆရာဟာ သုံးခါကျစနစ်ကြီးကို ထောက်ခံနေတာပဲ မဟုတ်လား"

ကိုသက်ခိုင်၏ရင်မှာ ဆို့သွားသည်။ ကရုဏာဒေါသလည်း အနည်းငယ်ထသွား၏။

မမျှော်လင့်ဘဲ အဘိုးကြီးက သူ့သားကို ဝင်မာန်မဲဟန့်တားသည်။

"လူကလေး . . . မင်းဆရာကို ဒီလိုပဲ ပြောရသလား၊ နေရာတကာမှာ နိုင်ငံရေးစကားရည်လုပွဲ မလုပ်နဲ့၊ အမှန်တရားကို ဆွေးနွေးတဲ့အခါမှာ ပညာရှိလိုစကားပြော၊ စစ်သူကြီးလို မငြင်းနဲ့"

အဘိုးကြီး၏အသံမှာ မမာသော်လည်း ဩဇာသက်ဝင်နေ၏။ မောင်စောနောင်က ဣန္ဒြေပြည့်စွာနဲ့ ကိုသက်ခိုင်ဘက်သို့ လှည့်ပြီးတောင်းပန်သည်။

"ဆက်ပြောပါ ဆရာ၊ ဦးနားထောင်ချင်တယ်"

"ဟုတ်ကဲ့ ဦး၊ ဦး သဘောပေါက်နေတာကို ကျွန်တော် ဝမ်းသာစွာနဲ့ သိမိပါတယ်၊ သုံးခါကျ ပြဿနာနဲ့ ပတ်သက်ပြီး နိဂုံးချုပ်ပြောရရင်တော့ တစ်ခါပဲကျလို့ ထွက်ရ ထွက်ရ၊ သုံးခါပဲကျလို့ ထွက်ရ၊ ထွက်ရ၊ မကျဘဲအောင်သွားသွား လက်ရှိပညာရေးစနစ်က မွေးထုတ်လိုက်တဲ့ လူငယ်တွေဟာ ပြည်သူနဲ့ တောင်သူလယ်သမားကြီးတွေအတွက် ဘာအကျိုးကိုမှ ထိထိရောက်ရောက် မပြုပေးနိုင်ပါဘူး၊ ကျွန်တော်ဆိုလိုတာက လက်ရှိပညာရေးစနစ်ကြီး တစ်ခုလုံးက မှားနေတယ်၊ သုံးခါကျပြဿနာဆိုတာဟာ အဖုအပိမ့်တစ်ခုပဲ၊ နှာချေတာ . . . ချောင်းဆိုးတာ . . . သလိပ်ကပ်တာ တစ်ခုပဲ၊ တစ်နည်းအားဖြင့် ရောဂါရဲ့ သွင်ပြင်လက္ခဏာတစ်ခုပဲ၊ ရောဂါရဲ့ မူလဇာစ်မြစ် မဟုတ်ဘူး၊ ကျွန်တော်ပြောပြချင်တာက ဒီလောက်ပါပဲ"

ကိုသက်ခိုင်က စကားအစသတ်လိုက်သည်။ လူကြီးက ဘာမှ မပြောဘဲ လှုပ်ရှားနိုင်သည့် လက်တစ်ဖက်ကို ကိုသက်ခိုင်သည် လူကြီး၏ မျက်လုံးများမှ မျက်ရည်များကို မြင်ရ၏။

အဘိုးကြီးသည် စောင်နောင်ရှိရာဘက် ခေါင်းကို လှည့်လိုက်ပြီး အမိန့်ပေးသည်။

"လူကလေး . . . သွား၊ မင်းအမေကို ပြော၊ ဆရာ စားဖို့ တစ်ခုခုလုပ်ပေးပါလို့"

ကိုသက်ခိုက်က လျင်မြန်စွာ ဝင်တားသည်။

"ဒုက္ခမရှာပါနဲ့ ဦးရယ်၊ အခုကျွန်တော်ပြန်ပြီး ထွန်းငွေတို့အိမ်မှာ ထမင်းစားရပါမယ်၊ ထွန်းငွေလည်း ဘဲသားဟင်းချက် ကျန်ရစ်ရဲ့"

"ဘာပဲဖြစ်ဖြစ် ဦးအိမ်ကို လာလည်တုန်း ဦးအိမ်က တစ်ခုခုစားသွားပါ။ အကောင်းတော့ မဟုတ်ဘူး၊ လူကလေးအမေဈေးက ကျန်လာတဲ့ မုန့်ဟင်းခါးပဲ၊ တစ်ဇွန်း နှစ်ဇွန်း ဖြစ်ဖြစ် စားသွားပါ ဆရာ၊ မောင်ထွန်းငွေရဲ့ ဘဲသားဟင်းကို ညစာမှဖြစ်ဖြစ် ဆရာ စားပေါ့၊ သွား . . . လူကလေး၊ သွားယူချေ"

ကိုသက်ခိုင် ထပ်မငြင်းနိုင်၊ ထပ်မငြင်းနိုင်ရုံမက ပထမက ငြင်းခဲ့မိသည်ကိုပင် နောင်တရမိ၏။

"လူကလေးအမေဈေးက ကျန်တဲ့ မုန့်ဟင်းခါး . . . "

ဤစကားက ကိုသက်ခိုင်၏ အသည်းနှလုံးကို သိမ့်သိမ့်ခါခါအောင် တုန်လှုပ်သွားစေသည်တကား။

"လူကလေး အမေ . . . ဈေးက . . . ကျန်တဲ့ မုန့်ဟင်းခါး . . . "

မောင်စောနောင်က အိမ်တွင်းသို့ ဝင်သွားသည်။ နှစ်ဦးချင်း ကျန်ခါမှ အဘိုးကြီးက ပြောသည်။

"ဆရာ ပြောတဲ့ စကားတွေက ဦးကို သတိဝင်စေတယ်၊ ဘာလုပ်လုပ် ဘာကိုင်ကိုင် အတ္တစွဲနဲ့ ဆန္ဒစွဲတွေ ရှိနေတယ်၊ အဲတာတွေပေါ်မှီတဲ့ အတ္တကရုဏာကလည်း ရှိနေတယ်၊ ဒီကနေ ဒေါသက ဝင်လာတယ်၊ ဦးကြုံခဲ့ရတာနဲ့ နှိုင်းစာပြန်တော့လည်း ဦးရဲ့ ဒေါသတွေက သဘာဝကျနေတယ်၊ ဆရာက ဦးဟာ ဆရာ့ရဲ့ ဦးလေးဦးကြီး ဘထွေးအရွယ်ရှိတယ်လို့ ပြောခဲ့တယ်၊ ဒီတော့ တူမောင် ဦး တစ်ခု ပြောပြမယ်၊ ဦး မျက်လုံးကွယ်သွားရတာ၊ ဦး ကိုယ်တစ်ခြမ်း သေသွားရတာတွေဟာ သွေးလေ ဖောက်ပြန်လို့ မဟုတ်ပါဘူးကွယ်၊ ဒီရောဂါတွေကို ထောင်က ဦးကို ပေးလိုက်တာတွေပါ၊ တူမောင် နားလည်ပါလိမ့်မယ်"

ဤအကြိမ်တွင်မူ ကိုသက်ခိုင် မျက်ရည်ဝဲမိသည်။ မိမိ မျက်ရည်ဝဲမိသည်ကို မိမိသာ နားလည်သည်။ မိမိ မျက်ရည်ဝဲမိသည်ကို အဘိုးကြီး မမြင်နိုင်သည့်အတွက် ဝမ်းသာရသေးသည်။

ကိုသက်ခိုင်သည် နင့်ဆို့နေသော လည်ချောင်းကို အားယူရှင်းပြီး တတ်နိုင်သမျှ အသံကို တည်ငြိမ်စေလျက် ဖြေ၏။

"ဦးပြောတာကို ကျွန်တော် ကောင်းကောင်းနားလည်ပါတယ်ဦး"

"တူမောင် နားလည်တယ်ဆိုတာ ဦး ယုံကြည်ပြီ၊ ဦးတို့ ဗိုလ်ချုပ်အောင်ဆန်းလက်ထက်က ပထမအကြိမ် သပိတ်မှောက်ခဲ့ကြတယ်၊ ဒီတုန်းက တစ်ပြည်လုံးက ဦးတို့ကို ထောက်ခံခဲ့တယ်၊ နောက် ၁၉၄၉ ခုနှစ်မှာ တစ်ကြိမ် သပိတ်မှောက်ကြပြန်တယ်၊ ဒီအချိန်မှာ ကေအင်ဒီအို အရေးကလည်း ပေါ်နေတယ်။ အင်းစိန်ကလည်း သူပုန်အောက်ကျနေတယ်၊ တစ်ပြည်လုံးဟာ မီးဟုန်းတောက်သလို ပူနေကြတယ်၊ လွတ်လပ်ရေးကြီးတောင် ပြန်ဆုံးရှုံးရမယ့် အခြေအနေမှာ ရှိနေတယ်၊ ပြည်သူတစ်ရပ်လုံးရဲ့ အာရုံက လွတ်လပ်ရေး မဆုံးရှုံးဖို့ ဘက်မှာတင် စိုက်နေကြတယ်၊ ရှိနေတဲ့ အစိုးရကို ထောက်ခံနေကြတယ်၊ ဒီတုန်း ဦးတို့က အထွေထွေသပိတ်ကြီးနဲ့ အစိုးရကို အကျပ်ကိုင်လိုက်တယ်၊ လက်တွေ့က ပြည်သူတွေကို အကျပ်ကိုင်လိုက်သလို ဖြစ်သွားတယ်၊ ပြည်သူတွေ ကမ္ဘာမီးလောင်ချိန်မှာ ဦးတို့က ဆီမီးခွက်ဝင်တောက်ပြလိုက်တာပဲ၊ ဦး ပြောတဲ့ အတ္တစွဲနဲ့ ဆန္ဒစွဲတွေလေ၊ ဒီတော့ ပြည်သူ့ ထောက်ခံမှုကို လုံးဝမရခဲ့ဘူး၊ ဒါထက်နေပါဦး၊ အဲဒီအချိန်တုန်းက တူမောင် ဘာလုပ်နေသလဲ၊ ကျောင်းသားပဲလား"

"တက္ကသိုလ်တော့ ရောက်နေပါပြီ ဦးရယ်၊ ဒါပေမယ့် အဲဒီအချိန်မှာ ကျွန်တော်ဟာ ဗမာ့တပ်မတော်ထဲ ပြန်ရောက်ပြီး အင်းစိန်စစ်မျက်နှာမှာ တိုက်ခိုက်နေခဲ့ရပါတယ်"

"ဗိုလ်အဖြစ်နဲ့ပေါ့၊ ဟုတ်လား"

"မဟုတ်ပါဘူး၊ သာမန် ရဲဘော်လေးဘဝနဲ့ပါ"

"အင်း . . . တူမောင်တို့က မှန်သွားသပေါ့၊ တူမောင်တို့ဆိုတာက တူမောင်တို့ ဗမာ့တပ်မတော်ကြီးနဲ့ ဗမာ့တပ်မတော်ရဲ့ ခေါင်းဆောင်ကြီးတွေပေါ့၊ ဦးတို့ကသာ မှားတာ၊ ဦးတို့ထက် ဦးတို့ကို လာမြှောက်ပေးတဲ့ လူစုတွေ မှားတာ၊ ဒါကြောင့်လည်း သူတို့ကိုရော၊ ဦးတို့ကိုရော ပြည်သူက မထောက်ခံတော့ အင်း . . . ဦးတို့အနေနဲ့က ထောင်ထဲဝင်ရပြီး အခုတော့ မြင်တဲ့အတိုင်းလေ၊ ဘယ်သူကမှ လာမကယ်တော့ဘူး၊ ကယ်လည်း မကယ်ချင်ကြတော့ဘူးလေ၊ ဦးက မျက်စိကန်းပြီး ကိုယ်တစ်ခြမ်းသေနေတဲ့ ကောင်ကိုး၊ သူတို့ဘာသာ သူတို့ ခေါ်ထားတဲ့ တော်လှန်ရေးဆိုတာမှာ ဦးအတွက် နေရာမှမရှိတော့ဘဲဟာကိုး၊ အဲ . . . လူကလေးကိုတော့ သူတို့ လာဂရုစိုက်နေကြပါလေရဲ့၊ အမှန်ဝန်ခံရရင် ဦးက သူတို့ကို သိပ်စိတ်မနာခဲ့မိဘူး၊ ဦးကို လူဖြစ်ရှုံးအောင် ထောင်ထဲ ထည့်ထားတဲ့ လူတွေကိုသာ မုန်းခဲ့မိတယ်၊ ဒါကြောင့်လည်း လူကလေး လုပ်နေတာကို မတားမြစ်တဲ့အပြင် အားတောင်ပေးခဲ့သေးတယ်၊ လူကလေးတို့ ဘာတွေ လုပ်နေတယ် ဆိုတာတောင် မမေးမြန်း မစစ်ဆေးခဲ့မိဘူး၊ လူကလေးတို့လည်းပဲ ဦးတို့ မှားခဲ့သလို အတ္တစွဲ ဆန္ဒစွဲတွေနဲ့ လုပ်နေကြသလား မသိဘူး၊ ဆရာရှင်းပြတဲ့ ရောဂါရဲ့ လက္ခဏာနဲ့ ရောဂါရဲ့ မူလဇာစ်မြစ်ကို ခွဲခြားကြည့်ကြရဲ့လား၊ မဆိုနိုင်ဘူး၊ ဆရာ ဘယ်လိုထင်သလဲ"

မောင်စောနောင်ကို သိတာမကြာသေးလို့ ကျွန်တော် တိတိကျကျ မဖြေတတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော် သိသမျှ လူငယ်တွေဟာ အမှန်တွေလည်း လုပ်နေကြသလို့ အမှားတွေလည်း လုပ်နေကြတာပဲ၊ ဘာပဲလုပ်လုပ် သူတို့ရဲ့ အခြေခံစေတနာကတော့ မွန်မြတ်သန့်ရှင်းကြပါတယ်၊ ခက်တာက လူငယ်တွေရဲ့ အင်အားတွေကို အသုံးချ အမြတ်ထုတ်နေတဲ့ လူတွေကလည်း အမျိုးမျိုးရှိနေကြတယ်၊ ရေရှည်မှာတော့ လူငယ်တွေဟာ အမှန်တရားစင်စစ်ကို ရှာတွေ့ကြမှာပါပဲ၊ အခုအနေတော့ အမှန်တရားကို ဟောပြောတဲ့လူတွေက များနေတော့ သူတို့ ခွဲခြားနိုင်ဟန် မတူသေးဘူး၊ တိုင်းပြည်ကိုယ်၌က ခွဲမှ မခွဲခြားနိုင်သေးဘဲ၊ လူကြီးတွေနဲ့ ကျွန်တော်တို့ လူရွယ်တွေကအစ စမ်းတဝါးဝါးပဲရှိနေကြသေးတာ၊ ကျွန်တော်ကတော့ အနာဂတ်အတွက် မျှော်လင့်ချက်ထားတယ်"

မောင်စောနောင်က မုန့်ဟင်းခါး တစ်ပန်းကန်ယူ၍ ထွက်လာသဖြင့် စကားပြတ်သွားကြသည်။

မုန့်ဟင်းခါးမှာ အိုးကျန်ကို နွေးထားသည်ဖြစ်သောကြောင့် အဆီအနှစ်စုကာ လေးလေးပင်ပင် အရသာရှိ နေ၏။

ကိုသက်ခိုင်သည် မုန့်ဟင်းခါး စားရင်းအိမ်ကို အကဲခတ်ကြည့်မိသည်။

ဝါးကြောထု ထရံကာနှင့် သက်ငယ်မိုး တဲတစ်လုံးသာဖြစ်သည်။ ထရံမှာမှာ အနည်းငယ် ဆွေးစပြုပြီဖြစ်ပြီး သက်ငယ်များမှာလည်း မိုးမကျမီ ပြင်ထိုက်အောင် ဟောင်းနေပေပြီ။ အိမ်နောက်ပိုင်းက ခြေတံရှည် ဖြစ်ပြီး အိမ်၏အထက်ပိုင်းတစ်ဝက်မှာ ဝါးကြမ်းခင်းထား၏။

ဆက်လက်ဖော်ပြပါမည်

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**မလှိုင်မြို့နယ်အသင်း(ရန်ကုန်မြို့)၏ ဖိတ်ကြားလွှာ**

မလှိုင်မြို့နယ်အသင်း(ရန်ကုန်မြို့)သည် မလှိုင်မြို့နယ်ဇာတိဖွားသံဃာတော်(၂၃)ပါးအား (ဒုတိယအကြိမ်)ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ထူးချွန်စွာအောင်မြင်ကြသည့် သံဃာ၊ သီလရှင်၊ ကျောင်းသူကျောင်းသားများ၊ စာပဒေသာဆုနှင့်တစ်သက်တာစာပေဆုရသူတို့အား(၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်၉ရက်) ၉-၈-၂၀၁၅(တနင်္ဂနွေနေ့)၊ မွန်းလွဲ၁နာရီတွင်အမှတ်(၇၀)၊ တက္ကသိုလ်ရိပ်သာလမ်း၊ အင်းလျားကန်ဖျားကျောင်းတိုက်၌ ဂုဏ်ပြုဆုဆက်ကပ်ချီးမြှင့်ခြင်းအခမ်းအနား ပြုလုပ်မည်ဖြစ်ပါသည်။ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ အသင်းအားမတည်ငွေထည့်ဝင်ခြင်း၊ ဓာတ်ပုံ(၂)ပုံယူလာပြီး ရာသက်ပန်(သို့မဟုတ်)သာမန်အသင်းသားအဖြစ် အသင်းဝင်ခြင်း စသည့်အလှူငွေများကို စေတနာထက်သန်စွာ ဖြင့်ပါဝင်လှူဒါန်းနိုင်ကြရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်ကြသည့် မလှိုင်မြို့နယ်သူ၊ မြို့နယ်သားများအားလုံး မပျက်မကွက်ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဝါဆိုသင်္ကန်း တစ်စုံလှူ ၅၀၀၀ိ/-နှုန်းဖြစ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ။)

**အမှုဆောင်အဖွဲ့**
**မလှိုင်မြို့နယ်အသင်း(ရန်ကုန်မြို့)**



**အားမာန် ပညာ့ရိပ်သာ**

B.Ed ဝင်ခွင့်/ဖွင့်ပြီ

Exam Guide ထွက်ပြီ

အမှတ် ၉၀ (၅ လွှာ)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၁-၃၇၄၄၇၀ ၀၉-၂၅၀၃၁၂၃၇၉



Young Learners New Semester!

**Think in English**

- သင်ခန်းစာများကို အရည်အချင်းပြည့်ဝတဲ့ နိုင်ငံခြားသားဆရာများ သင်ကြားမည်။
- ၆ နှစ်မှ ၁၄ နှစ်ကလေးများအတွက် ညနေပိုင်းများနှင့် စနေတနင်္ဂနွေသင်တန်းများရှိသည်။
- သင်တန်းသစ်များ ဩဂုတ်လ ၁၇ ရက်နေ့တွင်စတင်မည်။
- ဝင်ခွင့်စာမေးပွဲအတွက်ယခုပဲဖုန်းဆက်လိုက်ပါ။

Tel: 09425026102 Email: info@thinkinenglish.co
3 U Weik Zar Street; Pazundaung; Yangon







ပြည်တွင်းရေးရာ

## သဘာဝဘေးဒဏ်သင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်း ခြောက်ခု ဖွင့်လှစ်၍ ကူညီစောင့်ရှောက်



**ဟားခါး ဩဂုတ် ၃**

မိုးများ အဆက်မပြတ်သည်းထန်စွာရွာသွန်းမှုကြောင့် ဟားခါးမြို့ ရန်းတောင်မှ မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး တော်လှန်ရေးကန်အတွင်း ရွံ့ရေများ စီးဆင်းခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ် အများဆုံးကျရောက်နိုင်သည့် ဈေးဟောင်းရပ်ကွက်၊ မြို့ဟောင်းရပ်ကွက်နှင့် ပြည်တော်သာရပ်ကွက်(၃) ရပ်ကွက်မှ ဒေသခံများအား အန္တရာယ်ကင်းလွတ်ရာ မြို့သစ်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ခရစ်ယာန်ဘုရားကျောင်းများနှင့် သင့်တော်ရာ အဆောက်အအုံများတွင် ကယ်ဆယ်ရေးစခန်းခြောက်ခုဖွင့်လှစ်ထားရှိကာ ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ကယ်ဆယ်ရေးစခန်း ခြောက်ခု ဖွင့်လှစ်၍ သဘာဝဘေးဒဏ်သင့် ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် တာဝန်ရှိသူများက ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ နှစ်သိမ့်အားပေးခြင်း၊ လိုအပ်သည့်ကူညီရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးခြင်း၊ ဆန်အိတ် ၅၀၀ အား စခန်းအလိုက် သိုလှောင်ထားရှိခြင်း၊ ဒိန်ဒီးသောက်ရေသန့်ကုမ္ပဏီပိုင်ရှင် ဦးရွှေဟိန်းက သောက်ရေသန့်ဘူးများ ဖြန့်ဝေလှူဒါန်းခြင်း၊ စေတနာရှင်ပြည်သူများက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

ဩဂုတ် ၁ ရက်တွင် ဟားခါးမြို့ ကယ်ဆယ်ရေးစခန်းခြောက်ခုတွင် အိမ်ထောင်စု ၁၀၄၈ စု၊ လူဦးရေ ၂၆၆၆ ဦးတို့အား တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချင်းပြည်နယ်(ပြန်/ဆက်)**

## မြစ်သာမြစ်ရေ မြင့်တက်၍ လူနေအိမ်များ ပြောင်းရွှေ့ရ

**ဂန့်ဂေါ ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့သည့်အတွက် မြစ်သာမြစ်ရေ မြင့်တက်လာခဲ့ရာ ဩဂုတ် ၁ ရက် နံနက်က ဂန့်ဂေါမြို့နယ် မြင်သားကျေးရွာ မြစ်သာမြစ်ကမ်းအနီးရှိ သွပ်မိုး၊ ပျဉ်ကာနေအိမ်တစ်လုံး၊ သွပ်မိုး၊ ကပ်ကာနေအိမ်တစ်လုံး၊ သွပ်မိုး၊ ပျဉ်ကာနေအိမ်နှစ်လုံး၊ ကပ်မိုး၊ ကပ်ကာ နေအိမ်တစ်လုံးတို့ကို မြစ်သာမြစ်ထဲသို့ မျောပါသွားခြင်းမရှိစေရန် သင့်တော်သောနေရာသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

မြစ်သာမြစ်ရေတိုက်စားမှုကြောင့် ဇူလိုင် ၃၁ ရက်က ဂန့်ဂေါမြို့နယ် ပြင်သာရွာတွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) နှစ်ခန်းတွဲစာသင်ဆောင် မျောပါသွားခဲ့ပြီး စာရေးခုံများအား ရေလွတ်ရာသို့ သယ်ယူပြောင်းရွှေ့ခဲ့ကြရသည်။ ယင်းအပြင် မြစ်သာမြစ်အနီးတွင်နေထိုင်သူ နေအိမ်များအနက် သွတ်မိုး၊ ပျဉ်ကာ နေအိမ်ငါးလုံးအား ရေလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်းနှင့် ကျေးရွာအတွင်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ကြကြောင်း သိရသည်။ **(၄၆၅)**

## ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံ၌ ကန်မိန်းတိုက်နယ်ဆေးရုံသစ် ဖွင့်လှစ်



**ကွမ်းလုံ ဩဂုတ် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်တွင် ကန်မိန်းတိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက ကန်မိန်းတိုက်နယ်ဆေးရုံသစ်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဒီပါတ်က တိုက်နယ်ဆေးရုံဖွင့်လှစ်ရခြင်းအကြောင်းရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ကန်မိန်းတိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း အချက်အလက်စာရွက်စာတမ်းများအား Sky Universal ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာမှ တွဲဖက်ပြည်နယ်ကုသရေးဦးစီးဌာနမှူးအား ပေးအပ်ခဲ့သည်။ ဆက်လက်၍ တိုက်နယ်ဆေးရုံဖွင့်ပွဲအထိမ်းအမှတ်အလံများအား မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသိန်းမြို့ကပေးအပ်ရာ တာဝန်ရှိသူများက လက်ခံခဲ့ကြသည်။

ဆက်လက်၍ ကန်မိန်းတိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေများအဖြစ် အလှူရှင်များက ပေးအပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အလှူငွေကျပ် ၁၀ သိန်း၊ မြန်မာရတနာရွှေခေတ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာမှ ကျပ်သိန်း ၃၀၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသိန်းမြို့မှ ကျပ် ၁၀ သိန်း၊ ကန်မိန်းကျေးရွာ ရပ်မိရပ်ဖ ဦးတီဒေါင်ဝေ-ဒေါ်ခေါ်စေး မိသားစုမှ ကျပ် ငါးသိန်း၊ နေရီလင်းကုမ္ပဏီမှ ကျပ် ငါးသိန်း ပေးအပ်လှူဒါန်းခဲ့သည်။ ယင်းနောက် ဆေးရုံပေါ်ရှိ လူနာများကို လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံအဆောက်အအုံ၊ လူနာခတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်းများကို လှည့်လည်စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဘဦး(ပြန်/ဆက်)**

## ငွေရေးကြေးရေးဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘဏ်စနစ်၊ အာမခံအကြောင်း နားလည်သဘောပေါက်စေရန် 1st Myanmar Financial Inclusion Conference ကျင်းပ

**ရန်ကုန် ဩဂုတ် ၃**

နိုင်ငံရေး၊ စီးပွားရေး၊ ငွေရေးကြေးရေးလောကသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာရာ ပြည်သူများ၏ လူမှုဘဝ၊ စီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်မည့် ငွေရေးကြေးရေးဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများအကြောင်းကို ကောင်းမွန်စွာ နားလည်သဘောပေါက်စေရန် ပထမဦးအကြိမ် 1st Myanmar Financial Inclusion Conference (MFIC–2015) ကို Myanmar Institute of Finance (MIF) မှ ဦးဆောင်၍ ဩဂုတ် ၂ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာအောင်ထွန်းသက်၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပါမောက္ခများမှ Honorable Guest များအဖြစ် တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး Banking Session တွင် “SME Finance”၊ Insurance Session တွင် အာမခံလုပ်ငန်း၏ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံ့စီးပွားရေးတွင် အရေးပါမှု၊ Capital Market Session တွင် ပြည်သူများ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်မည့် နေရာအသစ် (Stock Exchange) ခေါင်းစဉ်များဖြင့် တာဝန်ရှိသူအသီးသီးက စကားဝိုင်းဖွဲ့ ဆွေးနွေးခဲ့သည်။

ဒေါက်တာမောင်မောင်သိမ်းက အာမခံနှင့်ပတ်သက်ပြီး ဟောပြောရာတွင် အရှေ့တိုင်းနိုင်ငံများသည် အနောက်တိုင်းနိုင်ငံများထက် အာမခံထားရှိမှုနည်းနေကြောင်း၊ အားမခံသည် စီးပွားရေးလုပ်ငန်းများအတွက် ဆုံးရှုံးမှုတစ်စုံတစ်ရာပေါ်ပေါက်လာပါက Backup အနေဖြင့် အများ၏ အာမခံထားရှိမှုမှ ဝိုင်းဝန်းပြန်ကူညီကာ ပြန်လည်ရပ်တည်နိုင်ရန် ဖေးမပေးသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းများသည် သက်တမ်းအားဖြင့် နုနယ်သေးပြီး မြန်မာနိုင်ငံတွင် စီးပွားရေးဆန်ရှင်ကာလကတည်းက ဖွင့်လှစ်ခဲ့သည့် ဂျပန်နိုင်ငံမှ နိုင်ငံခြားအာမခံကုမ္ပဏီသုံးခုအား အထူးစီးပွားရေးဇုန်များတွင် လုပ်ပိုင်ခွင့်ပေးထားကြောင်းနှင့် ပြည်တွင်း အာမခံ ကုမ္ပဏီ ၁၂ ခု ခန့်ရှိကြောင်း၊ အာမခံစနစ်ကို လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀ ကျော်ကပင် အင်္ဂလန်နိုင်ငံတွင်စသုံးခဲ့ပြီး ဂျပန်နိုင်ငံတွင် နှစ်ပေါင်း ၂၀၀ ခန့်က စတင်ကျင့်သုံးခဲ့ကြောင်း ဟောပြောခဲ့သည်။

အဖွဲ့လိုက်ဆွေးနွေးပွဲတွင် တော်ဝင်ကုမ္ပဏီလီမိတက်မှ ဦးကိုကိုထွေးက ပြည်တွင်းပိုင် အာမခံကုမ္ပဏီများကို ပြည်ပနိုင်ငံခြားအာမခံကုမ္ပဏီများဖြင့် တွဲဖက်ဆောင်ရွက်ခွင့်ပေးပြီး အာမခံမူဝါဒကောင်းများဖြင့် ထိန်းကျောင်းပေးပါက မြန်မာ့အာမခံလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်စေနိုင်ကြောင်း အကြံပြုဆွေးနွေးခဲ့ကြသည်။ **သန့်ဇင်ဝင်း**

## မြစ်ကြီးနားတက္ကသိုလ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ် တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၃**

မြစ်ကြီးနားတက္ကသိုလ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကချင်ပြည်နယ်ဇုန် တက္ကသိုလ်၊ ဒီဂရီကောလိပ် တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီက မြစ်ကြီးနားတက္ကသိုလ် အားကစားခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် မြစ်ကြီးနားတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ယင်းပြိုင်ပွဲကို ဩဂုတ် ၂ ရက်မှ ၃ ရက်အထိ ပြုလုပ်ခဲ့ရာ မြစ်ကြီးနားတက္ကသိုလ်၊ မိုးညှင်းဒီဂရီကောလိပ်၊ ဗန်းမော်တက္ကသိုလ် အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

ယင်းနေ့က ဖွင့်ပွဲအခမ်းအနားသို့ မြစ်ကြီးနားတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစိုးဝင်း၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်ဂျပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ အသင်းအုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်အသင်းသားများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။



“ဒီပြိုင်ပွဲမှာအသင်းသုံးသင်းယှဉ်ပြိုင်ခဲ့တာပါ။ ပြိုင်ပွဲမှာ ပထမ၊ ဒုတိယရရှိတဲ့ အသင်းတွေကို အထက်မြန်မာပြည်(မန္တလေးဇုန်) မှာကျင်းပမယ့် အမျိုးသားဘောလီဘော်ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ ဒီ့အပြင် တက္ကသိုလ်ကိုယ်စားပြု နိုင်ငံအားကစားသမားများ ရွေးချယ်ပေါ်ထွက်လာစေရန်အတွက်လည်း ကျောင်းနေပျော်၍ စာတော်ရမည်ဆိုသလိုစာတစ်မျိုးကိုပဲ အာရုံမထားဘဲအားကစားဘက်မှလည်း ထူးချွန်လာအောင်ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း မြစ်ကြီးနားတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာစိုးဝင်းက ပြောသည်။ **မင်းမင်းဦး**

## မင်္ဂလာလမ်းအားကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်

**ကျုံပျော် ဩဂုတ် ၃**

ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်မြို့တွင်း မင်္ဂလာလမ်းအား ဇူလိုင်လပထမပတ်မှ စတင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီး၍ ဖြတ်သန်းအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

"မြို့တွင်းလမ်းတွေကို ကွန်ကရစ်လမ်း ဆောင်ရွက်တာ ပိုပြီးကြိုက်ပါတယ်။ ကတ္တရာလမ်းလို ကျင်းချိုင့် မကြာခဏဖြစ်တာတို့၊ မိုးတွင်းရေဝပ်တာတို့ စတဲ့ဒုက္ခတွေကလည်းကင်းပြီး အဆင်ပြေပြေ သွားလာနိုင်ပါတယ်။ မော်တော်ယာဉ်မောင်းသူတွေအနေနဲ့ကတော့ လမ်းပခုံးမြင့်တဲ့အတွက် အန္တရာယ်ကင်းအောင် ပိုပြီးဂရုစိုက်မောင်းနှင်ဖို့ လိုအပ်မှာဖြစ်ပါတယ်" ဟု မြို့တွင်းနေထိုင်သူတစ်ဦးက ပြောသည်။ အဆိုပါလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အရှည် ၄၆၀ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၈ လက်မဖြင့် ဆောင်ရွက်ခဲ့ပြီး ငွေကျပ် ၁၃၉ ဒသမ ၇ သိန်း ကုန်ကျခဲ့သည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

## ထားဝယ်မြို့တွင် Royal Palace Hall အဆောက်အအုံဖွင့်လှစ်

**ထားဝယ် ဩဂုတ် ၃**

တိုးတက်ပြောင်းလဲလာသည့် ထားဝယ်ဒေသ၏ လူနေမှုအဆင့်အတန်းနှင့် တစ်ပြေးညီဖြစ်စေရန်ရည်ရွယ်၍ ထားဝယ်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီလီမိတက်မှ တည်ထောင်ဖွင့်လှစ်သည့် Royal Palace Hall အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုးချဲ့မြို့သစ် ထိန်းသစ်ရပ် ဆိပ်ကမ်းသာလမ်းနှင့် ကမြောကင်းလမ်းထောင့် Royal Palace Hall အဆောက်အအုံတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမြင့်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးသန်းအောင်၊ DDPC ဥက္ကဋ္ဌ ဦးခင်စိုးတို့က Royal Palace Hall အဆောက်အအုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် DDPC ဥက္ကဋ္ဌ ဦးခင်စိုးတို့က Royal Palace Hall အဆောက်အအုံ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ DDPC ဥက္ကဋ္ဌ ဦးခင်စိုးတို့က စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် အခမ်းအနားကိုဆက်လက်ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမြတ်ကိုအား DDPC ဥက္ကဋ္ဌ ဦးခင်စိုးက အမှတ်တရလက်ဆောင်ပေးအပ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်တို့က ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ Royal Palace Hall အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာသူများအား ထားဝယ်ရိုးရာယဉ်ကျေးမှုအကအဖွဲ့က ထားဝယ်ရိုးရာ အကအလှပဒေသာဖြင့်လည်းကောင်း၊ ထားဝယ်ရိုးရာရေအိုးရွက်အကဖြင့် လည်းကောင်း ဖျော်ဖြေ တင်ဆက်ကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌတို့က ထားဝယ်ရိုးရာယဉ်ကျေးမှုအကဖွဲ့များအား ဆုငွေချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တနင်္သာရီတိုင်းဒေသကြီး(ပြန်/ဆက်)**






ဗဟန်းမြို့နယ် ဆရာစံလမ်းမကြီးသည် ယာဉ်သွားယာဉ်လာများပြားသည့်လမ်းဖြစ်ပြီး ရန်ကင်းမြို့နယ်၊ တာမွေမြို့နယ်နှင့် သင်္ဃန်းကျွန်းမြို့နယ်များသို့ အလွယ်တကူဖြတ်သန်းနိုင်သည့် အလွန်အသုံးဝင်သောလမ်းဖြစ်ပါသည်။ အဆိုပါလမ်းပေါ်တွင် Man Hole ပေါက်မှာ အဖုံးအပိတ်မရှိသဖြင့် ယာဉ်ငယ်များ ညအခါ ဘီးကျွံကျပြီး တိမ်းမှောက်မှုများဖြစ်ပေါ်နိုင်ကြောင်း ယာဉ်မောင်းသူများကပြောသည်။ သတင်းနှင့် ဓာတ်ပုံ - (၅၉၇)

## မကွေးမြို့တွင် မြန်မာသတင်းပညာသိပ္ပံ အပြည်ပြည်ဆိုင်ရာပံ့ပိုးရေးအကူအညီဖြင့် ပဋိပက္ခမဖြစ်အောင် ကိုင်တွယ်ရေးသားနည်း မွမ်းမံသင်တန်းဖွင့်လှစ်

**မကွေး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့ နတ်မောက်လမ်း ထိန်ထိန်သာဟိုတယ်တွင် မြန်မာ့သတင်းပညာသိပ္ပံ အပြည်ပြည်ဆိုင်ရာပံ့ပိုးရေးအကူအညီဖြင့် MJI မှ ဒေါ်တင်ဇာဇော်၊ မော်ကွန်းမဂ္ဂဇင်းအယ်ဒီတာ ဦးဇေယျာလွင်နှင့် သတင်းထောက်ကိုကျော်သူရမျိုးတို့က သင်တန်းနည်းပြအဖြစ်ဆောင်ရွက်၍ ပဋိပက္ခဂရုပြုသတင်းရေးသားနည်းမွမ်းမံသင်တန်းကို ဇူလိုင် ၂၇ ရက်မှစတင်ပြီး ငါးရက်ကြာ သင်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မကွေးမြို့နယ်အပါအဝင် နတ်မောက်၊ ရေနံချောင်း၊ ချောက်၊ မင်းဘူးနှင့် မြိုင်မြို့နယ်များမှ သတင်းမီဒီယာသမား ၁၆ ဦး တက်ရောက်ခဲ့သည်။

ယင်းသင်တန်း၌ ဆွေးနွေးခြင်းနှင့် သတင်းသမားများအနေဖြင့် ပဋိပက္ခမဖြစ်အောင် သတင်းရေးသားရာတွင် ကျင့်ဝတ်နှင့်အညီရေးသားရန်၊ သတင်းရေးသားရာတွင် ပြည်သူ့စီးပွားအတွက် အကျိုးသက်ရောက်မှုရှိရန်၊ လူအများစိတ်ဝင်စားမှုရှိရန်၊ ထင်ပေါ်ကျော်ကြားသူများ၏ အသုံးဝင်မှု၊ ဖျော်ဖြေမှု ဒေသန္တရနီးစပ်မှု၊ အချိန်ကိုက်ညီစွာတင်ပြရေးသားနိုင်ရန်နှင့် ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့် ပဋိပက္ခဖြစ်စဉ်များကို စာဖတ်သူရိုးရှင်းမြင်သာအောင် ရေးသားတတ်ရန် စသည်တို့ကို ဆွေးနွေး၍လည်းကောင်း သင်တန်းပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့က အခုသင်တန်းပေးရခြင်း ရည်ရွယ်ချက်အနေနဲ့ပြောရရင် ပဋိပက္ခတွေနဲ့ ပတ်သက်ပြီးတော့ ကိုင်တွယ်ရေးသားတဲ့ သတင်းသမားတွေအနေနဲ့ ရေးသားရာမှာ ပဋိပက္ခကို မီးထိုးပေးတာမဖြစ်အောင်၊ ပိုပြီးပြန့်ပွားတာမျိုးမဖြစ်အောင်၊ ပဋိပက္ခတွေကို ပြောတဲ့နေရာမှာ သတင်းအဖြစ်အပျက်ပြောတတ်ဖို့ တင်ပြတတ်ဖို့ အဖြေရှာတတ်ဖို့အတွက်ကို ပဋိပက္ခကို ပိုပြီးပြောတာမျိုးမဖြစ်အောင် သင်တန်းပေးရခြင်းဖြစ်ပါတယ်။ ပဋိပက္ခတွေလို့ အများမြင်တတ်လေ့ရှိတာက လူမျိုးရေး၊ ဘာသာရေးစသည်ဖြင့် အများမြင်တတ်လေ့ရှိတာကို သတင်းသမားအနေဖြင့် ကိုင်တွယ်မှုမမှန်ရင် ပိုပြီးကြီးထွားတတ်ပါတယ်။ အဲ့ဒါကြောင့် ပဋိပက္ခမဖြစ်အောင် သတင်းရေးသားနည်းမွမ်းမံသင်တန်းပေးရခြင်းဖြစ်ပါတယ်" ဟု မြန်မာသတင်းပညာသိပ္ပံမှ သင်တန်းညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ပြောပြသည်။

ယင်းသင်တန်းကို ၂၀၁၃ ခုနှစ် ဇွန်လမှစတင်ခဲ့ပြီး သင်တန်းသား ၄၀၀ ကျော်ထိရှိကြောင်း၊ ထပ်မံ၍ မွမ်းမံသင်တန်းကို ဇူလိုင်လမှ စက်တင်ဘာလအထိ သုံးလသင်တန်းပေးမည်ဖြစ်ကြောင်း၊ မုံရွာ၊မြစ်ကြီးနား၊ ကလေးမြို့များတွင် ပေးပြီးဖြစ်ကြောင်းနှင့် မကွေးမြို့၌ ငါးရက်ပေးမည်ဖြစ်ကြောင်း၊ ဆက်လက်၍ လားရှိုး၊ တောင်ကြီး၊ သံတွဲ၊ မော်လမြိုင်၊ ပဲခူး၊ ပုသိမ်နှင့် ရန်ကုန်မြို့အပါအဝင် စုစုပေါင်း ၁၁ မြို့တွင် သင်တန်းပေးသွားမည်ဖြစ်ကြောင်း သင်တန်းမှူးဒေါ်တင်ဇာဇော်က ပြောသည်။

**ခွဲထက်ရှင်**

## ယင်းမာပင်မြို့နယ် ရေဘေးကယ်ဆယ်ရေးစခန်း သုံးခုဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**ယင်းမာပင် ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းမှစတင်ပြီး ချင်းတွင်းမြစ်ရေကြီးမြင့်လျှံတက်ကာ ရေဝင်ရောက်လျက်ရှိသော ကျေးရွာ ၁၄ ရွာသို့ ဩဂုတ် ၁ ရက် နံနက် ၈ နာရီက မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းဦးဆောင်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်လင်းနှင့် ကျန်းမာရေးဆရာ၊ ဆရာမများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများလိုက်ပါကာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့များပူးပေါင်းပြီး စက်လှေများဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေဘေးကယ်ဆယ်ရေးစခန်းသုံးခုဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် ယာယီဆေးခန်းများ ဖွင့်လှစ်စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ချင်းတွင်းမြစ်ရေလျှံတက်ပြီး ရေဝင်ရောက်မှုကြောင့် ယင်းမာပင်မြို့နယ်အတွင်းရှိ စုန်းကျင်းကျေးရွာအုပ်စုမှ စုန်းကျင်း (တ၊ လ၊ မ)၊ မြရွှေစည်နှင့် ဘိန်းနွယ်ချောင် စသည့်ကျေးရွာငါးရွာ၊ ကျောက်မှော်ကျေးရွာအုပ်စုမှ ကျောက်မှော်၊ နှံးရွာ၊ နှောပင်နှင့် ကျွန်းပေါ် စသည့်ကျေးရွာလေးရွာ၊ ကန်ချောင်အုပ်စုမှ အောင်မိုး၊ လက်ခုပ်ပင်ရွာဟောင်းနှင့် လက်ခုပ်ပင်ရွာသစ် စသည့်ကျေးရွာသုံးရွာ၊ စုန်းချောင်းကျေးရွာအုပ်စုမှ စည်သူနှင့် သံဘိုစသည့်ကျေးရွာနှစ်ရွာ စုစုပေါင်းကျေးရွာ ၁၄ ရွာထဲမှ အိမ်ထောင်စု ၆၆၆ စုရှိသည့်အနက်မှ စုန်းကျင်းကျေးရွာမှ အိမ်ထောင်စုလေးစုအား ရေလွတ်ရာဘုန်းတော်ကြီးကျောင်းနှင့် စုန်းကျင်း (အ. လ. က-ခွဲ) ကျောင်းတို့တွင် ပြောင်းရွှေ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ယာယီဆေးခန်းတစ်ခုဖွင့်ပေးထားကြောင်း သိရသည်။

ဘိန်းနွယ်ချောင်ကျေးရွာမှ အိမ်ထောင်စု ၃၀ စုအား ဘိန်းနွယ်ချောင် (အ. လ. က-ခွဲ) ကျောင်းတွင် ပြောင်းရွှေ့ထားပြီး ယာယီဆေးခန်းတစ်ခုဖွင့်ပေးထားကြောင်း၊ ကျောက်မှော်ကျေးရွာမှ အိမ်ထောင်စုနှစ်စုအား ကျောက်မှော်ကျေးရွာခန်းမတွင် ပြောင်းရွှေ့ထားပြီး ယာယီဆေးခန်းတစ်ခုဖွင့်ပေးထားကြောင်း သိရသည်။

ဆက်လက်ပြီး ကန်ချောင်ကျေးရွာအုပ်စုရှိ ရေဝင်ရောက်သည့် လက်ခုပ်ပင် (တ၊ လ၊ မ)၊ အောင်မိုးကျေးရွာနှင့် စုန်းကျောင်းကျေးရွာအုပ်စုရှိ စုန်းချောင်း(မ)၊ သံဘိုရွာနှင့် စေသူကျေးရွာများသို့ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုပြီး ဒေသခံပြည်သူများအတွက် လိုအပ်သောအကူအညီများကို ဆောင်ရွက်ပေးခဲ့သည်။

ယင်းမာပင်မြို့နယ်တွင် ဇူလိုင်လပထမအပတ်မှစတင်ကာ မိုးအဆက်မပျက် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဝင်းကုန်းကျေးရွာ တောင်ကျချောင်းဖြတ်ကူးစဉ် ဒေသခံတစ်ဦးသေဆုံးခဲ့ကြောင်း၊ ယခုချင်းတွင်းမြစ်ရေကြီးမြင့်မှုကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်ဒဏ်ရာမရှိ အသေအပျောက်မရှိ အဆောက်အအုံ၊ လမ်း၊ တံတားများလည်း ပြိုပျက်ခြင်းလုံးဝမရှိကြောင်း၊ သို့သော် လယ်ယာမြေများထိခိုက်ပျက်စီးမှုအနေဖြင့် ဒေသခံတောင်သူလယ်သမားများ၏ ပျိုးထောင်ထားသောစပါးပျိုးခင်း ၂၄ ဧက၊ စိုက်ပျိုးထားပြီး ကွမ်းငါးဧက စုစုပေါင်း ၂၉ ဧက ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။ **ထွန်းကိုကို**

## နေရပ်ပြန်ပြည်သူများအတွက် ဆန်အိတ်များထောက်ပံ့



**ကွမ်းလုံ ဩဂုတ် ၃**

ကွမ်းလုံမြို့နယ် စံပြကျေးရွာအုပ်စုရှိ ကျေးရွာများသို့ ပြန်လည်ရောက်ရှိနေသော စစ်ဘေးရှောင် နေရပ်ပြန်ပြည်သူများအတွက် ဆန်အိတ်များပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက စံပြကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဆန်အိတ်ပေးအပ်ပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အမှာစကားပြောကြားခဲ့ပြီး လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်းနှင့် ဇနီးဒေါ်စိန်ရီတို့က စံပြကျေးရွာအုပ်စုအတွင်းရှိ မာလုကော်ကျေးရွာ၊ ကန်လန်ကမ်းရွှေကျေးရွာ၊ ကျူဖန်ကြိုင်းကျေးရွာသုံးရွာ အိမ်ထောင်စု ၉၄ အိမ်ထောင်စုအတွက် ဆန်အိတ် ၂၀၀ အား ထောက်ပံ့ပေးအပ်ခဲ့သည်။

ပေးအပ်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲစခန်းမြို့နယ်မှူး၊ မြို့နယ်ပညာရေးမှူးနှင့် ကျေးရွာပြည်သူများတက်ရောက်ကြောင်း သိရသည်။ **ဘဉီး(ပြန်/ဆက်)**

# ရေလွှမ်းမှုဖြစ်လျှင် ဆောင်ရွက်သင့်သည့်အချက်များပါသော စာရွက်များ မုံရွာမြို့တာရိုးတစ်လျှောက်တွင် ဝေငှပေးနေ

**မုံရွာ ဩဂုတ် ၃**

ရေလွှမ်းမိုးမှုများဖြစ်လာလျှင် ဆောင်ရွက်သင့်သည့်အချက်များကို စာရွက်ဖြင့်ရိုက်၍ မုံရွာမြို့ တာရိုးတစ်လျှောက် ချင်းတွင်းမြစ်ရေကြီးမှုအား လာကြည့်သူများကို ဩဂုတ် ၁ ရက်တွင် ဝေငှပေးခဲ့ကြောင်း သိရသည်။

မိုးလေဝသသတင်းကို အမြဲနားထောင်ရန်၊ ရွှေ့ပြောင်းထွက်ခွာရေးအိတ်တစ်ခုကို ပြုလုပ်ထားရန်၊ ရွှေ့ပြောင်းထွက်ခွာရေးလမ်းကြောင်းများကို လေ့ကျင့်မှတ်သားထားရန်၊ အိမ်မွေးတိရစ္ဆာန်များနှင့် မွေးမြူရေးတိရစ္ဆာန်များကို ဘေးကင်းရာသို့ ရွှေ့ပြောင်းထားရန်၊ သင့်နေအိမ်ကို ခိုင်ခံ့အောင် ပြင်ဆင်ရန်နှင့်အတူ သဘာဝဘေးအန္တရာယ်လျှော့ချရေးကဏ္ဍတွင် အရေးကြီးသည့် ကြိုတင်ပြင်ဆင်မှုများ၊ ရေတက်နေစဉ်ဆောင်ရွက်ရန်များ၊ ရေပြန်ကျပြီးနောက် ဆောင်ရွက်ရန်အချက်များကို ယင်းစာရွက်များတွင် ရေးသားထားကြောင်း သိရသည်။

ဩဂုတ် ၁ ရက်ညနေပိုင်းတွင် ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၏ စိုးရိမ်ရေမှတ်အထက် စင်တီမီတာ ၉၀ ခန့်အထိ ရောက်ရှိနေရာ တာရိုးတစ်လျှောက် ရေစိမ့်ရေဝင်နေသောနေရာများတွင် သဲအိတ်များဖို့ခြင်း၊ တာများရိုက်ခြင်း လုပ်အားပေးသူများအား အာဟာရကုသိုလ်ပြုခြင်းများ၊ ရေကြည့်သူများဖြင့် ကမ်းလုံးညွတ်မျှ စည်ကားနေရာ တာရိုးအန္တရာယ်စိုးရိမ်ရသည့်အတွက် တားမြစ်နေရာများပင် သတ်မှတ်ကာရံထားရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# သရက်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆန်၊ ရေသန့်၊ ခေါက်ဆွဲခြောက်နှင့် ငွေများလှူဒါန်း

**သရက် ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာ မအူခုံရပ်ကွက်၊ လေးတိုင်စင်ရပ်ကွက်များတွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ရေဘေးလွတ်ရာ သရက်မြို့ပေါ်ရှိ ရွှေမုဋ္ဌောဓမ္မာရုံ၊ သဲတောကျေးရွာဓမ္မာရုံ၊ စမုတ်ကျောင်း၊ စံပုံတင်၊ ရွှေသက်လွတ်၊ ဆုတောင်းပြည့်၊ လေးထပ်ကျောင်း၊ ရိပ်သာ၊ ဒက္ခိတ၊ လယ်တီ၊ ပစ်တိုင်းထောင်၊ အောင်စေတီ၊ ရတနာမာန်အောင်၊ ပုညကုသလ၊ မင်္ဂလာယွန်းကျောင်းများတွင် ပြောင်းရွှေ့နေထိုင်သူများအား ကျန်းမာရေးစောင့်ရှောက်မှု၊ စားသောက်စရာများနှင့် ငွေကြေးများကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက လိုက်လံလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သရက်လူငယ်အဖွဲ့၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက ဆန်၊ ရေသန့်၊ ခေါက်ဆွဲခြောက်နှင့်အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀ နှုန်းလှူဒါန်းပေးခဲ့သည်။ **ဇော်ထက်(သရက်)**

# အထက်မြန်မာပြည် ဓာတ်ပုံအသင်း နှစ်ပတ်လည်ဆုပေးပွဲကျင်းပ

**မန္တလေး ဩဂုတ် ၃**

အထက်မြန်မာပြည် ဓာတ်ပုံအသင်း၏ (၄၃) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲများနှင့် အသင်းကြီးမှကြီးမှူးကျင်းပသော လပတ်တံခွန်စိုက်ပြိုင်ပွဲများ၊ အကောင်းဆုံး ဓာတ်ပုံပညာရှင်ဆုပေးပွဲကို ဩဂုတ် ၁ ရက် ညနေ ၅ နာရီခွဲက မန္တလေးမြို့ ORIENRAL HOUSE တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနောက် အထက်မြန်မာပြည် ဓာတ်ပုံအသင်းမှ ကြီးမှူးကျင်းပသော ၂၀၁၄ ခုနှစ် လပတ်တံခွန်စိုက် ဓာတ်ပုံပြိုင်ပွဲ လူသစ်တန်း၊ အကြီးတန်း၊ Online ဓာတ်ပုံပြိုင်ပွဲ၊ Photo Essay ကဏ္ဍပြိုင်ပွဲ၊ ညအလင်းကာလကဏ္ဍပြိုင်ပွဲ၊ စိတ်ကြိုက် Digital ကဏ္ဍပြိုင်ပွဲ၊ လူပုံကာလကဏ္ဍပြိုင်ပွဲ၊ ရှုခင်းစဖွယ် အဖြူအမည်းကဏ္ဍပြိုင်ပွဲ၊ ရှုခင်းစဖွယ် ကာလာကဏ္ဍပြိုင်ပွဲများတွင် ဆုရရှိခဲ့သူများအား ပထမမှ နှစ်သိမ့်ဆု ၃ ဆုအထိ ဆုများချီးမြှင့်ပေးခဲ့ပြီး ၂၀၁၄ ခုနှစ်၏ အကောင်းဆုံး ဓာတ်ပုံပညာရှင်ဆုရရှိသူ ကိုကျော်ဇောလေးမှ ရရှိခဲ့သည်

ယင်းနေ့အခမ်းအနားတွင် အသင်းကြီးရေရှည်တည်တံ့ရေးအတွက် လှူဒါန်းပေးခဲ့သော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း၊ ဆုပေးပွဲနှင့်အတူ အသင်းကြီးမှဖွင့်လှစ်ခဲ့သော ဓာတ်ပုံပညာသင်တန်း အမှတ်စဉ် (၁၆) မှ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး ၂၀၁၄ ခုနှစ် အကောင်းဆုံးဓာတ်ပုံပညာဆုရှင် ကိုကျော်ဇောလေးက ကျေးဇူးတင်စကားပြောကြားကာ အသင်းကြီးအတွက် အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

**ကောလင်း ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ဇူလိုင် ၁၆ ရက်မှစတင်ပြီး မိုးသည်းထန်စွာရွာသွန်းသောကြောင့် နေအိမ်များ ပျက်စီးနစ်မြုပ်၍ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များလာရောက်ပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ၊ အလှူငွေများ လှူဒါန်းခဲ့ရာ ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ရေဘေးသင့်ပြည်သူများအတွက် လူတစ်ဦး တစ်လစာရိက္ခာအဖြစ် ဆန် ၁၃ ဒသမ ၅ ကီလိုဂရမ်၊ ပဲ ၁ ဒသမ ၂၄ ကီလိုဂရမ်၊ ဆီ သုည ဒသမ ၉ ကီလိုဂရမ်၊ ဆား သုည ဒသမ ၁၅ ကီလိုဂရမ်၊ ဘီစကွတ် သုည ဒသမ ၂၂၅ ကီလိုဂရမ်နှုန်းဖြင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်း၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းဦးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသောင်းတို့က အမှာစကားပြောကြားပြီး ကိုတီဝေခေါင် (Team Leader U NWEP) က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများလှူဒါန်းရခြင်း အကြောင်းနှင့် ထောက်ပံ့ရေးပစ္စည်းများ အကြောင်းရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကောလင်းမြို့နယ်တွင် ရေကြီးနစ်မြုပ်သွားကြသော ကျေးရွာအုပ်စု ရှစ်အုပ်စုဖြစ်သောသရက်ခုံအုပ်စု၊ ညောင်ဝန်းအုပ်စု၊ ရေကန်သာအုပ်စု၊ဝါးရုံခုံအုပ်စု၊သရက်ချဉ်အုပ်စု၊ ဂွေးတောက်တောအုပ်စု၊ နန္ဒင်းတောအုပ်စု၊တောင်ကြားအုပ်စုတို့မှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်းသိရသည်။



# စာပေရေချမ်းစင်ငယ် ၂၂ ခုကို လူစည်ကားရာနေရာများတွင်ထားရှိရာ ဆေးရုံနှင့် စာသင်ကျောင်းများတွင် ဖတ်ရှုသူ ပိုမိုများပြား

**ကျုံပျော် ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အများပြည်သူများ စာပေအလွယ်တကူလေ့လာဖတ်ရှုနိုင်ရန်အတွက် စာပေရေချမ်းစင်ငယ် ၂၂ ခုကို လူစည်ကားရာနေရာများတွင် ထားရှိဆောင်ရွက်ပေးလျက်ရှိရာ ဆေးရုံနှင့် စာသင်ကျောင်းများတွင် ဖတ်ရှုသူ ပိုမိုများပြားပြီး လုပ်ငန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

"ဆေးရုံလာတက်တဲ့သူတွေရော၊ လူနာစောင့်တွေပါ ယူပြီးတော့ဖတ်ကြပါတယ်။ စာပေနဲ့ပြည်သူ အလွယ်တကူပေါင်းကူးပေးတဲ့အစီအစဉ်လို့မြင်ပါတယ်။ အခမဲ့ဖတ်ရှုနိုင်ပြီး အကြောင်းအရာစုံကို လိုတိုရှင်း ဖော်ပြတဲ့အတွက်လည်း စာဖတ်သူအတွက် ပိုပြီးစိတ်ဝင်စားမှုရှိစေပါတယ်" ဟု တိုက်နယ်ဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောသည်။

ယင်းအပြင် စာသင်ကျောင်းများရှိ စာပေရေချမ်းစင်များမှာလည်း ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အများစုဖတ်ရှုကြပြီး စာသင်ကြားရေး အထောက်အကူပြုရုံသာမက ပြင်ပဗဟုသုတများလည်း ရှာဖွေနိုင်သဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါစာပေရေချမ်းစင်များကို အခမဲ့ဖတ်ရှုနိုင်ရန် စီစဉ်ထားပြီး အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးပျောက်ဆုံးခြင်းတို့ကိုလည်း ခွင့်ပြုပေးထားကာ လစဉ်စာအုပ်အသစ်များ ထပ်မံဖြည့်သွင်းခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ခြင်းမှာ ပြည်သူများ စာပေကိုအလွယ်တကူဖတ်ရှုနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး အစိုးရဘတ်ဂျက်ဖြင့် ရမည်းသင်းမြို့ မိုးလုံလေလုံအားကစားခန်းမ တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပ

**ရမည်းသင်း ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် အားကစားကွင်းအတွင်း ၂၀၁၅-၂၀၁၆ မန္တလေးတိုင်းဒေသကြီး အစိုးရဘတ်ဂျက်ဖြင့် ရမည်းသင်းခရိုင် မိုးလုံလေလုံအားကစားခန်းမတည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီက အဆိုပါ အားကစားကွင်းအတွင်း ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာစမ်းစစ်သုံးသပ်ရေးကော်မရှင် ဦးကိုကိုနိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးတို့က မင်္ဂလာအချိန်တွင် ပန္နက်တင်ပေးကာ နံ့သာများပက်ဖျန်းပေးခဲ့ကြသည်။



ယင်းနောက် ၂၀၁၅ -၂၀၁၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရဘတ်ဂျက်ဖြင့် ရမည်းသင်းခရိုင် မိုးလုံလေလုံအားကစားခန်းမနှင့် အားကစားကွင်း အဆင့်မြှင့်ပြုပြင်တည်ဆောက်ရေး (RAYALMYA) တာဝန်ခံ ဦးစိုးသိန်းနှင့် စွယ်တော်ထွန်းကုမ္ပဏီမန်နေဂျာ ဦးစိုးနိုင်တို့က တည်ဆောက်မည့်ပုံစံငယ်ကို ရှင်းလင်းပြသပြီး တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များမှ သိရှိလိုသည်များကို မေးမြန်းကြရာ တည်ဆောက်ရေးတာဝန်ခံမှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

❖ ❖ ❖

# ကျိုက်ထိုမြို့ရှိ ရေဘေးရှောင် ပြည်သူများအား ဆန်၊ ဆီနှင့် ကြက်ဥများ လာရောက်လှူဒါန်း

**ကျိုက်ထို ဩဂုတ် ၃**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်းနှင့်အဖွဲ့သည် ကျိုက်ထိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီတွင် ရေဘေးရှောင်စခန်းများဖွင့်လှစ်ထားသည့် ကော့စံနိုင်ရပ်ကွက် တောရဘုန်းတော်ကြီးကျောင်းနှင့် ဇေယျာမွန်ရပ်ကွက် အ. လ. က ကျောင်းသို့သွားရောက်ပြီး ရေဘေးရှောင်ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားပြီးဆန် ၁၅ အိတ်၊ ဆီပိဿာချိန် ၅၀၊ ကြက်ဥအလုံး ၃၀၀ တို့အား လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

သတင်းဆောင်းပါး

# လူနေသိပ်သည်းမှု၏နောက်ကွယ်က အမှိုက်စွန့်ပစ်မှုစနစ်ကျရန်လိုအပ်နေ

**ခ ဆုနှင်းလဲ့**

'ကလောင်. . . ကလောင်. . . ကလောင်. . .' ခေါင်းလောင်းသံကြားနေရပြီ။ ကျောင်းတက်ခေါင်းလောင်းသံ မဟုတ်သလို၊ ကျောင်းဆင်းခေါင်းလောင်းသံလည်း မဟုတ်၊ ရပ်ကွက်ထဲက ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်မှ အမှိုက်ကားလာပြီဖြစ်ကြောင်းအချက်ပေးခေါင်းလောင်းသံပင်ဖြစ်၏။ ထိုခေါင်းလောင်းသံကြားရပြီဆိုလျှင်ဖြင့် ရပ်ကွက်ထဲကိုအမှိုက်ကားလာချေပြီ။ ဘယ်လမ်းကို ရောက်နေပြီလဲဆိုတာတော့ မသိသေး။ နောက်လမ်းကလား၊ တစ်လမ်းကျော်ကလားတော့မသိ။ သေချာသည်ကတော့ နားစွင့်ထားဖို့ပင်။ လမ်းထဲကို အမှိုက်ကားရောက်လာသည့်အချိန်လွတ်သွားလို့မဖြစ်ပေ။ ခေါင်းလောင်းသံကြားပြီ ဆိုသည်နှင့် တစ်အိမ်လုံး ရှိရှိသမျှအမှိုက်များ စွန့်ပစ်ရန် ပြင်ရတော့သည်။

ကျောင်းပိတ်ရက်ဆိုလျှင် ကလေးများက ဝိုင်းကူကြသော်လည်း ကျောင်းဖွင့်ရက်ဆို အိမ်ရှင်မများခမျာ အိမ်အလုပ်တစ်ဖက်၊ ထမင်းဟင်းချက် အဝတ်လျှော်တစ်ဖက်ဖြင့် အမှိုက်ကားကို နားစွင့်နေကြရသည်။ တခါတလေ ခေါင်းလောင်းသံသာ ကြားလိုက်ရသည်။ အမှိုက်ကားကို မတွေ့လိုက်ရ။ ကိုယ်မသိလိုက်တာလည်း ဖြစ်ပါလိမ့်မည်။ ထို့ကြောင့်လည်း ခေါင်းလောင်းသံကြားသည်နှင့် အခြားအလုပ်များကို ဆက်မလုပ်နိုင်၊ အမှိုက်ပစ်ရန်ကိုသာ အာရုံစိုက်ရတော့သည်။ အမှိုက်ကားလွတ်သွား၍ အမှိုက်မပစ်လိုက်ရပါက အိမ်ပေါ်တွင် အနံ့အသက်မကောင်း၊ ခြင်ယင်နှင့် ကြွက်များသောင်းကျန်းသည်ကတစ်ကြောင်းအပြင် စည်းမဲ့ကမ်းမဲ့ ချောင်းထဲသို့လည်း အမှိုက်မစွန့်ပစ်ချင်သောကြောင့် ဒုက္ခခံကာ အမှိုက်ကားကိုစောင့် အမှိုက်ပစ်နေရခြင်းဖြစ်၏။

အခြားနိုင်ငံများမှာကဲ့သို့ စနစ်တကျ၊ အချိန်အတိအကျ အမှိုက်စွန့်ပစ်မှုစနစ် ရှိမည်ဆိုလျှင်ကောင်းမည်ဟု ရန်ကုန်ရှိ အိမ်ရှင်မများ တွေးမိကြသည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်သည် အချိန်မှန် နေ့စဉ်မလာသောကြောင့် များစွာအလုပ်ရှုပ်ရသည့်အပြင် အမှိုက်စွန့်ပစ်နိုင်သည့် အမှိုက်ပုံးကြီးများ ချထားပေးသည့်နေရာမှာလည်း နေအိမ်နှင့် အလှမ်းဝေးနေလေသည်။ ယင်းအပြင် အခကြေးငွေဖြင့်ပေး၍ အမှိုက်စွန့်ပစ်ရသော တစ်နိုင်တစ်ပိုင် အမှိုက်လှည်းအချို့သည်လည်း အချိန်တန်တော့ ချောင်းထဲသို့သာ အမှိုက်စွန့်ပစ်နေကြသည့်အတွက် ပိုက်ဆံပေး၍ ချောင်းထဲသို့ အမှိုက်စွန့်ပစ်ခြင်းနှင့်တူနေသည်ဖြစ်ရာ အချို့အိမ်ရှင်မများမှာ ချောင်းထဲသို့သာ ကိုယ်တိုင်ကိုယ်ကျ အမှိုက်စွန့်ပစ်ကြတော့သည်။ ထို့အတွက်ကြောင့် ချောင်းများ မြောင်းများအတွင်း အမှိုက်များနှင့် ပိတ်ဆို့ကုန်ကာ မိုးသည်းထန်သည်ဖြစ်စေ၊ မြစ်ရေ ချောင်းရေတက်သည့်အချိန်တွင်ဖြစ်စေ ရပ်ကွက်အတွင်းရှိ လမ်းများတွင် ရေများလျှံကုန်တော့၏။ သို့ဖြင့် စည်းကမ်းမဲ့အမှိုက်များ၊ ညစ်ပတ်နေသောချောင်းရေများနှင့် ရန်ကုန်မြို့သည် တစ်ချိန်က အရှေ့တောင်အာရှတွင် အလှဆုံးမြို့ဟူသော ဂုဏ်ပုဒ်နှင့် ဆန့်ကျင်ဘက်သို့ ရောက်သွားလေတော့သည်။

"အရင်က ညမိုးချုပ်ပိုင်းနဲ့ မနက်စောစောအချိန်တွေဆိုရင် လမ်းထိပ်ကချောင်းထဲကို အမှိုက်တွေ လာလာပစ်တာ ကြားနေ၊ တွေ့နေရတယ်။ အခုနောက်ပိုင်းတော့ လူတွေက ပေါ်တင်ပဲ ချောင်းထဲကို အချိန်မရွေး အမှိုက်ပစ်နေကြတာ။ အရေးယူသူလည်း မရှိဘူး။ စည်းကမ်းမဲ့ အမှိုက်မပစ်ချင်လို့ အမှိုက်ကားကိုစောင့်နေရတော့လည်း အဆင်မပြေဘူး။ ပုစွန်၊ ငါးအကြွင်းအကျန်တွေက နောက်တစ်နေ့မှဆိုရင် ပုပ်စော်နံကုန်ရော။ အဲဒီနေ့ အမှိုက်ကားမလာလို့ကတော့ အိမ်ထဲမှာ ဘယ်လိုမှမခံနိုင်ဘူး။ အမှိုက်ပုံးတွေကလည်း ရပ်ကွက်ထိပ်က စည်ပင်ရုံးနားမှာ ထားထားတာဆိုတော့ အိမ်နဲ့အရမ်းဝေးတယ်။ အဆင်မပြေဘူး။ စည်ပင်အမှိုက်လှည်းမဟုတ်တဲ့ အမှိုက်လှည်းတွေကျတော့လည်း အမှိုက်ပုံး၊ အမှိုက်ကားမှာ သွားမပစ်ဘဲနဲ့ ချောင်းထဲကို ခိုးပစ်ကြတယ်။ အဲဒီတော့ ဘာမှမထူးဘူးဆိုပြီး တချို့ကလည်း ချောင်းထဲပဲ အမှိုက်လာပစ်ကြတယ်။ ချောင်းကမြောင်းဖြစ်နေပြီး အမှိုက်တွေနဲ့ မြင်စရာတောင်မကောင်းဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်ကျော်က ချောင်းနဲ့ ဘာမှမဆိုင်တော့ဘူး။ အရင်က အရမ်းသန့်ရှင်းတယ်။ ကန်ထရိုက်တိုက်တွေများလာတယ်။ လူနေထိုင်မှု အရမ်းများလာတယ်။ တိုက်တွေဆောက်တဲ့အခါ ကန်ထရိုက်တွေက အရင်ကရှိခဲ့တဲ့ မြောင်းတွေကို သေချာပြန်မဖော်သွားဘူး။ ပြီးပြီးရောလုပ်သွားကြတယ်။ အမှိုက်ပစ်စနစ်က အရင်ကတည်းက မရှိတာ။ အခုလည်းမရှိဘူး။ ရေဆိုးထုတ်တာ၊ ရေစီးရေလာလည်း ဘာမှမကောင်းဘူး။ တကယ်တော့ နေချင်စရာကောင်းတဲ့ မြို့ပြပတ်ဝန်းကျင် မဟုတ်တော့ဘူး။ မတတ်သာလို့သာ နေနေရတာ။ တိုက်ခန်းကျဉ်းကျဉ်းလေးတွေမှာ နေနိုင်အောင်တောင် မနည်းကြိုးစားနေရတာ။ လိုအပ်ချက်တွေ အခက်အခဲတွေကတော့ အများကြီးပါပဲ" ဟု တာမွေမြို့နယ် ပုသိမ်ညွှန့်ရပ်ကွက် မြို့ပတ်လမ်းတွင် နေထိုင်သူတစ်ဦးက ပြောသည်။

## မြို့တော်နှင့် အမှိုက်ပြဿနာသည် ကြီးထွားလာပြီး မကြာမီ လူဦးရေဆယ်သန်းသို့ ရောက်ရှိလာနိုင်သော. . .

ရန်ကုန်မြို့၏ အခြားသော မြို့နယ်ရပ်ကွက်များတွင်လည်း ထို့အတူ အမှိုက်စွန့်ပစ်ရန် အခက်အခဲများရှိနေကြသည်။ ယင်းကြောင့်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် အမှိုက်သိမ်းလုပ်ငန်းများတွင် ပြင်ပမှရင်းနှီးမြှုပ်နှံမှုများဖြင့် ပိုမိုတွင်ကျယ်အောင် ဆောင်ရွက်ရန် တင်ဒါခေါ်ယူခဲ့သော်လည်း အများပြည်သူ သဘောတူညီခြင်းရှိ-မရှိ သဘောထားစစ်တမ်းကောက်ယူခဲ့ရာတွင် အများစုက သဘောမတူခဲ့ပေ။ ထို့ကြောင့်လည်း အမှိုက်သိမ်းလုပ်ငန်းများကို ဌာနမှသာ ဆက်လက်လုပ်ဆောင်မည်ဖြစ်ပြီး ပုဂ္ဂလိကမှ အမှိုက်သိမ်းလုပ်ငန်းများ ဆောင်ရွက်မည့်စနစ် ပျက်သွားခဲ့သည်။ အများပြည်သူများဘက်က လစဉ်ကုန်ကျနေသော အထွေထွေစရိတ်များ၊ အခွန်အခများဖြင့် နေထိုင်စရိတ် ကြီးမြင့်လျက်ရှိရာတွင် အမှိုက်စွန့်ပစ်ခနှုန်းထား မြင့်တက်သွားမည့်အပေါ် သဘောတူညီမှုမရှိသောကြောင့် ပုဂ္ဂလိကဆောင်ရွက်ခြင်းကို ကန့်ကွက်ခြင်းပင် ဖြစ်သည်။

လက်ရှိ မြို့တော်စည်ပင်အနေဖြင့် အမှိုက်သိမ်းဆည်းခကောက်ခံနေသော အိမ်ထောင်စုပေါင်း ခုနစ်သိန်းကျော်ရှိပြီး အမှိုက်သိမ်းဆည်းခကောက်ခံမှုမှာ မြို့တွင်းမြို့နယ်များတွင် တစ်ရက်လျှင် ကျပ် ၂၀ နှုန်းဖြင့် တစ်လကျပ်၆၀၀၊ မြို့တွင်းနှင့်ဆက်စပ်မြို့နယ်များတွင် တစ်ရက်လျှင် ၁၅ ကျပ်နှုန်းဖြင့် ကျပ် ၄၅၀၊ ဆင်ခြေဖုန်းမြို့နယ်များတွင် တစ်ရက်လျှင် ၁၀ ကျပ်နှုန်းဖြင့် တစ်လလျှင် ကျပ် ၃၀၀ ဖြစ်ရာ အမှိုက်တစ်တန်စွန့်ပစ်ရန်အတွက် အမှန်တကယ်ကုန်ကျစရိတ်မှာ ကျပ် ၁၅၀၀၀ ခန့်ရှိပြီး အမှိုက်စွန့်ပစ်ခငွေပြန်လည်ကောက်ခံရရှိမှုမှာ ကျပ် ၆၀၀၀ ကျော်သာဖြစ်သည့်အတွက် နေ့စဉ်အမှိုက်တန်ချိန် ၁၅၀၀ ခန့် သိမ်းဆည်းနေရမှုအတွက် ဌာနမှ အရှုံးခံစိုက်ထုတ် ဆောင်ရွက်နေရသည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ အစိုးရ၊ ပုဂ္ဂလိက မည်သည်က ဆောင်ရွက်သည်ဖြစ်စေ အမှိုက်သိမ်းလုပ်ငန်းများ ထိရောက်ရန်အရေးကြီးသည်ဟု ပြည်သူများကဆိုသည်။ အချိန်မှန် အမှိုက်ကားလာရန်၊ အချိန်မှန် အမှိုက်လာသိမ်းရန်နှင့် စနစ်တကျ စည်းကမ်းရှိစွာ အမှိုက်စွန့်ပစ်နိုင်ရန် လိုအပ်နေသည်။ မြို့တော်နှင့် အမှိုက်ပြဿနာသည် ကြီးထွားလာပြီး မကြာမီ လူဦးရေဆယ်သန်းသို့ ရောက်ရှိလာနိုင်သော ရန်ကုန်မြို့အတွက် မြို့ပြရေးရာစီမံခန့်ခွဲမှုပြဿနာရပ်များကို ကြိုတင်အဖြေရှာ ဆောင်ရွက်ထားသင့်သည်ဟု မြို့ပြရေးရာကျွမ်းကျင်သူများက သတိပေးသည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ခြင်းကြောင့် ရွှေ့ပြောင်းအခြေချ နေထိုင်သူ များပြားလွန်းနေသည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ကဏ္ဍအရပ်ရပ်တို့၏ မျှော်လင့်ချက်သည် ရန်ကုန်သည်ပင်ဖြစ်ပြီး အထူးသဖြင့် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့မှုအပြီး မုန်တိုင်းဒဏ်ခံဒေသအသီးသီးတို့မှ အသက်ရှင်ကျန်ရစ်သူများ၊ နေထိုင်သူများသည် နေရပ်များကိုစွန့်ခွာကာ ရန်ကုန်မြို့သို့ပင် ဦးတည်၍ ရသလိုနေ၊ ဖြစ်သလိုစားဘဝဖြင့် ရွှေ့ပြောင်းအခြေချနေထိုင်မှု အထူးများပြားလာခဲ့သည်။

ယခင်ကတည်းက ရွှေ့ပြောင်းအခြေချ နေထိုင်သူများနှင့် နှစ်စဉ် လူဦးရေတိုးပွားလာမှု အနေအထားတို့ကြောင့် လူနေထူထပ်သိပ်သည်းလာသော ရန်ကုန်မြို့တွင် လူဦးရေများပြားလာသည်နှင့်အတူ ယင်းနှင့် ဆက်စပ်သည့် ပြဿနာများစွာကိုလည်း ကြုံတွေ့ခံစားလာကြရသည်။ အိမ်ရာလိုအပ်ချက်ပြဿနာ၊ သယ်ယူပို့ဆောင်ရေးပြဿနာ၊ အမှိုက်စွန့်ပစ်မှုပြဿနာ၊ ရေရရှိမှုပြဿနာ၊ ရေဆိုးစွန့်ထုတ်မှုပြဿနာ၊ စသည်ဖြင့် ပြဿနာပေါင်းသောင်းခြောက်ထောင်မက ရင်ဆိုင်ကြုံတွေ့နေရခြင်းမှာ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးမှု၊ မြို့ပြချဲ့ထွင်မှုနှင့် တိုးပွားလာမည့် လူဦးရေ၊ ယာဉ်အစီးရေ၊ လိုအပ်ချက်တို့အပေါ် စနစ်တကျစီမံကိန်းချဆောင်ရွက်ခဲ့ခြင်းမရှိသည့် အကျိုးဆက်များကို ရင်ဆိုင်ကြုံတွေ့နေရခြင်းဖြစ်သည်ဟု မြို့ပြရေးရာကျွမ်းကျင်သူများက သုံးသပ်သည်။

လက်ရှိ မြို့ပြရေးရာ စိန်ခေါ်မှုပြဿနာများစွာအနက် လူဦးရေတိုးပွားလာမှုနှင့်အတူ အမှိုက်စွန့်ပစ်မှုပမာဏများပြားလာနေပြီး အမှိုက်သိမ်းဆည်းနိုင်မှုအခက်အခဲ၊ အမှိုက်စွန့်ပစ်မှုအခက်အခဲများနှင့် ရင်ဆိုင်လာရသည်။ ရန်ကုန်မြို့တွင် နေ့စဉ် အမှိုက်တန်ချိန် ၁၆၀၀ ဝန်းကျင်ခန့် ထွက်ရှိနေပြီး နေ့စဉ်အမှိုက်တန်ချိန် ၁၅၀၀ ခန့်ကို ဌာနမှ သိမ်းဆည်းနိုင်သည်ဟု သိရသည်။ ယခင်က အမှိုက်ကန်များနေရာတွင် ပြည်ပမှ ဝယ်ယူတင်သွင်းထားသော အမှိုက်ပုံးကြီး ၈၇၀၀ ခန့်ကို ချထားဆောင်ရွက်နေပြီး အမှိုက်သိမ်းယာဉ် ၄၀၀ ကျော်၊ အမှိုက်လှည်း ၃၀၀၀ ကျော်၊ အမှိုက်သိမ်းဝန်ထမ်း ၄၀၀၀ နီးပါးတို့ဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ ယခုဘဏ္ဍာရေးနှစ်တွင်လည်း အမှိုက်သိမ်းယာဉ်အစီး ၃၀ ထပ်မံဝယ်ယူရန်စီစဉ်ထားသည်ဟု သိရသည်။ အမှိုက်သိမ်းလုပ်ငန်းများကို ပုဂ္ဂလိကမှ မဆောင်ရွက်တော့သော်လည်း ဌာနမှ နှစ်စဉ်ဘတ်ဂျတ် တိုးမြှင့်၍ အမှိုက်သိမ်းဝန်ဆောင်မှုများ၊ သန့်ရှင်းရေးဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဟု တာဝန်ရှိသူတို့ကဆိုသည်။

လက်ရှိတွင် ခေါင်းလောင်းသံကိုမျှော်နေသော အိမ်ရှင်မများစွာအတွက်မူ ခေတ်မီအမှိုက်သိမ်းစနစ်ဖြင့် စနစ်တကျအမှိုက်စွန့်ပစ်နိုင်ခြင်း မရှိသေးသော်လည်း ခေါင်းလောင်းသံလေး အချိန်မှန်မှန် လာနေရန်ကိုသာ မျှော်နေကြရသည်။

# ရေဘေးဒုက္ခကြုံတွေ့နေသူများအား စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်း

**မကွေး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့ဆေးတက္ကသိုလ်ဝန်ထမ်းများနှင့် လက်နှစ်ဖက်အအေးဆိုင်မိသားစုများ၊ နံကပ်ကျွန်းအုပ်စုမှ ဒေသခံပြည်သူများစုပေါင်း၍ ပွင့်ဖြူမြို့နယ်အတွင်း ရေဘေး ဒုက္ခကြုံတွေ့နေသူများအား ထမင်းထုပ်များ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ရေသန့်ဘူးများ၊ ဆေးပစ္စည်းများ သွားရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ယင်းသို့လှူဒါန်းခြင်းကို ဝေဠုဝန်ကျောင်းဆရာတော် ဦးသောမဦးဆောင်၍ ဇူလိုင် ၃၁ ရက်နှင့် ဩဂုတ် ၁ ရက်တို့တွင် စုပေါင်းလှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ စားသောက်ဖွယ်ရာများကို လိုက်ထရပ်နှစ်စီး၊ ဖောကားတစ်စီးဖြင့် လူငယ်အင်အား ၂၀ ခန့်တက်ကြွစွာပါဝင်ကြောင်း၊ တစ်နေ့လျှင် ရှစ်သိန်းခွဲအထိ လှူဒါန်းနေကြောင်း လက်နှစ်ဖက်အအေးဆိုင်မိသားစုထံမှ သိရသည်။

ဆေးတက္ကသိုလ်ဝန်ထမ်းတစ်ဦးဖြစ်သည့် ဒေါ်ပိုက်ပိုက်က "ကျွန်မတို့ မနေ့က စကုမြို့နယ်က ရေဘေးဒုက္ခကြုံနေသူတွေကို မကွေးဆေးတက္ကသိုလ်ဝန်ထမ်းတွေ၊ နံကပ်ကျွန်းက ဒေသခံတွေ၊ လက်နှစ်ဖက်အအေးဆိုင်မိသားစုတွေ အင်အားနှစ်ဆယ်ခန့်နဲ့ ကျန်းမာရေးအတွက် ဆေးပစ္စည်းတွေ၊ ရေသန့်ဘူးတွေနဲ့ ခေါက်ဆွဲခြောက်၊ ထမင်းထုပ်တွေ လှူဒါန်းပြီး ဒီနေ့ ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာများကို သွားရောက်လှူသွားမှာပါ" ဟု ပြောပြသည်။

မကွေးမြို့မှ လူမှုအဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများကို စကုမြို့နယ် ပွင့်ဖြူမြို့များရှိ ရေဘေးဒုက္ခကြုံတွေ့နေရသူများကို ကူညီပံ့ပိုး ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဇွဲထက်ရှင်**

# ဆင်ပေါင်ဝဲ –ကိုးပင်လမ်းကြားရှိ နယားချောင်းရေကျော်၌ ကားများဖြတ်သန်းသွားလာနိုင်ပြီ

**ဆင်ပေါင်ဝဲ ဩဂုတ် ၃**

ရေများပြန်လည်ကျဆင်း၍ သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ဆင်ပေါင်ဝဲ-ကိုးပင်လမ်းကြားရှိ နယားချောင်းရေကျော်၌ ကားများဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်တွင် ဇူလိုင် ၃၁ ရက် ညနေ ၄ နာရီမှ ညနေ ၆ နာရီအထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆင်ပေါင်ဝဲ-ကိုးပင် ကားလမ်းကြား မိုင်တိုင်အမှတ် (၅/၀) နှင့် (၅/၁) ကြား နယားချောင်းရေကျော် အလျားပေ ၁၀၀ခန့်၊ အနံ ၂၁ ပေ၊ ချဉ်းကပ်ခုံ အလျားပေ ၃၀၀ ခန့်၊ အနံ ၁၄ ပေအထိ ရေတိုက်စားသွားခဲ့ပြီး ခရီးသည်နှင့် ယာဉ်ကြီး၊ ယာဉ်ငယ်သွားလာမှု ခေတ္တရပ်ဆိုင်းသွားခဲ့သည်။

အဆိုပါရေတိုက်စားသည့်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများကြီးကြပ်၍ လမ်းဦးစီးဌာနမှ ဦးဆောင်မှုဖြင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရန် ချက်ချင်းစီစဉ်ဆောင်ရွက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## ပြည်နယ်ရွေးကောက်ပွဲကော်မရှင်နှင့် ရပ်ကျေးကော်မရှင်အဖွဲ့ဝင်များ တွေ့ဆုံ

**ရေး ဩဂုတ် ၃**

လာမည့်အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းထွန်းအေး၊ ပြည်နယ်ရွေးကောက်ပွဲတာဝန်ခံအရာရှိ ဦးဟိန်းလင်းထက်နှင့် မြို့နယ်ရပ်ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များသည် ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီခွဲက မွန်ပြည်နယ် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ရွေးကောက်ပွဲကော်မရှင်ခွဲအဖွဲ့ဝင်များအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို တာဝန်ကျေပွန်စွာ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အမှာစကားများပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲတာဝန်ခံအရာရှိက အခြေခံမဲစာရင်းများကို တိကျမှန်ကန်စွာဖြင့် နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

တက်ရောက်လာသူများအနေဖြင့် ရွေးကောက်ပွဲနှင့်ပက်သက်သည့် အကြောင်းအရာ သိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်

**ထွန်းထွန်း(ရေး)**

## ကမ်းပြိုကျမှုကြောင့် ရွာလုံးကျွတ် ပြောင်းရွှေ့ရသော ရေဘေးသင့်ပြည်သူများအား အလှူငွေပေးအပ်

**ပခုက္ကူ ဩဂုတ် ၃**

မြစ်ကမ်းပါးပြိုကျမှုကြောင့် ရွာလုံးကျွတ်ပြောင်းရွှေ့ရသော မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ထောက်ရှာပင်ကျေးရွာ အိမ်ထောင်စု ၁၆၉ စုနှင့် လူဦးရေ ၇၇၀ ဦးတို့အတွက် ရှင်သန်ရေး လူမှုကူညီရေးအသင်း(ရန်ကုန်)မှ နာယက ဒေါ်ရွှေကြာနှင့်အဖွဲ့က လှူဒါန်းငွေကျပ် ၄၂ သိန်း ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီခွဲက ပခုက္ကူမြို့ အမှတ်(၇)ရပ်ကွက် တပ်မလမ်းပေါ်ရှိ အောင်သရဖူခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြား၍ ရှင်သန်ရေး လူမှုကူညီရေးအသင်း (ရန်ကုန်) (NOBLE HEART ) မှ ဒေါ်ရွှေကြာက လှူဒါန်းကူညီရခြင်းအကြောင်း အကျယ်တဝင့်ပြောကြားပြီး ပခုက္ကူမြို့ မြို့မိမြို့ဖ ဒေါက်တာစိန်ဝင်းက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ ရှင်သန်ရေးအဖွဲ့(ရန်ကုန်)မှ အဖွဲ့ဝင် ဒေါ်စန္ဒာနှင့် ဒေါ်စုမွန်တို့က ပခုက္ကူမြို့ အရေးပေါ်ကယ်ဆယ်ရေးအသင်းဥက္ကဋ္ဌ ဦးဇာနည်ဘုန်းမော်အား လှူဒါန်းငွေကျပ် ၄၂ သိန်းအား ပေးအပ်ပြီး ကယ်ဆယ်ရေးအသင်းဥက္ကဋ္ဌမှတစ်ဆင့် ထောက်ရှာပင်ကျေးရွာ ဆယ်အိမ်မှူးဦးမြဘိုထံသို့ လှူဒါန်းငွေများကို ထပ်မံလွှဲပြောင်းပေးအပ်ရာ ဆယ်အိမ်မှူးက လက်ခံရယူခဲ့သည်။

**အောင်ကျော်မြင့်**

## ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မြစိမ်းရောင် အရင်းမပျောက် စီမံကိန်းဝင်ကျေးရွာများသို့ ကော်မတီ အဖွဲ့များ ဖွဲ့စည်းပေးနေ

**ညောင်ဦး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း မြစိမ်းရောင် အရင်းမပျောက် မတည်ရန်ပုံငွေ တစ်ရွာလျှင် သိန်းသုံးရာကျပ် ထုတ်ပေးနိုင်ရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အဖွဲ့သည် တစ်ရွာလျှင် ကော်မတီဝင်ခုနစ်ဦး ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန အဖွဲ့သည် ညောင်ဦးမြို့နယ် ရွာသာအေးကျေးရွာသို့ ဩဂုတ် ၁ ရက် နံနက် ၉ နာရီခွဲတွင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးရဲကြိုင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ခံ ဦးဝင်းအောင်တို့က လာရောက်ဖွဲ့စည်းပေးခဲ့သည်။

ယင်းသို့ဖွဲ့ပေးရာတွင် မြစိမ်းရောင် အရင်းမပျောက်စီမံကိန်းဖြင့် တစ်ရွာလျှင် ကျပ်သိန်းသုံးရာ ထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို မြို့နယ်ဒုတိယဦးစီးမှူး ဦးထွန်းထွန်းဝင်းက ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ကျေးရွာအိမ်ထောင်ဦးစီးများမှ ကော်မတီခုနစ်ဦးကို လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် ရွေးချယ်ပေးခဲ့သည်။

ယင်းသို့ရွေးချယ်မဲပေးခဲ့ရာတွင် မြစိမ်းရောင် အရင်းမပျောက်မတည်ရန်ပုံငွေ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌအဖြစ် ဦးသိန်းမြင့်၊ အတွင်းရေးမှူးအဖြစ်ဒေါ်ခင်ငွေ၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးဆန်းလွင်၊ စာရင်းကိုင်အဖြစ် ဒေါ်သင်းသင်းယု၊ ဘဏ်ငွေသွင်းငွေထုတ်အဖြစ် ဦးအောင်အောင်နှင့် ဦးစိုးအောင်၊ စာရင်းစစ်အဖြစ် ဒေါ်ရင်ရင်မာတို့အား အသီးသီး ရွေးချယ်ဖွဲ့စည်း ပေးခဲ့သည်။

"မြစိမ်းရောင် အရင်းမပျောက်မတည်ငွေသိန်းသုံးရာကျပ်ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် သုံးနှစ်သက်တမ်းရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူး မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ကျေးရွာရပ်မိရပ်ဖများနှင့် ကော်မတီ ခုနစ်ဦးကို ညှိနှိုင်းပြောင်းလဲပေးနိုင်တယ်။ အတိုးနှုန်းကလည်း ငွေကျပ်တစ်ရာကို ပြားငါးဆယ်မှ တစ်ကျပ်ပြားငါးဆယ်အထိ ကော်မတီအဖွဲ့မှ သဘောတူညှိနှိုင်းပေးနိုင်ပါတယ်။ နိုင်ငံတော်အစိုးရကို ပြန်ဆပ်စရာပေးစရာမလိုသလို အပိုင်ပေးပိုင်တာလည်းမဟုတ်ပါဘူး။ ဘဏ်မှာ ငွေစာရင်းဖွင့်ပြီး မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုသာ လုပ်ဆောင်နိုင်တယ်။ သို့သော်လည်း ဒီငွေတွေကို အဆင်မပြေမှုများရှိခဲ့လျှင် အခြားကျေးရွာသို့ ပြောင်းလဲပေးအပ်သွားမယ်။ သက်ဆိုင်ရာက လာရောက်စစ်ဆေးမေးမြန်းရင် စာရင်းဇယားများကို တိတိကျကျ မှန်မှန်ကန်ကန် လုပ်ဆောင်ထားရမှာဖြစ်ပါတယ်" ဟု အဖွဲ့ခေါင်းဆောင်က ဆက်လက်ပြောကြားခဲ့သည်။

"ကျွန်တော်တို့ရွာက ထန်းလှီးတဲ့သူနဲ့ တောင်သူလုပ်ကိုင်တာများတယ်။ တစ်ရွာလုံးလည်း နေ့မအားညမနား ပင်ပန်းကြပါတယ်။ ကျွန်တော်တို့ရွာက လူတွေ မိုးခေါင်ပြီဆိုရင် ရေရှားတဲ့ကိစ္စက နောက်ကတွဲပါလာစမြဲပါ။ ရေကလည်း အမြဲတမ်းဝယ်ယူသုံးစွဲရတယ်။ အဲဒီတော့ ကုန်ကျစရိတ်တွေကများပါတယ်။ အခုလို နိုင်ငံတော်က အရင်းမပျောက်မတည်ငွေသိန်းသုံးရာ ထုတ်ပေးလိုက်မယ်ဆိုရင် ဆင်းရဲမှုတွေ လျော့ကျသွားနိုင်ပါတယ်။ အခုလို ထုတ်ပေးတာကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ကျေးရွာသားတစ်ဦးက ပြောသည်။

**ကျော်ငွေး(ညောင်ဦး)**

## ကျွန်းလှမြို့နယ်၌ ရေနစ်မြုပ်ခဲ့သောရပ်ကွက်ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေး



**ကျွန်းလှ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ရေနစ်မြုပ်ခဲ့သော ရပ်ကွက်၊ ကျေးရွာများတွင် ဩဂုတ် ၁ရက်က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါရေနစ်မြုပ်ခဲ့သည့် ပိတောက်မြိုင်၊ သစ်ရာမြိုင်၊ ပျဉ်းမမြိုင်၊ အင်ကြင်းမြိုင်ရပ်ကွက်နှင့် ရှမ်းစု၊ တပ်ကုန်း၊ မကျီးအင်းကျေးရွာ ပြည်သူများအား Unicef က ထောက်ပံ့ပေးသော သောက်ရေသန့်ဆေးထုပ်များ ဖြန့်ဝေပေး၍ လည်းကောင်း၊ အိမ်အတွင်းအိမ်ပြင်ရှိ လက်ငင်တွင်း၊ လက်နှိပ်ရေတွင်းများနှင့် ရေကန်တို့ကို ကလိုရင်း(Bleaching Powlder) ဆေးခတ်ခြင်းအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ရပ်ကွက်ကျေးရွာ နေအိမ်အချို့ ရေနစ်မြုပ်ခဲ့ပါတယ်။ ရေကျသွားချိန်တွင် ရောဂါမဖြစ်စေရန်ရည်ရွယ်၍ မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ခြင်ဆေးလာရောက်ဖျန်းပေးပါတယ်။ အခုအခါ ရေသန့်ရေရရှိရန် ရေတွင်း၊ ရေကန်များအတွင်း ဆေးခတ်ပေးခြင်းနှင့် ရေသန့်ဆေးထုပ်များ ဖြန့်ဝေပေးတဲ့အတွက် ရေသန့်ရေသုံးစွဲနိုင်မှာဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

## မေတ္တာဗျူဟာအသင်းအဖွဲ့(၁၂၅) ကြိမ်မြောက်သွေးလှူဒါန်းပွဲပြုလုပ်



**ရန်ကုန် ဩဂုတ် ၃**

မေတ္တာဗျူဟာအသင်းအဖွဲ့ (၁၂၅) ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ နန်းဦးဘုရားကြီးတန်ဆောင်းတွင် ဩဂုတ် ၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသွေးလှူပွဲတွင် မြန်မာနိုင်ငံတွင်း ရေဘေးဒဏ်ခံပြည်သူများအတွက် အန္တရာယ်ကင်းရန်အတွက် မေတ္တာသုတ်ရွတ်ဖတ်ပြီးနောက် စေတနာရှင်သွေးလှူရှင်များက သွေးပုလင်းပေါင်း ၁၂၁ ပုလင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

မေတ္တာဗျူဟာအဖွဲ့အသင်းသည် နှစ်စဉ် ဧပြီလ၊ ဩဂုတ်လ၊ ဒီဇင်ဘာလတို့တွင် လှူဒါန်းခဲ့ရာ (၁၂၅)ကြိမ်အထိ သွေးပုလင်းပေါင်း ၂၅၄၇၆ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

## အဝေးပြေးလမ်းမကြီးပေါ်သို့ တောင်ကျရေများစီးဆင်း၍ သွားလာမှု ခေတ္တပြတ်တောက်

**ဩဂုတ် ၃**

ရန်ကုန်-မော်လမြိုင်အဝေးပြေးကားလမ်းမကြီးပေါ်ရှိ ဘီးလင်းမြို့နှင့်သုဝဏ္ဏဝတီမြို့အကြား အဝေးပြေးလမ်းမကြီးပေါ်၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တောင်ကျရေများစီးဆင်းရာ မော်တော်ကားလမ်းများတွင် ရေကျော်လွှမ်းမိုးမှု ရှိခဲ့သဖြင့် ခရီးသွားလာမှုများ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီခန့်မှ ဩဂုတ် ၁ ရက် နံနက် ၆ နာရီအထိ ခရီးသွားလာမှုပြတ်တောက်ခဲ့ကြောင်း သိရသည်။

သက်ဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ စုပေါင်း၍ ရေကြီးရေကျော်သောနေရာများဖြစ်သည့် ဘီးလင်းမြို့ တောင်ကလေးဒေါက်ရပ် သကြားစက်နေရာများတွင် ခရီးသွားများနှင့် ရေဘေးသင့်ပြည်သူများအား လိုအပ်သောအကူအညီများပေး၍ လမ်းပန်းလုံခြုံရေးများရယူကာ ခရီးသွားမော်တော်ယာဉ်များ တဖြည်းဖြည်းဖြတ်သန်းသွားလာခဲ့ကြရကြောင်း သိရသည်။

ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီခန့်တွင် ရေစီးဆင်းမှု လျော့ကျလာသည့်အတွက် ခရီးသွားလာမှု ပုံမှန်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ကမ္ဘာ့မိခင်နို့ချိုတိုက်ကျွေးရေးနေ့ အထိမ်းအမှတ် အာဟာရရက်သတ္တပတ်များ လှုပ်ရှားဆောင်ရွက်

**မိုးကောင်း ဩဂုတ် ၃**

မိုးကောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကမ္ဘာ့မိခင်နို့ချိုတိုက်ကျွေးရေးနေ့အထိမ်းအမှတ် အာဟာရ ရက်သတ္တပတ်များလှုပ်ရှားမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီကကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်ခင်ကြည်က ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် စပ်လျဉ်းသည့် ကိုယ်ဝန်ဆောင်မိခင်များ အာဟာရဖွံ့ဖြိုးတိုက်ကျွေးရေး၊ ငါးနှစ်အောက်ကလေးများ ဗီတာမင်အေ တိုက်ကျွေးရေး၊ အိုင်အိုဒင်းဆားအာဟာရ ထောက်ပံ့ရေးကဏ္ဍနှင့် ကလေးများအား အဘယ်ကြောင့် ခြောက်လထိ မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးရသည့် အကြောင်းအရာများနှင့် အိုင်အိုဒင်းဆားစားသုံးခြင်း အကျိုးကျေးဇူးအား ရှင်းလင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် ရပ်ကွက်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဝင်းမာက ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် ရေသန့်ဆေးမှုန့်လက်တွေ့အသုံးပြုဆောင်ရွက်ပြသခဲ့ပြီး မြို့ပေါ်ရှိ ကလေးမိခင် ၂၂ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့အား ကြက်ဥ ၁၀ လုံး၊ အိုင်အိုဒင်းဆား ၅၀ ကျပ်သားတစ်ထုတ်၊ အာဟာရပစ္စည်းများနှင့် ရေသန့်ဘူးများအား တစ်ဦးချင်းထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး**

# အားပြင်းသည့်မြားတစ်စင်း

**à တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)**

ရိုက်ချက်ပြင်းသည့်အတွက် အထိနာသည်ကိုပင် ပီတိဖြာနေသူများရှိ၏။ တလွဲမတွေးပါနှင့်၊ ယနေ့ ပရိသတ်ပါးစပ်ဖျား ရေပန်းစားနေသည့် လက်ရာမြောက် ဒါရိုက်တာတစ်ဦး၏ ရုပ်ရှင်ဇာတ်ကားအကြောင်းရေးဖို့ နိဒါန်းပျိုးနေခြင်းပါ။ ဇာတ်အထာဖြင့်ပြောရလျှင် ယနေ့ရုံပြည့်၊ ရုံလျှံ၊ ရုံပွင့်မတတ် အားပေးခြင်းခံနေရသည့် ရုပ်ရှင်ဇာတ်ကားတစ်ကား၏ အမည်ကိုဖြေပါဟု Puzzle Palace ပဟေဠိနန်းတော်အစီအစဉ်မှ ကိုဆန်းထွန်းအိုက်တင်ဖြင့် မေးလာခဲ့လျှင် ပရိသတ်များပါ ဝိုင်းဖြေကြမည်က "ကျွန်မကနှင်းဆီပါမောင်"ပေါ့။

မြင်စိတ်၊ ကြားစိတ်၊ အသိစိတ်တို့ကို လှုပ်ရှားလာအောင်ဆွဲဆောင်နိုင်ခြင်း၊ လောကဖြစ်ရပ်များနှင့် အံဝင်ခွင်ကျ၍ ရသဂုဏ်မြောက်အောင် ဖော်ဆောင်နိုင်ခြင်းသည် အနုပညာ၊ ကြည့်ရှုသူပရိသတ်၏ ရူပါရုံ၊ သဒ္ဒါရုံနှင့် မနောဝိညာဉ်ကို ဖမ်းစားရာ၌ ရုပ်ရှင်သည် အမြဲတစေ လှုပ်ရှားနေရမည်။ တစ်နည်း သက်ရှိထင်ရှားဖြစ်ပျက်နေသကဲ့သို့ ရှိစေရမည် (ဝါ) အသက်ဝင်လာသကဲ့သို့ ဖြစ်နေစေရမည်။ အသက်မဝင်သောရုပ်ရှင်သည် အနုပညာတစ်ရပ်မဟုတ်ဟု ရှေးရုပ်ရှင်ပညာရှင်ကြီးများက မိန့်ဆိုခဲ့ဘူးသည်။ ရုပ်ရှင်သည် သဏ္ဍာန်လုပ် သရုပ်ဆောင်နေခြင်းသာ။ တကယ်မဟုတ်၊ မဟုတ်တာကိုမှ အဟုတ်ထင်သွားခဲ့လျှင် ဖန်တီးသူတို့အဖို့ ပင်ပန်းရကျိုးနပ်ပြီ။ ၁၉၂၀ ခုနှစ်မှ စတင်ခဲ့သော မြန်မာ့ရုပ်ရှင်သည် မကြာမီနှစ်များအတွင်း ရာပြည့်ဆီသို့ ရောက်တော့မည်။ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ပြန်လည်သုံးသပ်ကြည့်လျှင် အနိမ့်အမြင့်အတက်အကျရှိသည်။ သူလည်းလေ လောကီသားဆိုသကဲ့သို့ ရုပ်ရှင်သည် ဩကာသလောကထဲမှ အစိတ်အပိုင်းတစ်ခု၊ သို့ဖြစ်၍ အစိုးမရ၊ မြင်သာအောင် ရထားကြီးအသွင်ပုံဆောင်ပြရလျှင် မြန်မာ့ရုပ်ရှင်သည် တာထွက်သည်မှတစ်ဆင့်ပြီးတစ်ဆင့် အရှိန်အဟုန်မြင့်ပြီး ငွေရတုဘူတာ၊ ရွှေရတုဘူတာ၊ စိန်ရတုဘူတာများကို အားကောင်းမောင်းသန် ဖြတ်သန်းခဲ့ပြီးသည့်နောက် မီးပေါင်ကျလာသည်။ အားပျော့ပြီး မောင်းကမသန်တော့ချေ။ ထိုးရပ်သွားမလားပင် ထင်ရ၏။ ဦးဌေးအောင်(ဆွေဗမာ)၏ ပြောပြချက်အရ မြန်မာ့ရုပ်ရှင်သမိုင်းကို ပြန်ကြည့်လျှင် ရုပ်ရှင်ကားထုတ်လုပ်မှု အားအကောင်းဆုံးအချိန်မှာ ရွှေရတုကာလ၊ ၁၉၆၂ ခုနှစ်တွင် ရုပ်ရှင်ကား ၉၃ ကားအထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။ စိန်ရတုကာလပြီးသည့်နောက် ရုပ်ရှင်ကားထုတ်လုပ်မှု တဖြည်းဖြည်းချင်း ကျဆင်းလာခဲ့ရာ ၂၀၀၈ ခုနှစ်တွင် ၁၀ ကားပင်အနိုင်နိုင်၊ ရုပ်ရှင်လောကသားများ မနည်းကျားကန်ခဲ့ကြရာမှ ၂၀၁၄ ခုနှစ်တွင် ၁၇ ကားအထိ ပြန်လည်တိုးတက်လာသည်ကို တွေ့ရှိရသည်။ မြန်မာ့ရုပ်ရှင် ပြန်လည်ဦးမော့လာရေးအတွက် နိုင်ငံတော်အစိုးရ၏ အားပေးပံ့ပိုးမှု၊ ရုပ်ရှင်အစည်းအရုံး၏ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မှု၊ အရှုံးအမြတ်ကို အဓိကမထား၊ ကိုယ့်နိုင်ငံ ကိုယ့်ရုပ်ရှင်ထွန်းကားရေးအတွက် ရုပ်ရှင်လုပ်ငန်းရှင်တို့မှ စွန့်စွန့်စားစား ရင်းနှီးမြှုပ်နှံထုတ်လုပ်မှု၊ ရုပ်ရှင်အနုပညာရှင်အပေါင်းမှ မလျှော့သောဇွဲလုံ့လဖြင့် လက်ရာမြောက်ဇာတ်ကားများပေါ်ထွက်လာစေရန် အစွမ်းကုန်ကြိုးစားဖန်တီးမှုတို့ကြောင့် မြန်မာ့ရုပ်ရှင်သည် မကြာမီ လမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိတော့မည်ဟု မျှော်လင့်ရသည်။

အကြောင်းကြောင်းကြောင့် ကမ္ဘာမကျော်ပေမယ့် မြန်မာမှာ တကယ်တော်သော ရုပ်ရှင်အနုပညာရှင်ပေါင်း မြောက်မြားစွာရှိပါသည်။ ယခင်ကလည်း ရှိခဲ့သည်။ ယခုလည်းရှိနေသည်။ နောင်လည်းရှိနေဦးမည်မှာ မလွဲ။ သို့ဖြစ်၍လည်း မြန်မာ့ရုပ်ရှင်သည် မပျောက်မပျက် ယနေ့တိုင်တည်ရှိနေခြင်းပါ။ ကမ္ဘာ့မြေပုံပေါ်မှာ မြန်မာနိုင်ငံသည် နိုင်ငံကြီးများနှင့်နှိုင်းစာလျှင် ပိုင်ဆိုင်မှုဧရိယာသေးငယ်သော်ငြားလည်း မျိုးချစ်စိတ်ဓာတ် ပြင်းပြပုံမှာ နိုင်ငံကြီးများထက်သာသည်။ မကြာမီက ကျင်းပသွားသည့် ဆီးဂိမ်းပြိုင်ပွဲ၊ ဘောလုံးပွဲစဉ်တစ်လျှောက် မြန်မာများအားပေးပုံကို ကြည့်ခြင်းဖြင့်သိနိုင်သည်။

မြန်မာ့ရုပ်ရှင်ကို ကောင်းစေချင်၍ ဝေဖန်ကြသည်မှအပ နိုင်ငံသားတိုင်းချစ်ကြသည်။ မြတ်နိုးတန်ဖိုးထားကြသည်။ အကယ်ဒမီပွဲညများတွင်တီဗွီရှေ့ ကမ္ဘာ။ တစ်နိုင်ငံလုံး ထမင်းမေ့၊ ဟင်းမေ့အားပေးပုံများက ထိုအချက်ကို ပုံပြသက်သေထူလျက်ရှိသည်။ နိုင်ငံတကာရုပ်ရှင်များကလည်း တကယ့်ကိုလက်စွမ်းထက်လှသည့်အတွက် မြန်မာနိုင်ငံတွင် မကြာခဏ အင်္ဂလိပ်၊ အမေရိကန်၊ ဂျပန်၊ အိန္ဒိယ၊ တရုတ်၊ ကိုရီးယားစသည့် ဇာတ်ကားများ၏ လွှမ်းမိုးခြင်းကို ခံကြရသည်။ သို့သော် စာရေးသူ၏ရင်ထဲမှာတော့ မြန်မာကားကို ဘယ်ကားမှမမီ။ နိုင်ငံသားတိုင်းလည်း ထို့အတူရှိမည်။



စက္ကန့်နှင့်အမျှ တိုးတက်နေသည့် ကမ္ဘာကြီးမှာ သူ့ထက်သူ နှာတစ်ဖျားသာအောင် ကြိုးစားနေကြသည်။ ပေါ့ပေါ့ဆဆနေ၍မရ။ မြန်မာတို့သည် မညံ့ပါ။ မြန်မာတို့မှာ အနုပညာအရည်အသွေးကောင်း များစွာရှိသည်။ လက်ရှိမြန်မာ့ရုပ်ရှင်လောကကို မျိုးဆက်သစ်လူငယ်များ ကြီးစိုးလျက်ရှိရာ တကယ်တော်သည့် ဝတ္ထု၊ ဇာတ်ညွှန်း၊ ဒါရိုက်တာနှင့် သရုပ်ဆောင်များကား ရေတွက်မကုန်။ ဗီဒီယိုသာ အားခဲပြီး ရုပ်ရှင်ကားများကို စိတ်ဝင်စားမှုအားနည်းနေရာမှ သန်းနှင့်ချီနေသော နှလုံးသားနှင့် နား၊ မျက်စိတို့သည် ရုပ်ရှင်ကားကြီးပေါ်သို့ အာရုံစူးစိုက်လာကြပြီ။ ထိုအချက်ကို မီးမောင်းထိုးပြနေသည်က "ကျွန်မက နှင်းဆီပါမောင်"။

ယနေ့ခေတ် စရိတ်စကကြီးမားသည့်အတွက် ရုပ်ရှင်ကားတစ်ကားဖြစ်ဖို့ရာ မလွယ်ပါ။ ရုပ်ရှင်ရုံအရေအတွက်နည်းပါးပြီး ရုပ်ရှင်ဈေးကွက်ကလည်း ကျဉ်းသည်။ ကျဉ်းသည့်ဈေးကွက်ကိုမှ ရင်းသည့်ထုတ်လုပ်သူအပေါင်းတို့ကို အထူးပင်လေးစားမိသည်။ ထုတ်လုပ်သူရှိမှလည်း ရုပ်ရှင်သည် သက်တမ်းရှည်မည်။ သို့ဖြစ်၍ ထုတ်လုပ်သည့်ကားတိုင်း အောင်မြင်ပါစေ။ အကျိုးအမြတ်ရှိပါစေဟု ဆုတောင်းမိသည်က အခါခါ။

"ကျွန်မကနှင်းဆီပါမောင်" ဇာတ်ကားကို ဦးစိုးသန်း(ထားဝယ်) ဦးစီးသည့် ထားဝယ်ရုပ်ရှင်မှ ထုတ်လုပ်ခဲ့သည်။ ထားဝယ်ရုပ်ရှင်သည် ရုပ်ရှင်စိန်ရတုဝန်းကျင်ကာလတွင် ပေါ်ပေါက်လာခဲ့ပြီး ရုပ်ရှင်ကားကောင်းများ စဉ်ဆက်မပြတ်ထုတ်လုပ်ခဲ့ရာ ထားဝယ်ရုပ်ရှင်မှ ထုတ်လုပ်သည့် "ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင်" ဇာတ်ကားဖြင့် သရုပ်ဆောင် လူမင်း၊ "စေတန်ရဲ့ ကချေသည်" ဇာတ်ကားဖြင့် ဒါရိုက်တာဝိုင်းတို့ အသီးသီး အကယ်ဒမီရရှိခဲ့ကြသည်။ စာရေးဆရာမ ပုညခင်၏ဝတ္ထုကို ဒါရိုက်တာ အကယ်ဒမီဝိုင်းကိုယ်တိုင် ဇာတ်ညွှန်းနှင့်ဒါရိုက်တာအဖြစ် ပုံဖော်ရိုက်ကူးခဲ့သည့် "ကျွန်မက နှင်းဆီပါမောင်" ဇာတ်ကားတွင် မင်းသား အကယ်ဒမီ နေတိုး၊ မင်းသမီး ဖွေးဖွေး၊ ကလေးသရုပ်ဆောင်များဖြစ်ကြသော ဟဲဗီဖြိုး၊ အကယ်ဒမီ ယွန်းယွန်းနှင့် ဝါရင့်ကမ္ဘာရင့် ရုပ်ရှင်အနုပညာရှင်များ ဝိုင်းဝန်းအားဖြည့်ထားရာ ထိုဇာတ်ကား၏ အောင်မြင်ကျော်ကြားမှုအရှိန်အဟုန်ကား ကြောက်ခမန်းလိလိ၊ အားပြင်းသည့် မြားတစ်စင်းအသွင် တွေးထင်မိသည့်အတွက် မြန်မာ့ရုပ်ရှင်လောကမှ အားပြင်းသည့် မြားအစင်းပေါင်းများစွာ ပစ်လွှတ်နိုင်ပါစေဟု ဆန္ဒပြုရင်း။ ။

---

## ဘားအံရေဘေးစခန်း ၁၀ ခုရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်ကြည့်ရှုကာ ရိက္ခာများထောက်ပံ့

**ဘားအံ ဩဂုတ် ၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေမြင့်တက်လာပြီး ဇူလိုင် ၂၉ ရက်တွင် စတင်ကာ ဘားအံမြို့အနိမ့်ပိုင်းရပ်ကွက်များ၌ ရေကြီးနစ်မြုပ်ခဲ့သဖြင့် ဩဂုတ် ၁ ရက်ထိ ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးစခန်း ၁၀ ခုဖွင့်လှစ်ထားရှိခဲ့ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များသည် အဆိုပါရေဘေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်ကြည့်ရှုအားပေးကာ အာဟာရဖြစ်စေသော ကြက်သားဆန်ပြုတ်များ တိုက်ကျွေးခဲ့ကြောင်း သိရသည်။



အဆိုပါ ရေဘေးစခန်းများမှာ ဘားအံမြို့ပေါ်ရှိ ကြားတောရဘုန်းတော်ကြီးကျောင်းစခန်းတွင် အိမ်ထောင်စု ၅၅ စု၊လူဦး ၂၆၃ ဦး၊ မိုးလုံလေလုံအားကစားရုံစခန်းတွင် အိမ်ထောင်စု ၃၄၇ စု၊ လူဦး ၁၆၉၈ ဦး၊ ရွှေယဉ်မျှော်စခန်းတွင် အိမ်ထောင်စု ၂၁၀ စု၊ လူဦးရေ ၁၁၇၄ ဦး၊ အစ္စလာမ်ပရဟိတစခန်းတွင် အိမ်ထောင်စု ၉၇ စု၊ လူဦးရေ ၄၆၄ ဦး၊ အောင်သံလွင်အားကစားကွင်းတွင် အိမ်ထောင်စု ၂၁၃ စု၊ လူဦးရေ ၁၂၁၉ ဦး၊ အ. ထ. က ခွဲ(၃) ကျောင်းစခန်းတွင် အိမ်ထောင်စု ၆၁ စု၊ လူဦးရေ ၃၆၁ ဦး၊ အ. ထ. က(၃)အားကစားရုံစခန်းတွင် အိမ်ထောင်စု ၁၃၄ စု၊ လူဦးရေ ၇၇၀၊ ပြည်နယ်ကမ္ဘဋ္ဌာန်းကျောင်းစခန်းတွင် အိမ်ထောင်စု ၂၀၊ လူဦးရေ ၁၁၃ ဦးအား ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့်အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုအားပေးကာ သက်ကြီးအဘိုးအဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များအား အသုံးအဆောင်ပစ္စည်းများ၊ ကြက်ဥနှင့် အာဟာရဖြစ်စေသောအစားအစာများ၊ ကလေးငယ်များအား ပဲနို့နှင့် မုန့်များ၊ ကြက်သားဆန်ပြုတ်များကို တိုက်ကျွေးခဲ့ကြကြောင်းသိရသည်။

အလားတူ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် တင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဘားအံမြို့နယ်၊ လှာကာကျေးရွာ၊ ကူးဆိပ်ဘုန်းတော်ကြီးကျောင်း ရေဘေးစခန်းရှိ အိမ်ထောင်စု ၂၈ စု၊ လူဦးရေ ၁၄၆ ဦး၊ ဖားပုကျေးရွာ၊(အ. မ. က)ကျောင်းရေဘေးစခန်းရှိ အိမ်ထောင်စု ၅၇ စု၊ လူဦးရေ ၂၃၆ ဦးအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များကို သွားရောက်ထောက်ပံ့ပေးခဲ့သည်။

ဘားအံမြို့ရှိ ယာယီရေဘေးစခန်း(၁၀)ခုတွင် အိမ်ထောင်စု ၁၂၂၂ စုမှ လူဦးရေ ၆၄၄၄ ဦးရှိနေကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

---

## ရေဝင်ရောက်ပါက အမြန်ဆုံးပြောင်းရွှေ့နိုင်ရေး စက်လှေများနှင့် ကယ်ဆယ်ရေးစခန်းများ စီစဉ်ထားရှိ

**တံတားဦး ဩဂုတ် ၃**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်းရှိ ဇရာဝတီမြစ် ဒုဋ္ဌဝတီမြစ်နှင့် ပန်းလောင်မြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများသည် မြစ်ရေတက်ပါက ကျေးရွာများအတွင်း နှစ်စဉ်ရေဝင်ရောက်တတ်သဖြင့် ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများသည် ရေကြီးနစ်မြုပ်မှုရှိပါက ဆုံးရှုံးမှုမရှိစေရေး၊ အမြန်ဆုံးပြောင်းရွှေ့နိုင်ရေးအတွက် စက်လှေများ၊ လှေများ အရန်သင့်ထားရှိပြီး ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရေးတို့အတွက် ကျေးရွာအုပ်စုလိုက် ဩဂုတ် ၂ ရက်မှ စတင်ကာ ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

တံတားဦးမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းသွားသော ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်နှင့် ပန်းလောင်မြစ်တို့ မြစ်ရေမြင့်တက်ပါက ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရန် စီစဉ်ထားရှိမှုများမှာ ဥတည်ကျေးရွာအတွက် ရွှေစည်းခုံဘုရား၊ မယ်နုအုဋ်ကျောင်း၊ ရွှေဟင်္သာဓမ္မာရုံ၊ ဟံသာဝတီကျေးရွာအတွက် လောကထိပ်ဦးဘုရား၊ စန္ဒမုနိဘုရားနှင့် လေးထပ်ကြီးဘုရား၊ မြေငူနှင့် ပုဏ္ဏားခြံကျေးရွာများအတွက် မစိုးရိမ်ဘုန်းကြီးကျောင်းတွင် စီစဉ်ထားရှိပြီး စက်လှေအကြီး သုံးစင်း၊ ဇီးပင်ကွေ့ကျေးရွာတွင် စက်လှေ ၁၅ စင်းအထိ စီစဉ်ထားရှိသည်။

ယင်းအတူ မြစ်ရိုးများတစ်လျှောက်ရှိ ဘလဲဘ၊ အုတ်ကျွတ်ဖို၊ ဝက်တိုးကန်၊ မီးသွေးတိုက်၊ အပြင်စံရာ၊ ဆင်ကျုံး၊ ဂန္ဓဂရာဇ်၊ ငါးရာပြား၊ ကျီးပင်၊ ဈေးချိုး၊ ဇီးပင်ကွေ့၊ လက်ဆောင်ယူ၊ ဥယျာဉ်၊ ခေါင်းကွဲ၊ သင်ပန်း၊ ပန်းယျ၊ တပယ်၊ စကားအင်း၊ ထောက်ရစ်၊ လက်ပန်ဇင်၊ အမှတ်(၁)ရပ်ကွက်များအတွက်လည်း နီးစပ်ရာဘုန်းကြီးကျောင်းများ၊ ဓမ္မာရုံများ၊ ဘုရားစေတီများတွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ရန် စီစဉ်ထားရှိကြောင်း၊ လှေများ၊ စက်လှေများ အရန်သင့်ထားရှိပြီးဖြစ်ကြောင်းကိုလည်း ကျေးရွာပြည်သူများအား ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက တွေ့ဆုံကာ အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

တံတားဦးမြို့နယ်အတွင်း ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာအချို့တွင် မြစ်ရေမြင့်တက်မှုကြောင့် ကျေးရွာများအတွင်းသို့ ရေဝင်ရောက်လျက်ရှိသော်လည်း အနည်းငယ်သာဝင်ရောက်သေးသောကြောင့် ကယ်ဆယ်ရေးစခန်းများသို့ ကျေးရွာသူ၊ ကျေးရွာသားများမှ ရွှေ့ဆိုင်းခြင်းမရှိသေးကြောင်း၊ ဩဂုတ် ၂ ရက်တွင်လည်း ကျေးရွာအတွင်း ဝင်ရောက်နေသော ရေမှာ နှစ်လက်မခန့်ကျဆင်းသွားကြောင်း၊ ရေဝင်ရောက်မှုအခြေအနေများကိုလည်း အမြဲမပျက် စောင့်ကြည့်လျက်ရှိကြောင်း၊ ရေတက်လာပါက အရန်သင့်ပြောင်းရွှေ့နိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

ရွှေအိုးစည် 50% DISCOUNT ခရီးစဉ်
■ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (စွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်) 60000/-
[အဆင့်မြင့် 2Star ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး၊ သောကြာညထွက်-တနင်္လာနံနက်ပြန်ရောက်/ရုံးခွင့်ယူရန်မလို]
■တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်းဂူ၊ ကက္ကူ။
[အဆင့်မြင့်ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး၊ သောကြာညထွက်-အင်္ဂါနံနက်ပြန်ရောက်] Aug 7,14
၂၂၅၊ ဟန်းဆိုးတန်း၊ လမ်း၊ အထက်လမ်း၊ ရန်ကုန်မြို့။ 373275, 708342, 0949219404

B.L.T Travels
ရွှေတောင်ပြုံးသီးသန့် 30000
တောင်ပြုံး ရွှေစေး မြင်းခိုအျှင် 35000
တောင်ပြုံးရွှေစေးအစ်ကိုင်းခံရွှာ 45000
ရွှေတောင်ပြုံး ပုဂံ၊ ပုပ္ပါး 45000
09-73163538, 09-31785622

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၃၇၇-ခုနှစ်ဝါခေါင်လဆန်း(၁)ရက် ၁၆-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီမှ ၁၂နာရီထိ အမှတ် ၂၀-၂၁(ဃ)"ပ"သုံးလုံးဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ်ဓမ္မာရုံ၊ ကြားတောရလမ်း၊ ဗဟန်း (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်)တွင် ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယာ ဘဒ္ဒန္တဇောတိက(အိမ်တော်ရာဝင်း ရွှေတည်ကျောင်း ဆရာတော်)နှင့် ဒဂုံမြို့နယ် အိမ်တော်ရာဝင်း ညောင်ရိုးသာကျောင်း ဒိုက်ဦးဆရာတော် ဦးပညာစက္ကတို့အား အမှူးပြု၍ သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် ဆွမ်း၊ခဲဖွယ်၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းပြီး ကြွရောက်အားပေးလှူဒါန်းနိုင်ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကွယ်လွန်သူ ဦးဆောင်နာယကကြီး ဦးဘစောအား ရည်စူး၍ ကျန်ရစ်သူမိသားစုမှ သံဃာတော်များအား နေ့ဆွမ်းကပ်လှူပူဇော်၍ ဧည့်ပရိသတ်များ အား ဧည့်ခံကျွေးမွေးပါမည်။

**ဆက်သွယ်လှူဒါန်းရန်-ဦးမောင်မောင်ဌေး(၀၁-၃၇၃၉၇၇)၊ ဦးတင်နု(၀၉-၂၅၃၂၄၁၄၈၉)၊ ဦးကျော်ဝင်း(၀၉-၇၃၀၅၇၆၇၉)၊ ဒေါ်တင်တင်အုန်း(၀၉-၄၂၈၀၄၄၅၆၇)၊ ဒေါ်အုံးမြင့်(၀၉-၂၅၄၅၄၈၉၄၆)၊ ဒေါ်သန်းသန်းထွေး(၀၉-၅၁၆၆၄၅၄)၊ ဦးလှမြင့်(၀၉-၄၅၀၀၃၉၃၄၃)၊ ဦးဝင်းမြင့် (၀၉-၄၉၂၇၆၇၄၆)၊ ဒေါ်ခင်အေးသန်း(၀၉-၅၁၆၁၆၈၇)၊ ဒေါ်ကြွယ်ကြွယ်(၀၉-၄၉၂၅၅၇၃၂)**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၂/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-037(15-16) | Derrick Shaker Screens (6)Items Ex ZJ 50D Drilling Rigs | US$ |
| (၂) | IFB-038(15-16) | Gun Drill Reammer (2)Nos | US$ |
| (၃) | IFB-039(15-16) | Spares for EMSCO Drive Group (3) Items | US$ |
| (၄) | IFB-040(15-16) | Spares for HDD Rig (19)Items | US$ |
| (၅) | IFB-041(15-16) | Spares for Rotating Accessories (13) Items | US$ |
| (၆) | IFB-042(15-16) | Spiral Integral Blade Stabilizer and Inside BOP (3)Items | US$ |
| (၇) | IFB-043(15-16) | Assorted Sizes of Rotary and Hydraulic Hoses (11)Items | US$ |
| (၈) | DMP/L-006(15-16) | Oil Suction and Discharge Hose Pipe (2)Nos | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁-၉-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

KMD Computer Centre
Microsoft Official Learning Partner
Microsoft အသိအမှတ်ပြု Network Engineering သင်တန်း နှင့် Software Engineering သင်တန်း
• ကွန်ပျူတာအခြေခံရှိသူတိုင်းတက်ရောက်နိုင်ပါသည်။
• သင်တန်းပြီးဆုံးပါကလုပ်ငန်းခွင်သင်တန်းတက်ရောက်နိုင်ပါသည်။
• အမှန်တကယ်လုပ်ငန်းခွင်ဝင်နိုင်ပါမည်။
သင်တန်းသား၁၂ဦးသာတက်ရောက်ခွင့်ပြုပြီး Certificate (၂)ခုရရှိမည့် သင်တန်းများဖြစ်သည်။

| Network Engineering တန်းခွဲသစ်များ | | Software Engineering တန်းခွဲသစ်များ |
|---|---|---|
| 15 - Aug - 2015<br>2:00pm - 5:00pm<br>(Sat & Sun) | 18 - Aug - 2015<br>3:00pm - 5:40pm<br>(Mon - Fri) | 26 Aug 2015 (Wed)<br>1:00am - 4:00pm (Mon - Fri) |

၁၇၄-၁၈၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၃၈၀၀၃၅၊ ၃၉၁၂၈၆၊ ၃၈၀၇၇၆။
၃၃၁၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ ဖုန်း - ၅၂၇၄၃၆၊ ၅၁၄၁၇၀၊ ၅၀၂၂၃၃။

အခွင့်အလမ်းဂျာနယ် အမှတ်စဉ်(၅၁၀)ပြည့် အထိမ်းအမှတ်အထူးထုတ်
■ ပါမောက္ခဒေါက်တာအောင်ထွန်းသက်
■ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)
■ မောင်ရေအေး(ဟားဗတ်တက္ကသိုလ်)
■ ဒေါက်တာထွန်းဝင်း
■ ဒေါက်တာမောင်မောင်စိုး(ဘောဂဗေဒ)
■ အုန်းထပ်(ရန်ကုန်တက္ကသိုလ်)
■ ဒေါက်တာကျော်ဝင်း
■ မင်းခေါင်(EMPA-8)
■ ရဲမြင့်(ရွှန်းဦးတီထွင်)
■ ယင်းသိုက်ညွန့်(မြန်မာ့မြေ) တို့၏
HOW TO BUILD PERSONAL BRAND အကြောင်း ဆောင်းပါးများနှင့်အတူ
အခွင့်အလမ်း ဂျာနယ် Opportunity Journal
ထွက်ပြီ


Myanmar Book Centre
(Supplying the World's Knowledge)
BNF 69: The authority on the selection and use of medicines
Shop I : No. 55, Baho Road, Ahlone Township. Tel: 221 271, 09-730 15993
Shop II : No. 561-567, Room (3), MAC Tower 1, Merchant Road.
Tel: 370 532, 384 508
Mandalay : Room No. 110, Level-3, Yadanapon Diamond Plaza.
Tel: 09 7300 2698



ကြော်ငြာ

NEW MOTION TRAVELS & TOURS
Escape From Everyday Life...
သီရိလင်္ကာ Aug 25-31
မြတ်စွယ်တော်ဖူးဖော်ပွဲ
(ကိုလံဘို-အနုရာဓပူရ-ပေါလောနရုဝ-ကန္ဒီ)
Thai Airways ဖြင့် သွားရောက်ပြီး
4 Star ဟိုတယ်များတွင် တည်းခိုကာ ကြံဖောင့်ကြံ
စွယ်တော်လှည့်လည်ပွဲအား အထူးတန်းထိုင်ခုံမှ
ကြည်နူးဝမ်းသာစွာ ဖူးမြော်နိုင်မည့် ခရီးစဉ်
အမေရိကား Oct-28
အင်္ဂလန်-စပိန် Sep-07
ဗန်ကောက် Aug-12, Sep-23
ဥရောပ Sep-14
စင်္ကာပူ Aug-20, Sep-25
စကန်ဒီနေဗီးယား Sep-10
No.15, First Floor, Kyun Taw Rd, Sanchaung Tsp, Yangon. Ph; 01 523253, 508124, 09 73148933-44-55-66

ချစ်မြေးလေးရွှေပြည့်ဖြိုးမောင်(ခ)MORRIS
အတွက်
(၄)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်းလွှာ
၄-၈-၂၀၁၅ရက်တွင်ကျရောက်သော
ချစ်မြေးလေး
ရွှေပြည့်ဖြိုးမောင်(ခ)MORRIS ရဲ့
(၄)နှစ်ပြည့် မွေးနေ့မှသည်
နှစ်ပေါင်းရာကျော်တိုင်အောင်
ကျန်းမာချမ်းသာစွာနှင့်
ထူးချွန်ထက်မြက်လိမ္မာသော
သားလေးဖြစ်ရပါစေကြောင်း။
ချစ်ဘိုးဘိုး-ချစ်ဘွားဘွား
ဦးမန်းစိမ်း-ဒေါ်စိန်စိန်ဝင်း
ချစ်ဘကြီး ကိုဝေဖြိုးအောင်-မကြည်ကြည်အောင်

မျိုးမြတ်သူ ACExpress နေ့လယ်ပိုင်းတင် ညပိုင်းတင်
8 Aug ငွေကျိုက်ရောက်ခွန်ကျိုက်ထီးဆောင်း
နေ့လည်/ညစာ(ငြိမ်း) 22500
15.8 ဝဋ္ဋလေးဘုရားဖူးကျောက်စိမ်းဘုရား 31500
09254058712, 09 31568500 လက်မှတ်ပို့ပေးသည်

ဟိန်း
01-293159
01-9000293
09-5160048
www.heincarrental.com

ရောင်းရန်ရှိသည်
၁။ ပြည်လမ်းမတန်း(၅မိုင်) ပေ(၅၅×၉၀)ပေါ်ရှိခေတ်မီနှစ်ထပ်တိုက်သစ်
၂။ ကမ္ဘာအေးဘုရားလမ်းမတန်း(ဗဟန်း) ပေ(၂၈×၉၀)(မြေ)
၃။ ပါရမီလမ်းမတန်း ပေ(၄၀×၆၀)
၄။ ကမ္ဘာအေးဘုရားလမ်းမတန်း(မရမ်းကုန်း) ပေ(၂၀×၅၅)
၅။ ဝေဇယန္တာလမ်းမတန်း ပေ(၂၀×၆၀)
ဆက်သွယ်ရန်-မွေးမြန်မာတိုက်အိမ်ခြံမြေရောင်းဝယ်ရေး ဝန်ဆောင်မှုလုပ်ငန်း
အမှတ်-၃၄၊ ကျောက်မြောင်းဈေးလမ်း၊ ဖုန်း-၅၅၇၂၃၆၊
၀၉-၅၀၂၂၁၅၉၊ ၀၉-၅၀၄၉၀၆၆၊ ၀၉-၅၀၃၅၅၂၈၊ ၀၉-၄၃၀၄၃၅၅၅

မိတ်ချွေသင်္ဘောရောင်း Virgin Land နှင့် သိမ်းသွားစို့
* ပြည်တွင်း၊ ပြည်ပ ခရီးသည်များ စီစဉ်ပေးခြင်း။
* ပြည်တွင်း၊ ပြည်ပ ဟိုတယ် Booking စီစဉ်ပေးခြင်း။
* ပြည်တွင်း၊ ပြည်ပ လေယာဉ်လက်မှတ်များ စီစဉ်ပေးခြင်း။
* ဗီဇာလျှောက်/သက်တမ်းတိုးပေးခြင်း၊ ကားစီးလုံးငှားရမ်းခြင်း။
Ph : 01-8610252, 09-5123793, 09-261027002

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

သိန်းရာသီ ဝမ္မဒါန
တောင်ပြုံး မန္တလေး ပြင်ဦးလွင်
☎ 420144148, 421153797

ဆရာဒွေး နှင့် ဆရာမဒေါ်ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးအသား
Speaking နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
Ph: 01-375970, 0951 72096, 09254541441

ဆွဲကြိုးသုပ် ပေါ်ဆန်းမွှေးဆန်ဆိုင်
မွှေးတာလဲဟုတ်၊ ကောင်းတာလဲဟုတ်
သားသားကြိုက်အုပ်၊ အဲဒါပွဲတော်အုပ်၊
ပွဲတော်အုပ်လေးကောင်းလိုက်တာ၊
မှာလိုက်ပါနော်မေမေ။
အရောက်ပို့မယ်၊ မြန်မြန်လေး။
☎ 01-512443, 09-73017656, 09-32380867

ဒေါ်တင်လှိုင် B.A(Eng) ဦးစီးသော
SUPER-A-ONE အင်္ဂလိပ်စကားပြော
Interview (ခ)ဝင်၊ နိုင်ငံခြားသွား(ခ)သာ အခြေခံအဆင့်မြင့်(ခ)သာ
Tourism, Hotel, Company, Student Visa, Grammer
သဒ္ဒါ အထူးသီးသန့် ☎ 511231
တိုက်(၁)အခန်း(၂၂)ပ-ထပ်၊ လှည်းတန်းမီးပွိုင့်အနီး

# ရန်ကုန်မြို့ တာမွေမြို့နယ်၊ တာမွေပလာဇာဟုခေါ်တွင်သည့်အဆောက်အအုံရှိ ဆိုင်ခန်းများလွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် တာမွေပလာဇာကိုဖွင့်လှစ်ခြင်းမပြုရန် ယာယီအားဖြင့် နောက်ထပ် ဤရုံးမှအမိန့်တစ်စုံတစ်ရာမချမှတ်မီအတွင်းရပ်ဆိုင်းစေရန် ရန်ကုန်တိုင်းဒေသကြီး တရားရုံးတော်မှ အမိန့်-၃၉၊ နည်း-၁အရ ထုတ်ဆင့်ထားသော ယာယီတားဝရမ်းအမိန့်ကို ဖောက်ဖျက်ကျူးလွန်နေသူများနှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာခြင်း

အထက်ပါကိစ္စနှင့်ပတ်သက်၍ First Property Holding Pte.Ltd(FPH)က တရားလိုပြုလုပ်၍ တရားပြိုင်များဖြစ်သော(၁)ဦးမျိုးညွန့်(ခ)မိုက်ကယ်ညွန့်၊ (၂)ဒေါ်နန်းထွေးခမ်းညွန့် (၁)တရားပြိုင်၏ ဇနီး၊ (၃)ဦးစိုးအောင်တို့အပေါ် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်-၂၂၇၅/၂၀၀၄(ယခုရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ်-၂၅/ ၂၀၁၁)တွင် "တာမွေပလာဇာကို လက်ရောက်ရလိုကြောင်းသီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၉အရ" တရားစွဲ ဆိုထားပါသည်။

အမှုအတောအတွင်း တရားလို FPH ကုမ္ပဏီမှ တရားမကျင့်ထုံးဥပဒေအမိန့်-၃၉၊ နည်း-၁အရ ယာယီတားဝရမ်းထုတ်ဆင့်ပေးပါမည့်အကြောင်း လျှောက်ထားချက်ကိုကြားနာပြီးလျှင် ရုံးတော်မှ ၂၅-၂-၂၀၀၅ရက်စွဲပါအမိန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေပလာဇာဟုခေါ်တွင်သည့် အဆောက်အအုံရှိဆိုင်ခန်းများ လွှဲပြောင်းခြင်းမပြုရန်နှင့် တာမွေပလာဇာကိုဖွင့်လှစ်ခြင်းမပြုရန် ယာယီအားဖြင့်နောက်ထပ်ဤရုံးမှအမိန့်တစ်စုံတစ်ရာမချမှတ်မီအတွင်း ရပ်ဆိုင်းစေသည့် ယာယီတားဝရမ်းထုတ်ဆင့်တားမြစ်ပေးခဲ့ပါသည်။ (အဆိုပါယာယီတားဝရမ်းအမိန့်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် မည်သည့်အထက်တရားရုံးကမျှ ပယ်ဖျက်ခြင်းမရှိသေးဘဲ ယနေ့တိုင်အတည်ဖြစ်လျက်ရှိပါသည်။)

သို့သော် ဦးမျိုးညွန့်(ခ)မိုက်ကယ်ညွန့်နှင့်ဒေါ်နန်းထွေးခမ်းညွန့်တို့က ယာယီတားဝရမ်းအမိန့်ကို ချိုးဖောက်ဆောင်ရွက်လျက်ရှိနေကြောင်းခိုင်လုံသောအထောက်အထားများအရ မြင်တွေ့သိရှိလာသောကြောင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမအထွေထွေမှုအမှတ်-၆၇/၂၀၁၄တွင် တရားမကျင့်ထုံးဥပဒေအမိန့်-၃၉၊ နည်း-၂(၃)(၄)တို့အရ ယာယီတားဝရမ်းအမိန့်ကိုချိုးဖောက်မှုဖြင့်တရားစွဲဆိုထားပြီး လျှောက်ထားသူ(FPH)ကုမ္ပဏီ၏ အခွင့်ရကိုယ်စားလှယ်အား စတင်စစ်ဆေးနေပြီဖြစ်ပါသည်။

ထိုဖြစ်စဉ်အတွင်းတာမွေမြို့နယ်ရှိ တာမွေပလာဇာအား (ငြမ်းများတပ်ဆင်၍ကြွေပြားများကပ်ခြင်း၊ သံပန်းများ၊ ပြတင်းပေါက်များပြင်ဆင်ခြင်း၊ အတွင်းပိုင်းတွင် လျှပ်စစ်မီးတပ်ဆင်ခြင်း၊ ဓာတ်လှေကားများပြင်ဆင်ခြင်း၊ အဲကွန်းလိုင်းများတပ်ဆင်ခြင်း)စသည်တို့ပြုလုပ်နေကြောင်း ဤကြေညာထည့်သွင်းသည့်နေ့ထိ ထင်ထင်ရှားရှားမြင်တွေ့သိရှိနေရပါသည်။

ထိုသို့လုပ်ဆောင်မှုများမှာ ရန်ကုန်မြို့တော်၊ စည်ပင်သာယာရေးဥပဒေပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ရာ ရောက်စေသည့်အပြင် တရားရုံးတော်မှချမှတ်ထားသော အမိန့်ကိုလည်း မထီမဲ့မြင်ချိုးဖောက်ရာရောက်စေသဖြင့် FPH ကုမ္ပဏီအဖို့ များစွာနစ်နာဆုံးရှုံးနေရပါသည်။

FPH ကုမ္ပဏီ၏နစ်နာဆုံးရှုံးမှုများအတွက် ဥပဒေနှင့်အညီဆောင်ရွက်ဖွယ်ရှိသည်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**(FPH) ကုမ္ပဏီ၏အခွင့်ရကိုယ်စားလှယ်ဦးတင်မောင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**Law Office of WYNN & WIN**

ဦးတက်ဝင်းမြင့်
B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၅၃/၈၀)

ဒေါ်ဥမ္မာလွင်(စဉ်-၄၂၉၄၅)
LL.B

ဒေါ်သီသီလှိုင်(စဉ်-၄၁၅၂၈)
(LL.B, D.M.L)

ဒေါ်ထွေးဆုပိုင်စိုး(စဉ်-၄၅၉၈၀)
(LL.B)

အထက်တန်းရှေ့နေများ
အမှတ်-၁၀/၁၂ ပထပ်၊ အခန်း(B-5) ၃၅လမ်း၊ (လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၂၅၀၇၉၇၀၇၇၊ ၀၉-၇၉၅၂၄၉၉၀၀

ကြော်ငြာ


## ဖ၈ နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဖ၈

(၇)ရက်ခရီး - သီရိလင်္ကာ (စွယ်တော်ပွဲ) + ဘန်ကောက် (မြဘုရား) → (၁၅)သိန်း(၅)သောင်း (စရိတ်ငြိမ်း) (၁၈.၈.၂၀၁၅) ထွက်မည်။
(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန၊ အဝိဇဟိတသုံးဌာန (အိန္ဒိယ - နီပေါ) (ဟိုတယ်(၄)ည) → (၉)သိန်း(၉)သောင်း
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ၊တပ်ချ်မဟာ (ဟိုတယ်(၆)ည) → (၁၁)သိန်း

**နီလာဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ ၂၀၁၅-၁၆နှစ်အတွက် အထူးဝန်ဆောင်မှုဟာစီအစဉ်သစ်**

**အထူးဆု-ကျပ်သိန်း(၁၀၀)တန် ကားသစ်ကြီး (၁)ဆုနှင့် အခြားဆုမဲများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။**

- ဗုဒ္ဓဂယာတွင် မဟာဗောဓိစေတီနှင့်အနီးကပ်ဆုံး ခါတ်လှေကားပါ 2 Star ဟိုတယ်၌ တည်းခိုပြီး၊ နယူးဒေလီ 4 Star နှင့် အာဂရာ 3 Star အဆင့်ရှိ ဟိုတယ်တွင် တည်းခိုပါမည်။
- ညမောင်းခရီးစဉ် လုံးဝမရှိပါ၊ ခရီးစဉ်တိုင်း လေယာဉ်ပေါ်တွင် အဖွဲ့ခေါင်းဆောင်တစ်ဦးပါဝင်ပါမည်။
- ဘုရားဖူးလိုက်ပါသူတိုင်း India GSM Sim Card တစ်ကဒ် လက်ဆောင်အပြင် လမ်းခရီးတွင် စားသောက်ရောများကို လိုလေသေးမရှိ ပြည့်စုံစွာ ကျွေးမွေးစည့်ခံသွားပါမည်။
- မဟာဗောဓိစေတီတွင် မြတ်ဗုဒ္ဓအားရည်စူး၍ ယာနာနိုဒွမ်း ပန်းရေချမ်းများကို ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားရှိပါသည်။

**ဗုဒ္ဓဂယာ ခရီးစဉ်တွင် (၁၁)ဦးစုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။**

ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။

**အပတ်စဉ် (အင်္ဂါ၊ သောကြာ) နေ့တိုင်းခရီးစဉ်ထွက်ရှိပါသည်။**

အမှတ် - ၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၀၂၀၅၂၉
GAYA Office-Rajapur Buddha Gaya Pin-824231, Mobile:+918292790371



LMA တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 006583 (0115)

## လွင်မြင့်အောင်
အမှတ်တံဆိပ်

**မြင်းခွာရွက် လက်ဖက်ခြောက်**



**အကျိုးအာနိသင်**

- အသားအရေတင်းရင်းလှပစေခြင်း။
- အရေးအကြောင်းများလျော့ပါးစေခြင်း။
- အနာကျက်မြန်စေခြင်း။
- သွေးလည်ပတ်မှုအားကောင်းစေခြင်း။
- သွေးကြောများကျဲ့နိုင်မှုကို ကူညီထိန်းသိမ်းပေးခြင်း။
- ဦးနှောက်ကြည်လင်မှတ်ဉာဏ်ကောင်းစေခြင်း။
- စိတ်ဖိစီးမှုလျော့နည်းစေခြင်း။
- လန်းဆန်းခွန်အားဖြစ်စေခြင်း။
- ဆီးရွှင်ခြင်း။

မြင်းခွာရွက်အခြောက်၊ မြင်းခွာရွက်အဆီ၊ လက်ဖက်ခြောက်တို့ဖြင့်ဖြူစင်စွာထုတ်လုပ်ထားပါသည်။


ISO 9001:2008 နှင့် GMP လက်မှတ်ရ လွင်မြင့်အောင် အင်ဒတ်စထရီရယ်(လ်) ကုမ္ပဏီလီမိတက်
အမှတ် (၁၃၀/၇)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၅၄၈၈၇၄၊ ၀၁-၅၄၆၅၃၄ မှ ထုတ်လုပ်သည်။

အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များနှင့် စိန်ဂေဟာ အရောင်းဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။



ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော

## MECHANICAL CAR PARKING











TPW

No. (31), Room (5), 7 Miles,
Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။


**သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး**


ဆီးချိုသွေးချိုရှိသူများအတွက် No.1 ဖြည့်စွက်အာဟာရမှုန့် Diabetasol မှ ဖုန်းငွေဖြည့်ကတ်များ လက်ဆောင်ရယူလိုက်ပါ....

## Diabetasol®
Diabetes Nutrition Solution

ဆီးချိုသွေးချိုရှိသူများ၏ အာဟာရအတွက်
အသင့်တော်ဆုံးရွေးချယ်မှု ....







နမူနာခါတ်ပုံ




**လိုအပ်ချက်**

- အသုံးပြုပြီးသော Diabetasol ဘူးခွံ (၂) ခု
- ၄င်း ဘူးခွံ အပေါ်ဘက် အဖုံးနေရာတွင်... အမည်၊ မိဘိုင်းဖုန်းနံပါတ်၊ လိပ်စာ အပြည့်အစုံတို့ကို မိမိကိုယ်တိုင် လက်ရေးဖြင့် ရေးသားပါ။

**ပေးပို့ရန်နည်းလမ်း**

အမည်၊ မိုဘိုင်းဖုန်းနံပါတ်၊ လိပ်စာအပြည့်အစုံ ရေးသားထားသော ဒိုင်ယာဘီတစော အခွံနှစ်ခုကို လက်ကိုင်ဖုန်းဖြင့် နမူနာပုံအတိုင်း ဓာတ်ပုံရိုက်ပြီး ဖုန်းနံပါတ် - 09 960768858 သို့ Viber ဖြင့် ပေးပို့နိုင်ပါသည်။

- ပထမဦးဆုံး ပေးပို့သူ အယောက် ၁၀၀၀ မှ ဖုန်းငွေဖြည့်ကတ် 5000 ကျပ် ရရှိမည့်အထူးအခွင့်အရေး
- ဒုတိယ ပေးပို့သူ အယောက် ၁၀၀၀ မှ ဖုန်းငွေဖြည့်ကတ် 3000 ကျပ် ရရှိမည့်အထူးအခွင့်အရေး

(မှတ်ချက်။ ။ဓာတ်ပုံရိုက်ရာတွင် မိမိရေးသားထားသော အချက်အလက်များ ပေါ်လွင်ထင်ရှားရပါမည်။)

*Promotion* ကာလမှာ ....
ဩဂုတ်လ နှင့် စက်တင်ဘာလ (၂) လတည်းသာဖြစ်ပါသည်။

KALBE Customer Care 01-2399800

KALBE

# ပညာရေးအဆင့်အတန်းမြင့်မားရန် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ပညာအရည်အသွေးသည် အရေးကြီး

**နေပြည်တော်   ဩဂုတ်   ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် လားရှိုးမြို့သို့ရောက်ရှိပြီး အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းတို့မှ ဆရာ ဆရာမများ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် သီးခြားစီတွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲများသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် လားရှိုးမြို့ အမှတ်(၈)နှင့် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က သက်ဆိုင်ရာကျောင်းများအလိုက် ကျောင်းသမိုင်းအကျဉ်းနှင့် ပညာရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မိဘဆရာအသင်းဝင်များနှင့် ကျောင်းအကျိုးတော်ဆောင်များက သက်ဆိုင်ရာကျောင်းများအလိုက် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့မှုနှင့် စာသင်ဆောင်လိုအပ်မှု၊ သင်ထောက်ကူလိုအပ်မှုနှင့် ဆရာ ဆရာမလိုအပ်မှု

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

# ကလေးမြို့ ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ စဉ်ဆက်မပြတ် ပေးပို့လျက်ရှိ

**ရန်ကုန်   ဩဂုတ်   ၃**

ကလေးမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ထောက်ပံ့ပစ္စည်းများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Air KBZ လေကြောင်းလိုင်း၏အခမဲ့ အစီအစဉ်ဖြင့်စဉ်ဆက်မပြတ်ပေးပို့နေကြောင်း အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

ထိုသို့ အခမဲ့ပို့ဆောင်ပေးမှုကို ဩဂုတ်၁ ရက်မှစတင်ခဲ့ပြီး ကမ္ဘောဇဘဏ်လီမိတက် (အနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်း)၊ ဝေဠုကျော်ဖောင်ဒေးရှင်း၊ အောင်မြင်သူ ကုမ္ပဏီများအုပ်စုတို့နှင့်အတူ ပရဟိတအသင်းအဖွဲ့များက ကလေးမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ဆေးဝါး၊ စားသောက်ကုန်နှင့်အဝတ်အထည်များကိုကယ်ဆယ်ရေးစခန်းများအထိလိုက်လံ၍စဉ်ဆက်မပြတ် ထောက်ပံ့မှုများ ပြုလုပ်နေကြောင်း သိရသည်။

"KBZ Group နဲ့အတူပူးပေါင်းဆောင်ရွက်နေတာပါ။ ရေဘေးသင့်ပြည်သူတွေအတွက် ဆန်အိတ်တွေနဲ့ အဝတ်အထည်တွေအပြင် ဆေးဝါးပစ္စည်းတွေလည်းပါတယ်။ Air KBZ အကူအညီနဲ့ ဩဂုတ် ၁ ရက်ကတည်းက နေ့တိုင်းထောက်ပံ့ပစ္စည်းတွေကို သယ်လာပြီး ကယ်ဆယ်ရေးစခန်းတွေအထိ သွားရောက်ထောက်ပံ့မှုတွေ လုပ်နေပါတယ်။ နောက်ထပ်လည်း ထောက်ပံ့မှုတွေအပြင် အဖွဲ့က

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဂိုတ)



## ရေဘေးသင့်ဒေသများအတွက် လှူဒါန်းပစ္စည်းများအား တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ သင်္ဘောများဖြင့် ကူညီပို့ဆောင်ပေးမည်

စာ » ၈

## ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိ

စာ » ၁၀

# ဧရာဝတီတိုင်းဒေသကြီး မြို့နယ်ခုနစ်မြို့နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်

**ရန်ကုန်   ဩဂုတ်   ၃**

မြန်မာနိုင်ငံတွင် မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်ခုနစ်မြို့နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"အခုမိုးက အဆက်မပြတ်ရွာတဲ့အတွက် ဟင်္သာတ၊ မြန်အောင်၊ ဓနုဖြူ၊ ညောင်တုန်း၊ မအူပင်၊ သာပေါင်းနဲ့ ကြံခင်းမြို့တွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်လာလို့ ရေဝင်တဲ့ အိမ်ထောင်စုတွေကို ရေဘေးလွတ်ရာမှာ ပူးပေါင်းကော်မတီဖွဲ့ပြီး ရွှေ့ပြောင်းပေးနေရပါတယ်။ ဒီလိုရွှေ့ပြောင်းတဲ့နေရာမှာလည်း ဘေးလွတ်ရာကို ပူးပေါင်းအဖွဲ့တွေက ပြောင်းပေးရသလို အချို့ကလည်း ကိုယ့်အစီအစဉ်နဲ့ကိုယ် ပြောင်းကြတယ် ။ ခုတော့ ရေဝင်ရောက်တဲ့ အိမ်တွေက မိသားစုတွေအားလုံး ဘေးလွတ်ရာကို ပြောင်းရွှေ့ပေးပြီးပါပြီ"ဟု ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သို့ရာတွင် အချို့ရေဝင်ရောက်သည့်အိမ်ထောင်စုများမှာမူ အိမ်ထဲသို့ ရေဝင်ရောက်၍ ရေများသည့်တိုင်အောင် ရွှေ့ပြောင်းခြင်းမရှိဘဲ အိမ်ထဲတွင်သာ ဆင့်ထိုး၍ နေထိုင်ခြင်းများလည်းရှိကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

"ဒီဒေသကလူတွေက ရေမကြောက်ကြတော့ဘူး။ ဒီလောက်ရေတက်လာတာကို သက်ဆိုင်ရာက သတိပေးရွှေ့ပြောင်းခိုင်းတာကို သူတို့အိမ်ကိုမထားခဲ့ချင်လို့ မပြောင်းတာတွေလည်းရှိတယ်။ တစ်ထပ်အိမ်ကို တစ်ဝက်ကျော်ရေနစ်နေတာတောင် ခေါင်မိုးနားကပ်ပြီး ဆင့်ထိုးနေကြတယ်။ သက်ဆိုင်ရာက အခုချိန်ထိ အဲဒီလိုအိမ်တွေကိုလိုက်ရှာပြီး ကယ်ဆယ်ရေးစခန်းကို ပို့ဖို့လုပ်နေရတယ်"ဟု ဟင်္သာတမြို့ခံတစ်ဦးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်အချို့တွင် မြစ်ရေသည် ဇူလိုင် ၃၁ ရက်မှစတင်ကာ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ဟင်္သာတမြို့သည် စိုးရိမ်ရေမှတ်၏အထက် နှစ်ပေကျော်ခန့်အထိ ရောက်ရှိနေကြောင်း သိရသည်။

**(သီဟသူ)**




themirror.npt@gmail.com
www.facebook.com/themirrordaily